# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၅) ရက်၊ သောကြာနေ့၊ (28-10-2022)၊ အတွဲ (၃၁)၊ အမှတ် (၁၈၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများကို သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဦးစွာ သီလဝါအထူးစီးပွားရေးဇုန် ဖြစ်ပေါ်တိုးတက်မှုနှင့်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲနိုင်ထွန်းက ရှင်းလင်းတင်ပြပြီး သီလဝါအထူးစီးပွားရေးဇုန်ဆိုင်ရာဗီဒီယိုဖိုင်ကို ပြသသည်။ ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက သီလဝါအထူးစီးပွားရေးဇုန်လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံရသော အခက်အခဲများအပေါ် နိုင်ငံတော်က ဖြေရှင်းဆောင်ရွက်ပေးမှုအခြေအနေများ၊

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ KUBOTA Myanmar Co.,Ltd. စက်ရုံအတွင်း၊ လှည့်လည်ကြည့်ရှုစဉ်။




ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်
အယ်ဒီတာ့အာဘော်

# မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး

ကမ္ဘာပေါ်တွင် နေထိုင်ကြသော သက်ရှိသတ္တဝါများထဲတွင် လူသားတို့သည် ဉာဏ်ရည်အထက်မြက်ဆုံးနှင့် အစွမ်းဆောင်နိုင်ဆုံးသော သတ္တဝါများဖြစ်သည်။ ဘဝပေးအကြောင်းအမျိုးမျိုးကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်း ချို့ယွင်းအားနည်းမှုများ ရှိခဲ့လျှင်သော်လည်း ဉာဏ်ရည်အစွမ်းအစ၊ ကျန်အင်္ဂါအစိတ်အပိုင်းတို့ဖြင့် ဘဝကို ကြိုးစားရုန်းကန်အသက်ရှင်နေထိုင်နိုင်ပေသည်။

လူသားတို့မည်သည် မွေးရာပါချို့ယွင်းမှုကြောင့်သော်လည်းကောင်း၊ မတော်တဆ ထိခိုက်မှုကြောင့်သော်လည်းကောင်း ခန္ဓာကိုယ်အစိတ်အပိုင်းများ ချို့တဲ့အားနည်းခြင်း၊ ပျက်စီးဆုံးရှုံးခြင်းများဖြင့် ဘဝကို အရှုံးမပေးဘဲ ရပ်တည်နေကြရန်၊ မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းစဉ်များ ချမှတ်ထားသည်။

ထို့ကြောင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ကာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇)ကို အတည်ပြုပြဋ္ဌာန်းခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆပ်ကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်း၊ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက် မတည်ငွေကျပ် သုံးဘီလီယံကို တိုးပွားအောင်ဆောင်ရွက်ပြီး မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများသို့ ထိထိရောက်ရောက် ပံ့ပိုးနိုင်ရေး ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ကနဦးစီမံကိန်းနယ်မြေ (၄)ခု ဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းဖြင့် မသန်စွမ်းမှုအဆင့်အလိုက် လိုအပ်သော ပံ့ပိုးမှုများကို သိရှိပံ့ပိုးပေးနိုင်မည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မသန်စွမ်းသူများအပေါ် ကူညီထောက်ပံ့မှုများ ထိထိရောက်ရောက်ဆောင်ရွက်လာနိုင်မည်ဖြစ်၍ မသန်စွမ်းသူများအတွက် အလွန်အကျိုးရှိစေမည်ဖြစ်ကြောင်း"နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၅ ရက်က ကျင်းပသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၂/၂၀၂၂)တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

သို့ဖြစ်ရာ မသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်းပညာရပ်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေးတို့မှာ အရေးကြီးလှပေသည်။ မသန်စွမ်းသူများအတွက် နိုင်ငံတော်က ပေးအပ်သော အရင်းမပျောက် မတည်ငွေကျပ် သုံးဘီလီယံကို တိုးပွားလာအောင်ဆောင်ရွက်ပြီး မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများကို ထိထိရောက်ရောက် ပံ့ပိုးပေးခြင်းဖြင့် မသန်စွမ်းသူများအတွက် သိက္ခာရှိစွာ၊ အမှီအခိုကင်းစွာ ဘဝရပ်တည်နေထိုင်နိုင်ပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်အတွင်း မုံရွာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ ခန့် ပေါက်ဈေးရှိနေ

**မန္တလေး အောက်တိုဘာ ၂၇**

မန္တလေးဈေးကွက်အတွင်း မုံရွာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ ခန့် ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာလ တတိယပတ်မှစ၍ မုံရွာဘက်မှကြက်သွန်နီများကို ဆက်တိုက်အဝယ်လိုက်လျက်ရှိပြီး ဈေးကောင်းရရှိကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီဝယ်ယူမှုများပြားခဲ့ကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ မုံရွာဘက်ကထွက်တဲ့ကြက်သွန်နီတွေကို ကုန်သည်တွေတော်တော်များများ ဝယ်ယူနေကြတယ်။ မုံရွာဘက်ကထွက်တဲ့အရည်အသွေးမကောင်းလို့ပယ်ထားတဲ့ ကြက်သွန်နီတွေတောင် တစ်ပိဿာကို ငွေကျပ် ၂၅၀၀ ထိပေါက်ဈေးရှိနေတယ်။ မန္တလေးဈေးကွက်ထဲမှာတော့ အခုလတ်တလော မုံရွာကထွက်ရှိတဲ့ ကြက်သွန်နီက ဈေးအကောင်းဆုံးအနေအထားမှာရှိနေတယ်။ မြင်းခြံဘက်ကထွက်ရှိတဲ့ကြက်သွန်နီကတော့ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ပုံမှန်အတိုင်းပဲ ဖြစ်နေပါတယ်" ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာလ ပထမပတ်က မုံရွာဘက်မှထွက်ရှိသည့်ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင်ငွေကျပ် ၃၈၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ ပေါက်ဈေးအရ မုံရွာဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ ခန့်ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးတွင် လုပ်ငန်းမှတ်ပုံတင်ပြုလုပ်သော အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက် များပြားလာ



**မန္တလေး အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင် လာရောက်ပြုလုပ်သော အသေးစားစက်မှုလက်မှုလုပ်ငန်းများ အရေအတွက်သည် ဘဏ္ဍာနှစ်အလိုက် များပြားလာကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မှတ်ပုံတင်ခွင့်ပြုပေးခဲ့သော အသေးစားစက်မှုလက်မှုလုပ်ငန်း ၁၅၈ ခုရှိပြီး ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင်လည်း အသေးစားစက်မှုလက်မှုလုပ်ငန်း ၁၆၄ ခုကို မှတ်ပုံတင်ခွင့်ပြုပေးခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာလ တတိယပတ်ထိ မန္တလေးတိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားလုပ်ငန်းပေါင်း ၄၉၅ ခုရှိသည့်အနက် ခွင့်ပြုပေးပြီး လုပ်ငန်း ၃၀၅ ခုထိ ရှိပြီဖြစ်ကြောင်း သိရသည်။

"လုပ်ငန်းမှတ်ပုံတင်ထားတဲ့ အသေးစားစက်မှုလက်မှု လုပ်ငန်းရှင်တွေအနေနဲ့ သူတို့ရဲ့ထုတ်ကုန်ပစ္စည်းတွေကို ဈေးကွက်တွေမှာ တရားဝင် ကျယ်ကျယ်ပြန့်ပြန့် ရောင်းချနိုင်မှာဖြစ်ပါတယ်။ မှတ်ပုံတင်နံပါတ်တွေ ရိုက်နှိပ်ဖော်ပြပြီး တရားဝင် ထုတ်လုပ်ရောင်းချတဲ့ ပစ္စည်းဖြစ်တဲ့အတွက် စတိုးဆိုင်ကြီးတွေ၊ Mini Market တွေကို တင်ပို့ ရောင်းချမယ်ဆိုရင်လဲ ယုံယုံကြည်ကြည်နဲ့ လက်ခံခွင့်ပြုကြမှာဖြစ်တယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကနေလဲ နည်းပညာအကူအညီတွေ ရရှိနိုင်မှာဖြစ်သလို နိုင်ငံတော်ကနေ ချေးငွေတွေရရှိဖို့အတွက်လဲ လျှောက်ထားနိုင်မှာဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းများအဖြစ် မိသားစုဝင်များနှင့်ဖြစ်စေ၊ အလုပ်သမားငှားရမ်း၍ဖြစ်စေ ကုန်ပစ္စည်းထုတ်လုပ်သောလုပ်ငန်းများ၊ လျှပ်စစ်မော်တာမြင်းကောင်ရေ ငါးကောင်အားနှင့်အောက် အသုံးပြုပြီး အလုပ်သမားကိုးဦးထက်မပိုသော စက်မှုလုပ်ငန်းများနှင့် အလုပ်သမား သုံးဦးနှင့်အထက်ရှိသော လက်မှုလုပ်ငန်းများကို သတ်မှတ်ထားကြောင်း သိရသည်။

**မိုးယံ(ဥက္ကလာ)**

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး အောက်တိုဘာ ၂၇**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တရုတ်နိုင်ငံထုတ် ဆိုင်ကယ်များဈေးမြင့်နေဆဲဖြစ်ပြီး အရောင်းအဝယ်အေးနေကြောင်း မန္တလေးမြို့ ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ယခုတစ်ပတ်အတွင်း ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့် ဈေးရှိကြောင်း၊ Scoopy i အမျိုးအစား ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိနေကြောင်း ဆိုင်ကယ် အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

ကားဈေးကွက်တွင် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ခန့် ပွိုင့်သရီးကားများ အရောင်းအဝယ်ရှိနေပြီး ပွိုင့်သရီးကားအမျိုးအစားများမှ နံပါတ်ထွက်ပြီးသား ငွေကျပ်သိန်း ၂၅၀ ခန့်၊ ဂျပန် ညာမောင်း ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ဇ်၊ ဟွန်ဒါအင်ဆိုက်၊ တိုယိုတာဘယ်လ်တာ၊ တိုယိုတာပရိုဘောက်စ်ကားများ အဝယ်ရှိနေကြောင်း သိရသည်။

ထို့ပြင် ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဈေးကွက်အတွင်း၌ ဆူဇူကီး၊ မစ်ဆူဘီရှီ၊ ဟိုက်ဂျက် စသည့် မီနီထရပ် (ခွေးဘီလူး)ကားလေးများ မေးမြန်းမှုများလာပြီး ရောင်းချလိုမှုလည်းများနေကြောင်း သိရသည်။

ဈေးနှုန်းများအနေဖြင့် ဟိုက်ဂျက်အော်တို ငွေကျပ်သိန်း ၁၅၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၃၀ ခန့်ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူး ကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၁၀၊ အော်တို ငွေကျပ်သိန်း ၁၂၀ ခန့်ရှိကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၂၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့်ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးချိုကြီးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဆီဆိုင်မြို့နယ် ကျောင်းချယ်ကျေးရွာ၌ တစ်လုံးထိုးအင်ဂျင်ပြုပြင်နည်း သင်တန်းဆင်း

**ဆီဆိုင် အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုတစ်လုံးထိုးအင်ဂျင်ပြုပြင်နည်း သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက ကျောင်းချယ်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်လွင်လွင်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက သင်တန်းသားများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးခဲ့သော အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချကာ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက သင်တန်းသားများကို သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ ဆီဆိုင်မြို့နယ်အတွင်းရှိ ကျောင်းချယ်ကျေးရွာ၊ လွယ်မွန်းကျေးရွာ၊ နောင်တဝန်ကျေးရွာ၊ ဆောဆားကျေးရွာ၊ ထီတယမ်းကျေးရွာနှင့် လွယ်တော်ကျေးရွာမှ သင်တန်းသား ဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် တစ်လုံးထိုးအင်ဂျင်ပြုပြင်နည်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် အောက်တိုဘာ ၁၂ ရက်မှ ၂၆ ရက် ထိ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း ဆီဆိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

# လဲချားမြို့နယ် ဝမ်ဟိုင်းကျေးရွာ၌ ကုန်ထုတ်လမ်း၊တံတားများဖောက်လုပ်နေမှု စစ်ဆေး

**လဲချား အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝမ်ဟိုင်းကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နန်းစန္ဒာဝင်းနှင့်တာဝန်ရှိသူများက ဝမ်ဟိုင်းကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားသည်။

ဝမ်ဟိုင်းကျေးရွာ၌ ပြည်ထောင်စု ရန်ပုံငွေကျပ် ၄၈ ဒသမ ၃၉ သန်းဖြင့် အရှည် သုည မိုင်ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း (အပိုင်း-၁)နှင့် Box Culvert နှစ်စင်း၊ Pipe Culvert တစ်စင်း၊ ပြည်ထောင်စု ရန်ပုံငွေကျပ် ၅၇ ဒသမ ၇၅၈ သန်းဖြင့် အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း (အပိုင်း-၂)နှင့် Box Culvert နှစ်စင်း၊ Pipe Culvert တစ်စင်းကို လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဒွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ၈၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးသူ**

# မန္တလေးဆေးရုံကြီးတွင် ဆေးကုသမှုဌာန ၃၁ ခု ပြန်လည်ဖွင့်လှစ်ကာ ဆေးကုသမှုများ ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိ




**မန္တလေး အောက်တိုဘာ ၂၇**

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးကုသမှုဌာနနှင့် အထောက်အကူပြုဌာနများ အပါအဝင် ဌာန ၃၂ ခုရှိသည့်အနက် လက်ရှိတွင် ၃၁ ခုထိ ဖွင့်လှစ်ကာ လူနာများကို ပုံမှန်အတိုင်း ဆေးကုသမှုဆောင်ရွက်ပေးလျက်ရှိကြောင်း မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ သက်အောင်က ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုဌာန ၃၁ ခု ပြန်လည် ဖွင့်လှစ်ကာ လူနာများကို ဆေးကုပေးနေသည့်အပြင် အရေးပေါ်ဌာနကိုလည်း ၂၄ နာရီလုံး ပိတ်ရက်မရှိ ဖွင့်လှစ်ထားပြီး အရေးပေါ်လူနာများကို အချိန်နှင့် တစ်ပြေးညီ လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

"မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှာ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆေးကုသမှုလုပ်ငန်းတွေ တော်တော်ကြီးအရှိန်ရနေပြီး ပုံမှန်အတိုင်း ပြန်လည်ပတ်နေပြီလို့ ပြောလို့ရပါတယ်။ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှာ ဆေးကုသမှုဌာနနဲ့ အထောက် အကူပြုဌာန ၃၂ ခု ရှိတဲ့အနက် လက်ရှိမှာ ၃၁ ခု ဖွင့်လှစ်ထားပြီး လူနာတွေကို ဆေးကုသပေးနေပါတယ်။ နှလုံးရောဂါ ခွဲစိတ်ကုသမှုတစ်ခုကတော့ အကြောင်းကြောင်းကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါဘူး" ဟု မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ သက်အောင်က ပြောပြသည်။

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် ပျမ်းမျှအားဖြင့် တစ်ပတ်လျှင် အရေးပေါ်ကုသမှုများ အပါအဝင် ခွဲစိတ်ကုသမှုပေါင်း ၆၀ မှ ၉၀ ကြား ဆောင်ရွက်လျက်ရှိပြီး ဆေးကုသမှုဌာနပေါင်းစုံတွင် တစ်ရက်လျှင် အတွင်းလူနာ ဦးရေ ၁၀၀ ခန့်နှင့် ပြင်ပလူနာ ဦးရေ ၆၀၀ မှ ၉၀၀ ထိ လက်ခံကုသပေးနေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အထူးကုဌာနအသီးသီး၌ ကုသမှုလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက် ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်များနှင့် အခြား ကျန်းမာရေးဝန်ထမ်းများက ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း သိရသည်။

**မိုးယံ(ဥက္ကလာ)**

# လက်ပံတန်းမြို့နယ် ဂုံညင်းတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လက်ပံတန်း အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဂုံညင်းတန်းကျေးရွာနှင့် ငှက်ပျောတောကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ဂုံညင်းတန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လေးလေးလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေများဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးလုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ပံတန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက နေကြာစိုက်ပျိုးရေးနည်းစနစ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးသက်စိုး၊ သက်ဆိုင်ရာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာနှစ်ရွာမှ တောင်သူ ၇၇ ဦးကို ရန်ပုံငွေကျပ် သိန်း ၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန္တာ**

# ကျောက်မဲခရိုင်တွင် မိုးသီးနှံအစေ့ထုတ်ပြောင်း ၁၈၆၆၅၉ ဧက ရိတ်သိမ်းပြီးစီး

**လားရှိုး အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်တွင် မိုးသီးနှံ အစေ့ထုတ်ပြောင်း ၂၁၁၈၃၉ ဧကကို စိုက်ပျိုးထားရာ အစေ့ထုတ်ပြောင်း ၁၈၆၆၅၉ ဧကရိတ်သိမ်းပြီးစီးပြီးဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မဲခရိုင်အတွင်းရှိ ကျောက်မဲမြို့နယ်၊ မိုင်းငေါ့မြို့၊ မိုင်းလုံမြို့၊ သီပေါမြို့နယ်၊ နောင်ချိုမြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်တို့တွင် မိုးသီးနှံ အစေ့ထုတ်ပြောင်းများကို စက်တင်ဘာလဒုတိယပတ်မှ စတင်ရိတ်သိမ်းလျက်ရှိရာ ယနေ့ထိစိုက်ပျိုးဧက ၂၁၁၈၃၉ အနက် ၁၈၆၆၅၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ပြောင်းရိတ်သိမ်းခြွေလှေ့စက်တွေ အချိန်မီ ရရှိစေဖို့အတွက် သက်ဆိုင်ရာမြို့နယ်အလိုက် စက်မှုလယ်ယာဦးစီးဌာနတွေနဲ့ ချိတ်ဆက် ဆောင်ရွက်ပေးနေပါတယ်။ ဆောင်းသီးနှံ အစေ့ထုတ်ပြောင်းစိုက်ပျိုးကြမဲ့တောင်သူတွေအတွက်လဲ လိုအပ်တဲ့ မျိုးစေ့တွေ၊ သွင်းအားစုတွေအချိန်မီရရှိစေဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်ပေးနေပါတယ်။ ဒါ့ပြင်ရာသီအလိုက်ကျရောက်တတ်တဲ့ သီးနှံဖျက်ပိုး အန္တရာယ်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းတွေကိုလဲ သက်ဆိုင်ရာမြို့နယ်အလိုက် ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

ကျောက်မဲခရိုင်တွင် မြို့နယ်အလိုက် အစေ့ထုတ်ပြောင်း ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကျောက်မဲမြို့နယ်တွင် ရိတ်သိမ်း ၃၀၄၆၈ ဧက၊ ထွက်ရှိမှုမှာ ၂၂၇၈၇၆ တင်း၊ မိုင်းငေါ့မြို့တွင် ရိတ်သိမ်း ၂၂၅ ဧက၊ ထွက်ရှိမှုမှာ ၁၅၁၅၄ တင်း၊ မိုင်းလုံမြို့တွင် ရိတ်သိမ်း ၁၅၂ ဧက၊ ထွက်ရှိမှုမှာ ၁၀၉၇၄ တင်း၊ သီပေါမြို့နယ်တွင် ရိတ်သိမ်းဧက ၇၈၂၀၀၊ ထွက်ရှိမှုမှာ တင်း ၅၈၁၀၂၆၀၊ နောင်ချိုမြို့နယ်တွင် ရိတ်သိမ်း ၇၀၄၅၇ ဧက၊ ထွက်ရှိမှုမှာ ၅၃၈၆၄၃၈ တင်း၊ နမ္မတူမြို့နယ်တွင် ရိတ်သိမ်းဧက ၅၅၈၀၊ ထွက်ရှိမှုမှာ ၃၁၁၀၈၅ တင်း၊ နမ့်ဆန်မြို့နယ်တွင် ရိတ်သိမ်း ၇၅၂ ဧက၊ ထွက်ရှိမှုမှာ ၅၁၀၉၈ တင်း၊ မန်တုံမြို့နယ်တွင် ရိတ်သိမ်း ၈၂၅ ဧက၊ ထွက်ရှိမှုမှာ တင်း ၅၆၆၉၀ ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



# အားမာန်ဝင့်ချီဝေဟင်ဆီ စွမ်းရည်ထက်မြက် ခက်လက်ဝေဝေ တပ်မတော်(လေ)

လူတစ်ယောက်၏ဘဝကို ချင့်တွက်ပါက မွေးဖွားစအချိန်မှ သေဆုံးသည့်အချိန်ထိ ကာလအတွင်းဟု ဆိုကြသည်။ မွေးဖွားစကလေးငယ်သည် စကားမပြောတတ်သေးသော်လည်း သူ၌အသိရှိ၏။ အတွေးအခေါ်ရှိ၏။ ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိ၏ဟု ဆိုချင်ပါသည်။ ဗီဇအသိဉာဏ်ဟုပင် ဆိုရမည်ဖြစ်သည်။ ကလေးငယ်သည် နို့ဆာ၏။ နို့ဆာသောအခါငို၏။ ငိုသောအခါ မိခင်က နို့တိုက်၏။ မငိုဘဲငြိမ်နေသောအခါ မိခင်က အလေးမထား၊ ဂရုမပြု။ ထို့ကြောင့် ကလေးက နို့စို့လိုသောအခါငို၏။ ငိုလျှင် နို့ချိုတိုက်ကျွေးသည်ကို ဆင်ခြင်မိ၏။

ကလေးငယ်သည် လသားအရွယ်မှ နှစ်သားအရွယ် တဖြည်းဖြည်းကြီးလာသောအခါ အမြင်အကြားစသည့် အာရုံများဖြင့် အသိပညာတိုးပွားလာခဲ့သည်။ "ပုဗ္ဗာစရိယမိနှင့်ဖ"ဆိုသည့်စကားကဲ့သို့ပင် မိဘများကား သူ၏ လက်ဦးဆရာများဖြစ်လာခဲ့သည်။ မိဘများက "တို့သားလေးကြီးရင် ပညာတတ်ကြီးဖြစ်ရမယ်၊ ဆရာဝန်ကြီးဖြစ်ရမယ်၊ စစ်ဗိုလ်ကြီးဖြစ်ရမယ်၊ လေသူရဲကြီးဖြစ်ရမယ်" စသည့် စကားများကိုကြားနေရ၏။ ကြာသော်နားရည်ဝလာ၏။ ကလေးငယ်တို့၏ အသိသည်လည်း ဆရာဝန်ကြီး၊ စစ်ဗိုလ်ကြီး၊ ပညာတတ်ကြီးစသည်ဖြင့် ဖြစ်ချင်လိုစိတ်များ သန္ဓေတည်လာခဲ့ကြသည်။ အသိစိတ်မှသည် ဗီဇစိတ်သို့ စွဲမြဲစေခဲ့သည်။

ကလေးသူငယ်များကျောင်းနေအရွယ်သို့ ရောက်သည့်အခါ မိဘများက ကျောင်းသို့အပ်နှံကြ၏။ ဆရာ၊ ဆရာမများ၏သင်ကြားမှု၊ သွန်သင်ဆုံးမမှုနှင့်လေ့ကျင့်ပျိုးထောင်မှုကို ခံကြရပြန်သည်။ ဆရာ၊ ဆရာမများက တစ်ဦးချင်းစီ၏ ဖြစ်လိုသည့်ဆန္ဒများကို မေးမြန်းသောအခါ ကိုယ်စီကိုယ်စီဖြေဆိုကြရပြန်သည်။ ကျောင်းနေအရွယ်မရောက်မီ မိဘတို့သင်ပြခဲ့သည်များပြန်လည်နိုးကြားလာခဲ့ရသည်။ ဗီဇအသိများရှင်သန်စေခဲ့သည်။ ဆရာ၊ ဆရာမများက ပညာတတ်ကြီးဖြစ်လိုလျှင် လုပ်ဆောင်ရမည့်အချက်များသင်ပြပေး၏။ ဆရာဝန်ကြီးဖြစ်လိုလျှင် မည်သို့မည်ပုံကြိုးစားရမည်ကို လမ်းညွှန်ပေး၏။ စစ်ဗိုလ်ကြီးဖြစ်လိုသူတို့ကိုလည်း အဘယ်သို့ကြိုးစားအားထုတ်ရမည်ကို အလင်းပြပေး၏။ ဗီဇဓာတ်ခံပါလာခဲ့သောကလေးများကား အတတ်ပညာတစ်ခုအတွက် အလင်းရခဲ့ကြရသည်။ ဗီဇဓာတ်ခံအခြေခံမကောင်းခဲ့သော ကလေးသူငယ်များအနေဖြင့် အတတ်ပညာတစ်ခုကို လေ့လာရန်၊ သင်ယူရန်၊ ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း သိလာစေ၏။ ဆရာ၊ ဆရာမများ၏လမ်းညွှန်မှုကြောင့် ဗီဇဓာတ်ခံကောင်းသူဖြစ်စေ၊ ညံ့သူဖြစ်စေ အတတ်ပညာတစ်ခုခုကိုတတ်မြောက်ခဲ့ကြရသည်။ ကျောင်းသား၊ ကျောင်းသူများသည်လည်း မူလတန်း၊ အလယ်တန်း၊ အထက်တန်းစသည်ဖြင့် ပညာသင်ကြားကြရသည်။ မိမိတို့နိုင်ငံ၏ သဘောသဘာဝအရ အခြေခံပညာအထက်တန်းစာမေးပွဲ အောင်မြင်သောအခါ တက္ကသိုလ်အသီးသီးတက်ရောက်၍ ပညာသင်ကြားရန် ပြင်ဆင်ကြရပြန်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စိတ်တွင်စွဲထင်နေသည့် ဆန္ဒများကို အကောင်အထည်ဖော်ကြရသည်။ စစ်ဗိုလ်ကြီးဖြစ်လိုသည့်သူက ဗိုလ်လောင်းသင်တန်း တက်ရောက်ခွင့်ရရှိရေးကြိုးပမ်းကြသည်။ ဆရာဝန်ဖြစ်လိုသူများသည်လည်း ဆေးတက္ကသိုလ်ဝင်ခွင့်ရရှိရေး၊ အင်ဂျင်နီယာဖြစ်လိုသူကလည်း နည်းပညာတက္ကသိုလ်ဝင်ရောက်ခွင့်ရရှိရေး၊ ဆရာ၊ ဆရာမကြီးများဖြစ်လိုသူတို့ကလည်း ပညာရေးကောလိပ်/ပညာရေးတက္ကသိုလ်များသို့ တက်ရောက်နိုင်ရေးကြိုးပမ်းကြရသည်။ သင်ယူကြရသည်။ကျက်မှတ်ရသည်။ လေ့ကျင့်ကြရသည်။ နိုင်ငံကျော်စာရေးဆရာကြီးဆရာဇော်ဂျီက "ဗီဇဓာတ်ခံကောင်းသူတို့အနေဖြင့် အိမ်တွင်းပုန်းအခန်းအောင်း၍ မနေသင့်၊ သဘာဝပတ်ဝန်းကျင်၏ အခြေအနေအရပ်ရပ်ကို လေ့လာရမည်၊ သုံးသပ်ရမည်၊ အားထုတ်ကြိုးပမ်းလေ့ကျင့်ရမည်"ဟုဆိုခဲ့သည်။ မိမိတို့၏ဘဝတိုးတက်လိုသူတို့အတွက် အမြဲသင်ယူနေရမည်၊ လေ့ကျင့်နေရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို လေ့လာသုံးသပ်လျက် မတတ်သေးသည်များကို သင်ယူကြရမည်ဖြစ်သည်။

လေသူရဲတစ်ဦးဖြစ်လိုသူတို့သည်လည်း ဗိုလ်လောင်းသင်တန်း တက်ခွင့်ရရှိရေး ဦးစွာကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ ဗိုလ်လောင်းသင်တန်း၌ လေးနှစ်တာ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီးသောအခါ လေယာဉ်မောင်းသင်တန်း တက်ရောက်နိုင်ရေး လုပ်ဆောင်ကြရပြန်သည်။ လေသူရဲတစ်ဦးဖြစ်လာစေရေးအတွက် ကိုယ်ခန္ဓာသန့်စွမ်းမှုစစ်ဆေးခြင်း၊ ဉာဏ်ရည်ဉာဏ်သွေးစစ်ဆေးခြင်း၊ ကျန်းမာရေးဆေးစစ်ခြင်း စသည်တို့ကို ထပ်မံစစ်ဆေးမှုခံယူကြရသည်။ ဗိုလ်လောင်းသင်တန်းတက်ရောက်နိုင်ရေးအတွက် ပထမအကြိမ် ဆန်ခါတင်စစ်ဆေးခြင်း၊ လေယာဉ်မောင်းသင်တန်း တက်ရောက်ခွင့်ရရှိရေးအတွက် ဒုတိယအကြိမ် ဆန်ခါတင်စစ်ဆေးခြင်းခံယူကြရပြန်သည်။ လေသူရဲတစ်ဦးဖြစ်လာစေရန်မှာ လွယ်ကူလှသည်မဟုတ်၊ လေယာဉ်မောင်းသင်တန်းတက်ရောက်ခွင့်ရရှိသည့်အခါ လေယာဉ်သားလောင်းသင်တန်း၊ အခြေခံလေယာဉ်မောင်းသင်တန်း၊ တန်းမြင့်လေယာဉ်မောင်းသင်တန်း စသည်ဖြင့်အဆင့်ဆင့်တက်ရောက်အောင်မြင်မှသာ လေသူရဲတစ်ဦးအဖြစ် တောင်ပံအပ်နှင်းခြင်းခံရမည်ဖြစ်သည်။

လူသားတစ်ဦးအတွက် စိတ်သည် အရေးကြီးကြောင်း ရှေးပညာရှိတို့ဆိုမိန့်ခဲ့သည်။ စိတ်သည် ကောင်းရာသို့လည်း ပို့ဆောင်နိုင်သကဲ့သို့ ဆိုးရာသို့လည်း ပို့ဆောင်နိုင်စွမ်းရှိသည်ဟုဆိုခဲ့သည်။ လူတို့၏ ပင်ကိုစိတ်သည် အားငယ်တတ်မှုရှိ၏။ မည်သည့်နေရာသို့သွားလိုသည်ဖြစ်စေ အဖော်အပေါင်းပါမှသာ သွားလိုတတ်ကြသည်။ ထို့ကြောင့် ဆရာ၊ ဆရာမများက ရှိုင်းပျသောစိတ်ကို ယဉ်ကျေးအောင်သင်ပြပေးရသည်။ နိမ့်ကျနေသောစိတ်ကို မြှင့်တင်ပေးကြရသည်။ ဖရိုဖရဲဖြစ်နေသောစိတ်ကို ကြံ့ခိုင်လာအောင် အားပေးကြရသည်။ ထို့ကြောင့် သင်ကြားပြသမှုခံယူရသူတို့သည် မိမိကိုယ်ကိုအားကိုးလိုသူများအဖြစ် ရောက်ရှိခဲ့ကြရသည်။ ကတ္တရာလမ်းမကြီးများကို မြေပြင်ပေါ်၌ ဖောက်လုပ်ထားကြ၏။ ထိုလမ်းမများပေါ်၌ မော်တော်ယာဉ်များကို မောင်းနှင်နေသူတို့ပင် အဖော်အပေါင်းနှင့်မှ သွားတတ်ကြသည်။ သို့သော် လေသူရဲများကား တစ်ဦးတည်းမောင်းနှင်ကြရ၏။ ကမ္ဘာ့ဆွဲအားကိုဆန့်ကျင်လျက် စက်တပ်ယာဉ်ကို ဝေဟင်ထဲတွင် တစ်ကိုယ်တည်းမောင်းနှင်ကြရ၏။ ထို့ကြောင့်ပင် လေသူရဲဟု ခေါ်ဆိုခြင်းဖြစ်ပေလိမ့်မည်။ မောင်းနှင်ရုံမျှမက အမိနိုင်ငံတော်အတွက် ရန်အပေါင်းကိုတိုက်ခိုက်ချေမှုန်းနေကြရသည်။ လေသူရဲတစ်ဦးတည်းမောင်းနှင်ပျံသန်းနေသော ခရီးလမ်းကား ပန်းခင်းသည့်လမ်းမဟုတ်ပေ။ ဆူးခင်းလမ်းထက်ပင် ကြမ်းတမ်းသည်ဟုဆိုပါက ပိုမည်မထင်။ ဆူးခင်းလမ်း၌ ဆူးစူးသော် အပ်ဖြင့်ထွင်နိုင်ပေသေးသည်။ ရန်သူကို တိုက်ခိုက်နှိမ်နင်းနေသည့် ဝေဟင်ခရီးလမ်းမှာ အသက်ကိုပင် စတေးထားရသည်။

❖ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ထည်ဝါစွာပေါ်ပေါက်ခဲ့သော မြန်မာ့လေတပ်မတော်သည် မြန်မာ့ဝေဟင်ကို မြန်မာတို့ပိုင်ဆိုင်အောင်စွမ်းဆောင်နိုင်ခဲ့သည်။ ထိုစဉ်အချိန်က သန္ဓေတည်ခဲ့သောတပ်မတော်(လေ)သည် ယခုအခါ စိန်ရတုတပ်မတော်(လေ)အဖြစ် ခံ့ညားထည်ဝါခဲ့ပြီဖြစ်သည်။ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများအလယ်တွင် ငွားငွားစွင့်စွင့်၊ ကြွားကြွားဝင့်ဝင့်ဂုဏ်ယူနိုင်ခဲ့ပြီဖြစ်သည်။ တပ်မတော်သည် စတင်ဖွဲ့စည်းသည်မှစ၍ မိမိနိုင်ငံ၏အခြေအနေနှင့်အညီ ရရာလက်နက်တို့ဖြင့် ထူထောင်ခဲ့သည်။ ❖

သတ္တိ၊ ဇွဲ၊ လုံ့လအကြောင်းရေးဖွဲ့ထားသည့် ဆရာမငွေတာရီ၏ ကဗျာတစ်ပုဒ်ကို ဖတ်ခဲ့ဖူးသည်။ အလွန်ထူထပ်သည့် တောမြိုင်ကြီးအတွင်း၌ ခရီးသွားနေသည့်လူသားတစ်ဦးအား တစ်ယောက်တည်း ခရီးသွားနေတာမကြောက်ဘူးလားဟု မေးမြန်းထားခြင်းဖြစ်သည်။ ခရီးသွားယောက်ျားက ကျွန်ုပ်တွင် သတ္တိ၊ ဇွဲ၊ လုံ့လ စသည့်သူရဲကောင်းသုံးယောက် အဖော်ပါနေသည့်အတွက် ဘယ်အရာကိုမှမကြောက်ပါဟုပြန်လည်ဖြေကြားဟန်ရေးဖွဲ့ထားသည်ကို တွေ့ရှိရသည်။ တပ်မတော်(လေ)မှ လေသူရဲများသည်လည်း သတ္တိ၊ ဇွဲ၊ လုံ့လဆိုသည့် အလွန်သစ္စာရှိသောမိတ်ဆွေများဖြင့် ဝေဟင်တွင်းဝယ် မောင်းနှင်ပျံသန်းနေကြရသူများဖြစ်သည်။ မိမိအသက်ကိုပင် ပဓာနမထားဘဲ နိုင်ငံတော်အတွက်၊ ပြည်သူအတွက်၊ အဖျက်ရန်စွယ်များကို ဝေဟင်အထက်မှ အသက်ပေးစောင့်ရှောက်နေသူများဖြစ်သည်။ ဤသို့ တစ်ဦးတည်းမောင်းနှင်ပျံသန်းတိုက်ခိုက်နိုင်ရန်အတွက် သင်ကြားပြသပေးနေသည့် လေယာဉ်မောင်းနည်းပြဆရာများသည်လည်း နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သူများဖြစ်သည်။ မြန်မာ့လေသူရဲများ၏အစကား ခက်ခဲစွာရုန်းကန်ခဲ့ရသည်။ မြန်မာ့ဝေဟင်ကို မြန်မာတို့ ပိုင်ဆိုင်ရေးစွန့်စားခဲ့ကြရသည်။

မြန်မာ့လေသူရဲများ၏ ရာဇဝင်ကား အံ့မခန်းပင်ဖြစ်သည်။ အမိမြန်မာပြည်ကြီး တိုင်းတစ်ပါးသားတို့၏ အုပ်ချုပ်မှုလက်အောက်၌ ရှိနေစဉ်ကပင် အစပျိုးခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ်တို့သည် မြန်မာတို့ကို လေယာဉ်မောင်းပညာသင်ပေးလိုသည့် စေတနာရှိလွန်း၍မဟုတ်ပေ။ သူတို့၏ စစ်ရေးအခက်အခဲတွင် မြန်မာ့လေသူရဲများကို အသုံးချလိုသောကြောင့်သာ သင်ပေးခဲ့ခြင်းဖြစ်သည်။ မြန်မာတို့ကလည်း "အင်္ဂလိပ်အခက်မြန်မာတို့အတွက်အခွင့်ကောင်း"ဖြစ်စေရမည်ဟူ၍ လေယာဉ်မောင်းသင်ခဲ့ကြသည်။ ဗြိတိသျှတို့သည် စစ်ရေးအခက်အခဲတွေ့နေချိန်တွင် စစ်အင်အားကိုပြန်လည်တည်ဆောက်လိုကြသည်။ ကိုလိုနီနယ်များမှပြည်သူများကို စစ်ရေးတွင် အသုံးပြုရန်စီမံခဲ့ကြသည်။ ၎င်းတို့၏စိတ်ကူးကိုအကောင်အထည်ဖော်ရာ၌ ဗမာ့အပျော်တမ်းလေတပ်(BurmaVolunteer Air Force - BVAF) ကို ဖွင့်လှစ်ရန်အစပျိုးခဲ့သည်။ ၁၉၃၄ ခုနှစ် ဧပြီလတွင် ရန်ကုန်လေယာဉ်မောင်းအသင်း (Rangoon Flying Club)ကို ဖွင့်လှစ်ခဲ့သည်။ ဤသို့ဖြင့် မြန်မာနိုင်ငံသို့ လေယာဉ်မောင်းအတတ်ပညာစတင်ရောက်ရှိခဲ့သည်။ ပထမဦးဆုံးသော လေယာဉ်မောင်းသင်တန်းကို သင်တန်းသား ၁၂ ဦးဖြင့် ၁၉၄၀ ပြည့်နှစ် နိုဝင်ဘာ ၁၆ ရက်တွင် စတင်ဖွင့်လှစ်ပို့ချခဲ့ပြီး မြန်မာလူမျိုး ငါးဦးပါဝင်ခဲ့ပါသည်။ အခြေခံလေယာဉ်မောင်းသင်တန်း ပြီးသောအခါ အထက်တန်းလေယာဉ်မောင်းသင်တန်းကို အိန္ဒိယ၌လည်းကောင်း၊ စစ်ဆင်ရေးလွှဲပြောင်းသင်တန်းကို နယူးဇီလန်ကျွန်း၌လည်းကောင်း တက်ရောက်ခဲ့ကြရသည်။ လေယာဉ်များရှိလာသောအခါ စက်မှုလက်မှုပညာရှင်များလည်း လိုအပ်လာပြီဖြစ်၍ အင်းစိန်စက်မှုလက်မှုကျောင်း၌ပင် မော်တော်ကားအင်ဂျင်ကိုအခြေခံအဖြစ် သင်ကြားခဲ့ကြရသည်။ လေယာဉ်မောင်းသင်တန်းပြီးသူများနှင့် စက်မှုလက်မှုသင်တန်းပြီးသူများကို ဗြိတိသျှဘုရင့်လေတပ်မတော်၌ အများစုကို တာဝန်ထမ်းဆောင်စေခဲ့ပြီး တချို့ကို မြန်မာ့အပျော်တမ်းလေတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်စေခဲ့သည်။ အချုပ်အခြာအာဏာမပိုင်ဆိုင်ခြင်းကြောင့် မိမိတိုင်းပြည်၌ပင် သူတစ်ပါး၏အကျိုးကို ဆောင်ရွက်ခဲ့ကြရသည်။ ဒုတိယအသုတ်လေယာဉ်မောင်းသင်တန်းကို ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလတွင် ခေါ်ယူခဲ့ပြီး သင်တန်းသား ကိုးဦးအောင်မြင်ခဲ့သည်။ ထို ကိုးဦးတွင် မြန်မာလေသူရဲ လေးဦးပါဝင်ခဲ့သည်။ ၎င်း လေးဦးမှာ တပ်မတော်(လေ)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဒုတိယဗိုလ်မှူးကြီးအောင်ညွန့်၊ ဗိုလ်မှူးကြီးထွန်းသာ၊ ဒုတိယဗိုလ်မှူးကြီး စောရှီးရှီးနှင့် ဒုတိယဗိုလ်မှူးကြီး ပယ်ရီအေးချိုတို့ဖြစ်သည်။

မြန်မာနိုင်ငံသည် နယ်ချဲ့ဗြိတိသျှနှင့် ဖက်ဆစ်ဂျပန်တို့၏ ကျွန်ပြုစိုးမိုးမှုအောက်မှ ရုန်းထွက်ရန်ကြိုးစားရင်း လွတ်လပ်ရေးရရှိခဲ့သည်။ ဗမာ့လေတပ်မတော် ပေါက်ဖွားလာခြင်းသည်လည်း လွတ်လပ်ရေး၏ အသီးအပွင့်တစ်ခုဖြစ်သည်။ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဗမာ့လေတပ်မတော်(Burma Air Force- BAF)စတင်ပေါ်ပေါက်ခဲ့သည်။ မြန်မာနိုင်ငံသည် ရှေးဘုရင်များလက်ထက်၊ ဗြိတိသျှအစိုးရ၏လက်အောက်ခံဘဝနှင့် ဂျပန်တို့၏ ရှေရည်စိမ်လွတ်လပ်ရေးကာလတို့တွင် မြန်မာ့ဝေဟင်ကို မြန်မာတို့ပိုင်စိုးနိုင်ခွင့်မရခဲ့ကြပေ။ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ထည်ဝါစွာပေါ်ပေါက်ခဲ့သော မြန်မာ့လေတပ်မတော်သည် မြန်မာ့ဝေဟင်ကို မြန်မာတို့ ပိုင်ဆိုင်အောင်စွမ်းဆောင်နိုင်ခဲ့သည်။ ထိုစဉ်အချိန်က သန္ဓေတည်ခဲ့သောတပ်မတော်(လေ)သည် ယခုအခါ စိန်ရတုတပ်မတော်(လေ)အဖြစ် ခံ့ညားထည်ဝါခဲ့ပြီဖြစ်သည်။ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများအလယ်တွင်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# အင်ပူမြို့နယ် တာကြီးတန်းကျေးရွာ၌ ကွန်ကရစ်လမ်းပြီးစီးမှုစစ်ဆေး

**အင်ပူ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်ပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာကြီးတန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်နှင့် တာဝန်ရှိသူများက အင်ပူမြို့နယ် တာကြီးတန်းကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိစွာ အသုံးပြုရန်နှင့်ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၀ သိန်းတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



➤ စာမျက်နှာ ၄ မှအဆက်

ငွားငွားစွင့်စွင့်၊ ကြွားကြွားဝင့်ဝင့်ဂုဏ်ယူနိုင်ခဲ့ပြီဖြစ်သည်။ တပ်မတော်သည် စတင်ဖွဲ့စည်းသည်မှစ၍ မိမိနိုင်ငံ၏အခြေအနေနှင့်အညီ ရရာလက်နက်တို့ဖြင့် ထူထောင်ခဲ့သည်။ တပ်မတော်(လေ)သည်လည်း မိမိနိုင်ငံ၏အခြေအနေအလျောက် လက်လှမ်းမီရာ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့သည်။ ကြိုးစားအားထုတ်မှု၏ရလဒ်၊ သတ္တိ-ဇွဲ-လုံ့လ-ဝီရိယတို့၏ အသီးအပွင့်များကို ခံစားသုံးဆောင်နေရပြီဖြစ်သည်။ ယနေ့ မြန်မာ့တပ်မတော်သည် ကမ္ဘာ့နိုင်ငံများနှင့်ယှဉ်လျှင် အထိုက်အလျောက်အဆင့်အတန်းရှိနေပြီဖြစ်သည်။ တပ်မတော်(လေ)သည်လည်း ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့်အခြေအနေတစ်ရပ်သို့ ရောက်ရှိနေပြီဖြစ်သည်။ တစ်ဆင့်ထက်တစ်ဆင့် အရည်အချင်းမြင့်မားသော လေယာဉ်/ရဟတ်ယာဉ်များဖြင့် မျိုးဆက်သစ်လေသူရဲများကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသည်။

လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၄)၏ သင်တန်းဆင်းတောင်ပံအပ်နှင်းပွဲသည် တပ်မတော်(လေ)၏ ဂုဏ်ယူဖွယ်နေ့ထူးနေ့မြတ် အခါသမယဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၌ ခမ်းနားထည်ဝါစွာကျင်းပပြုလုပ်မည်ဖြစ်သည်။ တပ်မတော်(လေ)အတွက် လူသားအရင်းအမြစ်များဖြစ်သည့် မျိုးဆက်သစ်အမျိုးသားလေသူရဲများ၊ အမျိုးသမီးလေသူရဲများ သွေးသစ်လောင်းသည့်နေ့ပင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲများသည် တပ်မတော်အား အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့်ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်လျက်ရှိသည်။ တပ်မတော်(လေ)သည်လည်း ထိရောက်သည့်လေကြောင်းစွမ်းအားပိုင်ဆိုင်လျက် အင်အားတောင့်တင်းပြီး နည်းပညာအဆင့်အတန်းမြင့်မားသည့်တပ်မတော်(လေ)အဖြစ် ကြိုးပမ်းအားထုတ်တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်အတွက် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် ခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုများကိုရင်ဆိုင်ဖြေရှင်းနိုင်ရေး နေ့ညမပြတ်လုပ်ဆောင်လျက်ရှိသည်။ ထိုသို့ဖြေရှင်းနိုင်ရေးအတွက် ဒေသတွင်းနိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်ရေး၊ ထိရောက်သည့် လေကြောင်းစွမ်းအားပိုင်ဆိုင်ရေး အစဉ်တစိုက်ကြိုးပမ်းလျက်ရှိသည်။ လေကြောင်းစွမ်းအားအတွက် လူသားအရင်းအမြစ်များဖြစ်သည့် လေသူရဲများကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသည်။ နိုင်ငံတကာလေတပ်များနည်းတူ အမျိုးသမီးလေသူရဲများမွေးထုတ်ပေးခဲ့ရာ အမှတ်စဉ်(၈၀)မှ (၈၃)ထိ အမျိုးသမီးလေသူရဲစုစုပေါင်း ဦးရေ ၂၀ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၄) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲတွင်လည်း အမျိုးသမီးလေသူရဲ သုံးဦးပါဝင်ခဲ့သည်မှာ တပ်မတော်(လေ)၏ အထူးစွမ်းဆောင်မှုတစ်ရပ်ပင်ဖြစ်သည်။

တပ်မတော်(လေ)သည် အမိနိုင်ငံတော်၏ဝေဟင်ပိုင်နက်ကို စိုးမိုးရန်ဖြစ်သည်။ မိမိတို့ ဝေဟင်ပိုင်နက်မှ တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)တို့နှင့်ပေါင်းစပ်၍ အမိမြေနှင့် အမိအဏ္ဏဝါရေပြင်တို့ကို ကာကွယ်စောင့်ရှောက်သွားရန်ဖြစ်သည်။ လေကြောင်းစွမ်းအားစုဆိုရာ၌ ခေတ်မီလေယာဉ်စက်ပစ္စည်းများ၊ ခေတ်မီစစ်လက်နက်ပစ္စည်းများ၊ အရည်အသွေးမြင့်မားသောလေသူရဲများ၊ အရည်အချင်းပြည့်ဝသည့် စက်မှုလက်မှုအရာရှိ/စစ်သည်များ၊ အီလက်ထရွန်နစ်နှင့်အုပ်ချုပ်မှုထောက်ပံ့မှုဆိုင်ရာ အရာရှိ/စစ်သည်များ စသည့်ပေါင်းစုအင်အားပင်ဖြစ်သည်။ ထိုပေါင်းစုအင်အား၌ စွမ်းရည်ထက်မြက်သည့် အရာရှိ/စစ်သည်များ ဖြစ်လာစေရေးအတွက် အစဉ်အမြဲလေ့ကျင့်လျက်ရှိသည်။ လေယာဉ်မောင်းသင်တန်းဆင်းတောင်ပံအပ်နှင်းခံရပြီးသည့် လေသူရဲမောင်မယ်များသည်လည်း ဆက်လက်၍ လေ့လာသင်ယူနေရမည်ဖြစ်သည်။ ပျံသန်းလေ့ကျင့်နေရမည်ဖြစ်သည်။ တာဝန်ကျရာ လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်း၊ ပျံသန်းရေးအုပ်များ၌ သက်ဆိုင်ရာလေယာဉ်/ရဟတ်ယာဉ်များဖြင့် လွှဲပြောင်းသင်တန်းများ တက်ရောက်ကြရမည်ဖြစ်သည်။ ပျံသန်းရေးအုပ်များနှင့် လေတပ်စခန်းဌာနချုပ်များ၏ နှစ်လုံးပေါက်လေ့ကျင့်ရေးဇယားများဖြင့် လစဉ်အလိုက် လေ့ကျင့်ခန်းများပြုလုပ်ကြရမည်ဖြစ်သည်။

လေသူရဲတစ်ဦးအနေဖြင့် အမြဲလေ့လာနေရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်အား မျက်စိကိုဖွင့် နားကိုစွင့်လျက် သင်ယူသင့်သည်များကို သင်ယူကြရမည်ဖြစ်သည်။ မိမိတို့၌ရှိသည့် လေယာဉ်/ရဟတ်ယာဉ်များသာမက ကမ္ဘာ့နိုင်ငံများရှိ လေယာဉ်/ရဟတ်ယာဉ်များ၊ ခေတ်မီစက်ပစ္စည်းများကို လေ့လာကြရမည်ဖြစ်သည်။ လေ့ကျင့်နေရမည်ဖြစ်သည်။ ကြိုးပမ်းအားထုတ်နေကြရမည်ဖြစ်သည်။ တပ်မတော်(လေ)ကို အရည်အချင်း၊ အရည်အသွေးပြည့်ဝသည့် လေသူရဲများ၊ စက်မှုလက်မှုအရာရှိ/စစ်သည်များ၊ အီလက်ထရွန်နစ်အရာရှိ/စစ်သည်များ စသည်တို့ဖြင့် ပေါင်းစုဖွဲ့စည်းကြရမည်ဖြစ်သည်။ သို့မှသာ တပ်မတော်(လေ)သည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ထက်မြက်သည့်လေကြောင်းစွမ်းအားပိုင်ဆိုင်မည်ဖြစ်ကြောင်း တင်ပြရင်း လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၄) သင်တန်းဆင်းပွဲနှင့် တောင်ပံအပ်နှင်းခံယူကြမည့် လေသူရဲမောင်မယ်များ၊ နည်းပြလေသူရဲများ၊ တပ်မတော်(လေ)ရှိ အရာရှိ/စစ်သည်အားလုံးတို့အတွက် ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။

**ရွှေညာမြေမြှတ်သင်းကြိုင်**

# “သမိုင်းသစ်လမ်း တစ်ခေတ်ဆန်းစေ တပ်မတော်(လေ)”

\- မိုးယံကို ကိုင်လှုပ်
ထိန်းချုပ်မယ့် စွမ်းရည်၊
လေကြောင်းဆို ပညာရပ်
ကျွမ်း တတ်ရမည်၊
ယနေ့ခေတ် ခွင့်လမ်းညီ
ဆင့်တန်းမီ ဆိုထား၊
(ကွယ်)မြင့်မှန်းရည်လို့လား
စက်လေယာဉ်မျိုးစားစုံနဲ့
ထက်ဝေဟင် မိုးဖျားတုန်အောင်
လွှား ခုန် ပျံ ကျော် ဖောက်ထွင်း
စီးနင်းစွန့်စား။

\- လေကြောင်းမည် ပညာရပ်
သင်ကာမှတ် တတ်လိုလျှင်၊
တည်ရာအနေ သဘာမချို့ပါတဲ့
ထီလာမြေ အညာမြို့ဆီပေါ့
လာဖို့ ဖိတ်ချင်၊
လေယာဉ်မောင်း ကျောင်းသခင်
နှောင်းယခင်ခါ အတုမရှိ၊
(ကွယ်)ကောင်းစဉ်လာ ဥပမိ
နိုင်ငံမှာ တစ်ခုတည်းသာပေါ့
အစုစည်း နှစ်ခုနစ်ဆယ် ကျော်ပြီမို့
စစ်တံခွန်နယ် ဖော်ညွှန်းလျှင်
မော်ကွန်းတွင်ကြည့်။

\- မိုးမြင့်စံ တိမ်လွှာချပ်
နှိမ်ကာဖြတ် စစ်ဗျူဟာ၊
သေနင် နောက်မတွန့်တဲ့
ဝေဟင်မှာ မကြောက်ရွံ့
စွန့်လွှတ်ခြင်းများစွာ၊
လေကြောင်းဖွဲ့ စွမ်းရည်သာ
ခေတ်အထာ ဖွင့်သုံးတော့၊
(ကွယ်)စစ်မဟာ အမြင့်ဆုံးပေါ့၊
မျိုးဆက်တွေ လက်ဆင့်ကမ်း
ပျံသန်းရေး အောင်ပွဲခံ
“ရွှေတောင်ပံ” တစ်ပိုက်တစ်ပွေ့နဲ့
ယနေ့ခေတ် တပ်မတော်(လေ)ရဲ့
ဖြတ်ကျော်နေ အခန်းခန်း
သစ်ဆန်းပြီနေ့။ ။

**မောင်လတ်(ကမ်းရိုးတန်း)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ကာတာသို့ခြေကျင်ထွက်ခွာသွားသည့် စပိန်နိုင်ငံသား ဘောလုံးပရိသတ်တစ်ဦး အီရန်၌ ပျောက်ဆုံးနေ

**မက်ဒရစ် အောက်တိုဘာ ၂၇**

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တက်ရောက်အားပေးရေးအတွက် အရှေ့အလယ်ပိုင်းဒေသ ကာတာနိုင်ငံသို့ ခြေကျင်ခရီးထွက်ခွာသွားသော စပိန်နိုင်ငံသား ဘောလုံးပရိသတ်တစ်ဦးမှာ အီရန်နိုင်ငံအတွင်း ပျောက်ဆုံးနေကြောင်း ရိုက်တာသတင်းဌာနက အောက်တိုဘာ ၂၆ ရက်တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

စန်တီယေဂိုဆန်းချက်ဇ်အမည်ရှိ အသက် ၄၁ အရွယ် အဆိုပါ အမျိုးသားသည် အီရန်နိုင်ငံအတွင်း ပျောက်ဆုံးနေမှုကို စပိန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အတည်ပြုထားသည်။

စန်တီယေဂိုဆန်းချက်ဇ်သည် အီရန်နိုင်ငံအတွင်းသို့ဝင်ပြီဆိုသော စာသားနှင့်အတူ အီရန်- အီရတ်နယ်စပ်၌ ရိုက်ထားသော ၎င်း၏ ဓာတ်ပုံများကို အောက်တိုဘာ ၁ ရက်တွင် မိတ်ဆွေများထံနောက်ဆုံး ပေးပို့ခဲ့သည်။

စန်တီယေဂိုဆန်းချက်ဇ်သည် အီရန်ပြည်တွင်း၌ ဆန္ဒပြပွဲများ ဖြစ်ပွားနေချိန်တွင် ယင်းနိုင်ငံအတွင်းသို့ ဝင်ရောက်သွားခြင်း ဖြစ်သည်။

၎င်းကို အီရန်တာဝန်ရှိသူများ ကဖမ်းဆီးထားဖွယ်ရှိကြောင်း စပိန်မီဒီယာအချို့က သုံးသပ်ထားပြီး တီဟီရန်အခြေစိုက် စပိန်သံရုံး ကလည်း ၎င်းကို ရှာဖွေကူညီရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

စန်တီယေဂိုဆန်းချက်ဇ်သည် ယခုနှစ်ဇန်နဝါရီလတွင် မက်ဒရစ်မြို့မှစတင်ထွက်ခွာခဲ့ပြီး ဥရောပနှင့် တူရကီတို့ကို ဖြတ်သန်းခဲ့ပြီးနောက် အီရန်နိုင်ငံအတွင်း ဝင်ရောက်သွားခြင်းဖြစ်ကြောင်း သိရသည်။

KKO

## တောင်ကိုရီးယားအခြေစိုက် ဆမ်ဆောင်းကုမ္ပဏီ အမှုဆောင်ဥက္ကဋ္ဌအဖြစ် ဂျေးဝိုင်လီကို ရွေးချယ်

**ဆိုးလ် အောက်တိုဘာ ၂၇**

တောင်ကိုရီးယား အခြေစိုက် ဆမ်ဆောင်း အီလက်ထရောနစ် ကုမ္ပဏီသည် ကုမ္ပဏီအား လက်ရှိဦးဆောင်နေသည့် ဂျေးဝိုင်လီကို အမှုဆောင်ဥက္ကဋ္ဌအဖြစ် တရားဝင် ရွေးချယ်တင်မြှောက်လိုက်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါအပြောင်းအလဲကြောင့် ဆမ်ဆောင်းကုမ္ပဏီကိုတည်ထောင်ခဲ့သည့်မိသားစု၏ တတိယမျိုးဆက်ဝင်တစ်ဦးဖြစ်သော ဂျေးဝိုင်လီ အနေဖြင့် တောင်ကိုရီးယားစီးပွားရေးတန်ဖိုး အကြီးမားဆုံးကုမ္ပဏီကို တရားဝင် ဦးဆောင်ရတော့မည် ဖြစ်သည်။

အသက် ၅၄ နှစ်ရှိ ဂျေးဝိုင်လီသည် ဖခင်ဖြစ်သူ ဆမ်ဆောင်း ဥက္ကဋ္ဌ လီကွန်ဟီးဆေးရုံတက်ခဲ့ရချိန် ၂၀၁၄ ခုနှစ်မှစ၍ ဆမ်ဆောင်းကုမ္ပဏီကို ဦးဆောင်မှုပေးခဲ့သူ ဖြစ်သည်။

ကမ္ဘာ့အကြီးဆုံး မှတ်ဉာဏ်ချပ်ပြားနှင့် စမတ်ဖုန်းထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် ဆမ်ဆောင်းသည် စီးပွားရေးအရ ကြီးမားသည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရချိန်တွင် ဂျေးဝိုင်လီကို အမှုဆောင်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဆမ်ဆောင်းကုမ္ပဏီသည် ယခုနှစ်တတိယသုံးလပတ်တွင် အမြတ်အစွန်း ၃၁ ရာခိုင်နှုန်းကျဆင်းခဲ့ရကြောင်း သိရသည်။

ထို့ပြင် ပထဝီနိုင်ငံရေးအရ မရေရာမှုများကြောင့် ဆမ်ဆောင်း ထုတ်ကုန်များအတွက် ဈေးကွက်ဝယ်လိုအားမှာ ၂၀၂၃ ခုနှစ် အစောပိုင်းထိတိုင် ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။ KKO



## ယခုနှစ်စက်တင်ဘာလအတွင်း ဟောင်ကောင်နေအိမ်ဈေးနှုန်း ၂၀၁၉ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်း



**ဟောင်ကောင် အောက်တိုဘာ ၂၇**

တရုတ်နိုင်ငံ ဟောင်ကောင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၏ ယခုနှစ် စက်တင်ဘာလအတွင်း ကိုယ်ပိုင်နေအိမ် ဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟောင်ကောင် တာဝန်ရှိသူများက ယနေ့တွင်ထုတ်ပြန်ခဲ့သော ယခုနှစ် စက်တင်ဘာလ အိမ်ဈေးနှုန်းများသည် ယမန်နှစ်စက်တင်ဘာလ ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ၂၁.၁ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

ဟောင်ကောင်ဒေသ၏ အိမ်ဈေးနှုန်းများသည် ဘဏ်တိုးနှုန်းများမြင့်တက်လာမှုနှင့် အားရဖွယ်မရှိသည့် စီးပွားရေးအလားအလာများကြောင့် ယခုနှစ်စက်တင်ဘာလအတွင်း ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ကမ္ဘာပေါ်၌အိမ်ခြံမြေဈေးနှုန်း အမြင့်ဆုံးနေရာများထဲတွင် ပါဝင်သည်။

ကျွမ်းကျင်သူများ၏ အဆိုအရ ယခုနှစ် တစ်နှစ်လုံးအတွက် ဟောင်ကောင်ဒေသ အိမ်ခြံမြေဈေးနှုန်းများမှာ ၂၀၀၈ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ၁၀ ရာခိုင်နှုန်းဝန်းကျင်ကျဆင်းသွားနိုင်ကြောင်း သိရသည်။ KKO

## အီရန်ရှီးယိုက်စ်သူတော်စင်ဂူဗိမာန် တိုက်ခိုက်ခံရမှုဖြစ်ပွား အနည်းဆုံး လူ ၁၅ ဦးသေဆုံး၍ အများအပြားဒဏ်ရာရရှိ

**တီဟီရန် အောက်တိုဘာ ၂၇**



အီရန်နိုင်ငံ၌ ရှီးယိုက်စ်မွတ်စလင်များ အထွတ်အမြတ်ထားသည့် သူတော်စင်ဂူဗိမာန် တစ်ခုကို သေနတ်သမားများက အောက်တိုဘာ ၂၆ ရက်တွင် အကြမ်းဖက် တိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၁၅ ဦး သေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါအကြမ်းဖက် တိုက်ခိုက်မှုဖြစ်စဉ်သည် ရှီရက်ဇ်မြို့ရှိ ရှားချီရက်ဂ် သူတော်စင်ဂူဗိမာန်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရသူလည်း အများအပြားရှိခဲ့ကြောင်း အီရန်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ရှားချီရက်ဂ် သူတော်စင်ဂူဗိမာန် အကြမ်းဖက်တိုက်ခိုက်မှုကိုအစ္စလာမ်မစ်အုပ်စု(အိုင်အက်စ်)ကဲ့သို့ ဆွန်နီအကြမ်းဖက်အုပ်စုများက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အီရန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ထို့အတူ ရှားချီရက်ဂ်ဂူဗိမာန် အကြမ်းဖက်မှု ကျူးလွန်ခဲ့သူ သေနတ်သမားသုံးဦးအနက် နှစ်ဦးကို ဖမ်းဆီးထားနိုင်ပြီး တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်နေဆဲ ဖြစ်ကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားထားသည်။

မိမိတို့အနေဖြင့် ရှားချီရက်ဂ် သူတော်စင်ဂူဗိမာန်တိုက်ခိုက်ခံရမှုအတွက် မိမိတို့အနေဖြင့်တုံ့ပြန်မည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိတွင် ရှားချီရက်ဂ် သူတော်စင်ဂူဗိမာန် တိုက်ခိုက်ခံရမှုအတွက်တာဝန်ရှိသည်ဟုအိုင်အက်စ်အုပ်စုက ကြေညာထားကြောင်း သိရသည်။

KKO

## ဗြိတိန်ထီးနန်းနှင့် အဆက်အဆံဖြတ်တောက်ရေး အဆိုပြုချက်ကို ကနေဒါအောက်လွှတ်တော် ပယ်ချ

**အော့တဝါ အောက်တိုဘာ ၂၇**

ဗြိတိန်ထီးနန်းနှင့် အဆက်အဆံဖြတ်တောက်ရေး အဆိုပြုချက်ကို ကနေဒါ လွှတ်တော်အမတ်များက အောက်တိုဘာ ၂၆ရက်တွင် ပယ်ချခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဗြိတိန်ထီးနန်းနှင့် အဆက်အဆံဖြတ်ရန် ကနေဒါဖက်ဒရယ်အစိုးရအားတောင်းဆိုထားသည့်အထက်ပါအဆိုကို ကွိဘက်ဒေသခွဲထွက်ရေး ဝါဒီပါတီဖြစ်သော ကွိဘက်ကွာ ပါတီက တင်သွင်းခဲ့ခြင်းဖြစ်သည်။

အထက်ပါ အဆိုပြုချက်ကို ကနေဒါ အောက်လွှတ်တော်က အောက်တိုဘာ ၂၆ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ လွှတ်တော်အမတ် ၂၂၆ ဦးတို့က ကန့်ကွက်မဲပေးခဲ့ပြီး ၄၄ဦးတို့က ယင်းအဆိုကို ထောက်ခံမဲပေးခဲ့ကြသည်။

ပြည်ပထီးနန်းတစ်ခုအပေါ် သစ္စာခံထားရမှုသည် ခေတ်နောက်ကျနေသည်သာမဟုတ်အကုန်အကျလည်း မြင့်မားကြောင်း ကွိဘက်ကွာပါတီခေါင်းဆောင်ဗက်စ်ဖရန်ဆွာဘလန်းချက်က ပြောကြားထားသည်။

ဗြိတိန်အစိုးရသည် ၁၅၀၀ ပြည့်နှစ်နှောင်းပိုင်းတွင် ကနေဒါနိုင်ငံကို ကိုလိုနီနယ်မြေအဖြစ် စတင် အုပ်ချုပ်ခဲ့သည်။

ကနေဒါနိုင်ငံသည် ၁၉၈၂ ခုနှစ် ထိတိုင် ဗြိတိသျှအင်ပိုင်ယာ၏ တစ်စိတ်တစ်ဒေသ ဖြစ်ခဲ့သော်လည်း ယခုအခါ ဗြိတိန်ဘုရင်များကို နိုင်ငံတော်အကြီးအကဲအဖြစ် သတ်မှတ်ထားသည့် ဓနသဟာယအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်လျက် ရှိကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ရုရှားအာကာသအေဂျင်စီက ပရိုဂရက်စ်-၈၂ အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ အောင်မြင်စွာလွှတ်တင်ခဲ့



**မော်စကို အောက်တိုဘာ ၂၇**

ရုရှား အာကာသအေဂျင်စီသည် ပရိုဂရက်စ်-၈၂ အမည်ရှိ အာကာသကုန်တင်ယာဉ်ကို အောက်တိုဘာ ၂၅ ရက်က နိုင်ငံတကာ အာကာသစခန်းသို့ အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း Space.com သတင်း ဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၆ ရက်က ရေးသား တင်ပြထားသည်။

ပရိုဂရက်စ်-၈၂ အာကာသကုန်တင်ယာဉ်ကို ဆိုယုဇ်ဒုံးပျံဖြင့် ကာဇက်စတန်နိုင်ငံ ဘိုင်လိုနော အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းအတွက် စားနပ်ရိက္ခာ၊ လောင်စာရည်နှင့် အခြားထောက်ပံ့ပစ္စည်း သုံးတန်ခန့် သယ်ဆောင်သွားကြောင်း သိရသည်။

ပရိုဂရက်စ်-၈၂ အာကာသကုန်တင်ယာဉ်သည် အောက်တိုဘာ ၂၈ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်မည်ဖြစ်ကြောင်း၊ ရုရှားအာကာသ အေဂျင်စီသည် နိုင်ငံတကာအာကာသစခန်း၌ ရှစ်လကြာဆိုက်ကပ်ထားသည့် ပရိုဂရက်စ်-၈၀ အာကာသကုန်တင်ယာဉ် ကမ္ဘာ့လေထုလွှာအတွင်းဝင်ရောက်ခဲ့ပြီး တစ်ရက်အကြာတွင် ပရိုဂရက်စ်-၈၂ အာကာသ ကုန်တင်ယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပရိုဂရက်စ် အာကာသယာဉ်များသည် နိုင်ငံတကာအာကာသစခန်းအတွက် ထောက်ပို့တာဝန်ယူထားသည့် အာကာသကုန်တင်ယာဉ်အမျိုးအစားသုံးမျိုး၌ အပါအဝင်ဖြစ်ကြောင်း သိရသည်။ KKO

## အေးစက်နက်ရှိုင်းသော နေအဖွဲ့အစည်းအနားစွန်းနယ်မြေ၌ ရီယိုဂူးဂြိုဟ်သိမ် စတင်ပေါ်ထွက်လာခြင်းဖြစ်

**ဘာလင် အောက်တိုဘာ ၂၇**

ရီယိုဂူးအမည်ရှိ ဂြိုဟ်သိမ်သည် အေးစက်နက်ရှိုင်းသည့် နေအဖွဲ့အစည်း အနားစွန်းနယ်မြေ၌စတင်ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ Space.com သတင်း ဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၆ ရက်က ရေးသားတင်ပြထားသည်။

ရီယိုဂူးဂြိုဟ်သိမ်ထံမှ ရယူထားသော ကျောက်သားကျောက်စ နမူနာ အထောက်အထားများအရ ၎င်းဂြိုဟ်သိမ်သည် နက်ပကျွန်းဂြိုဟ်နေပတ်လမ်းအနီးတွင် စတင်ပေါ်ထွက်ခဲ့ကြောင်း ဂျာမနီနိုင်ငံ မက်စ်ပလန့်ခ်အင်စတီကျုမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဂြိုဟ်သိမ်သည် နေအဖွဲ့အစည်းအတွင်းသို့ ကူးဝင်လာသည်မှာ အခြားရေခဲဂြိုဟ်ကြီးများ၏ တွန်းထုတ်မှုကြောင့် နေအဖွဲ့အစည်းအတွင်းပိုင်းအတွင်း ရောက်ရှိလာခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။



ဂျပန် အာကာသအေဂျင်စီ၏ ဟာယာဘူဆာ-၂ အာကာသယာဉ်သည် ရီယိုဂူးဂြိုဟ်သိမ် နမူနာကျောက်သားများကို ၂၀၁၉ ခုနှစ်တွင် ကောက်ယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်သို့ ပြန်ပို့ပေးနိုင်ခဲ့ကြောင်း သိရသည်။

ရီယိုဂူးဂြိုဟ်သိမ်သည် လက်ရှိအချိန်တွင် ကမ္ဘာနီးစပ်ဂြိုဟ်သိမ်အဖြစ် သတ်မှတ်ခံထားရသည့် ဂြိုဟ်သိမ်တစ်စင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်သိမ်သည် နေအဖွဲ့အစည်း စတင်ပေါ်ထွက်လာပြီး နှစ်ငါးသန်းခန့်တွင် ဖွဲ့စည်းဖြစ်ပေါ်ခဲ့ပြီး စတင်ဖြစ်ပေါ်ချိန်မှစ၍ ဖွဲ့စည်းတည်ဆောက်ပုံ အပြောင်းအလဲမရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

## ကြာသပတေးဂြိုဟ် နေပတ်လမ်းဆီသို့ ခရီးနှင်နေသော လူစီအာကာသယာဉ်က ကမ္ဘာဂြိုဟ်နှင့် ဂြိုဟ်ရံလတို့ကို မိုင်ပေါင်း ၃၈၀၀၀၀ အကွာမှ ဓာတ်ပုံရိုက်ကူး

**ဝါရှင်တန် အောက်တိုဘာ ၂၇**

ကြာသပတေးဂြိုဟ် နေပတ်လမ်းဆီသို့ ခရီးနှင်နေသော လူစီအာကာသယာဉ်သည် ကမ္ဘာဂြိုဟ်နှင့် ဂြိုဟ်ရံလတို့ကို မိုင်ပေါင်း ၃၈၀၀၀၀ အကွာမှ ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း Space.com သတင်း ဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၆ ရက်က ရေးသားတင်ပြထားသည်။

လူစီ အာကာသယာဉ်သည် အဆိုပါဓာတ်ပုံကို ကမ္ဘာမြေနှင့် မိုင်ပေါင်း ၃၈၀၀၀၀ အကွာမှ တစ်ဆင့် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ) တာဝန်ရှိသူများက ပြောကြားသည်။

လူစီ အာကာသယာဉ်သည် အဆိုပါဓာတ်ပုံကို အောက်တိုဘာ ၁၅ ရက်တွင် T2cam ကင်မရာစနစ်ဖြင့် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

လူစီ အာကာသယာဉ်သည် အောက်တိုဘာ ၁၃ ရက်ကလည်း ကမ္ဘာနှင့် ဂြိုဟ်ရံလတို့ကိုမိုင်ပေါင်း ၈၉၀၀၀၀ အကွာမှ ရိုက်ကူးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကြာသပတေးဂြိုဟ် နေပတ်လမ်းခရီးစဉ်အတွက် ကမ္ဘာဂြိုဟ်၏ ဒြပ်ဆွဲအား အကူအညီရယူရန် ကမ္ဘာဆီသို့ ဦးတည်ပျံသန်းလာချိန်တွင် အဆိုပါဓာတ်ပုံများကို လူစီအာကာသယာဉ်က ရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ကြာသပတေးဂြိုဟ် နေပတ်လမ်းပေါ်ရှိ ထရိုဂျင်ဂြိုဟ်သိမ်များကို လေ့လာရေးအတွက် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် လူစီအာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## မျောက်ကျောက်ကူးစက်ခံရသူ HIV လူနာများ ပြင်းထန်သည့်ကျန်းမာရေးဆိုးကျိုးများ ပေါ်လာနိုင်

**နယူးယောက် အောက်တိုဘာ ၂၇**

ခုခံအားစနစ် အားနည်းနေသော HIV လူနာများ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရပါက ပြင်းထန်သည့်ကျန်းမာရေးဆိုးကျိုးများ ပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ CNN သတင်းဌာနက အောက်တိုဘာ ၂၆ ရက်က ရေးသား တင်ပြထားသည်။

အမေရိကန်အစိုးရ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန (CDC) သုတေသနပညာရှင်များသည် မျောက်ကျောက်ရောဂါကြောင့် ဆေးရုံတက်ရောက်ခဲ့ရသော လူနာ ၅၇ ဦးတို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာတွေ့ရှိချက်များအရ ဆေးရုံတက်မျောက်ကျောက်လူနာများအနက် ၈၂ ရာခိုင်နှုန်းမှာ HIV ပိုးရှိနေသူများဖြစ်ကြကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

မျောက်ကျောက်ရောဂါနှင့် HIV ဗိုင်းရပ်စ်တို့ ပေါင်းဆုံမိချိန်တွင် လူနာများ၌ ပြင်းထန်သည့်အကျိုးဆက်များ ပေါ်ထွက်လာနိုင်ကြောင်း CDC သုတေသနပညာရှင်များက သုံးသပ်ထားသည်။

သို့ဖြစ်ရာ HIV နှင့် မျောက်ကျောက် ဗိုင်းရပ်စ်နှစ်မျိုးလုံးရှိနေသူ လူနာများကိုလည်း ရက်ထရိုဗိုင်းရပ်တိုက်ဖျက်ရေးကုထုံးများဖြင့် ကုသသင့်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## ကာဘိုဟိုက်ဒရိတ်နည်းသော အစားအစာစားသုံးမှုက ပုံစံ-၂ ဆီးချိုကိုတားဆီးရာတွင် ထောက်ကူပေးနိုင်

**နယူးယောက် အောက်တိုဘာ ၂၇**

ကာဘိုဟိုက်ဒရိတ်ဓာတ် နည်းပါးသော အစားအစာများကိုစားသုံးမှုသည် ပုံစံ-၂ ဆီးချိုရောဂါကို တားဆီးရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ယူပီအိုင်သတင်းဌာနက အောက်တိုဘာ ၂၆ ရက်က ရေးသား တင်ပြထားသည်။

ကာဘိုဟိုက်ဒရိတ်ပါဝင်မှုနည်းပါးသော အစားအစာများသည် ဆေးဝါးကုသ ထိန်းချုပ်ထားမှုမရှိသည့် ဆီးချိုရောဂါရှိနေသူများ၏ သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့်ကို လျှော့ချပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ တူလိန်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် ကာဘိုဟိုက်ဒရိတ်နည်းပါးသော အစားအစာများသည် ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်ပွားနိုင်ခြေမြင့်မားသူများ၏ သွေးအတွင်း သကြားဓာတ် ပါဝင်နှုန်းကိုလည်း လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကာဘိုဟိုက်ဒရိတ် နည်းပါးသော အစားအစာများသည် Hemoglobin A1c ခေါ် သွေးနီဆဲလ်အစိတ်အပိုင်းတစ်မျိုးကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် သွေးအတွင်းသကြားဓာတ် ပါဝင်မှုနှုန်း အမျိုးမျိုးရှိသည့် အသက် ၄၀ နှင့် ၇၀ ကြား လူနာပေါင်း ၁၅၀ ခန့်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ကာဘိုဟိုက်ဒရိတ် နည်းပါးသော အစားအစာများ စားသုံးသူများ၌ ကိုယ်အလေးချိန်လည်းကျဆင်းလာပြီး အစာမစားမီ သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့်လည်း ကျဆင်းသွားတတ်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO



နိုင်ငံတကာ
**အားကစားသတင်းများ**

## ပရီးမီးယားလိဂ် ပွဲစဉ် (၁၄) ပွဲကြိုသုံးသပ်ချက်များ

ML

**ဘရန့်ဖို့ဒ် Vs ဝုဖ်**

ကစားမည့်ရက်/အချိန် ၂၉-၁၀-၂၀၂၂ (ည ၀၇း၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘရန့်ဖို့ဒ် ၁ - ၂ ဝုဖ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | - | အိမ်(နိုင်) | အိမ်(သရေ) | ဝေး(ရှုံး) |
| ဝုဖ် | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(ရှုံး) |

ဘရန့်ဖို့ဒ်အသင်းဟာ ပြီးခဲ့တဲ့အဝေးကွင်းမှာ ရှုံးနိမ့်ခဲ့ပေမဲ့ နောက်ဆုံးအိမ်ကွင်းပွဲစဉ်နှစ်ပွဲမှာ ရှုံးပွဲမရှိဘဲ ရလဒ်ကောင်းမွန်နေတာ တွေ့ရမှာပါ။ လက်ရှိ ဝုဖ်အသင်းကတော့ နည်းပြထုတ်ပယ်ပြီးနောက်ပိုင်း ကစားသမားတွေ နားလည်မှုလွဲနေလို့ ကစားအားကျဆင်းနေပါတယ်။ ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းတဲ့ ဘရန့်ဖို့ဒ်အသင်းပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ဘရန့်ဖို့ဒ် ၂ - ၁ ဝုဖ်**

**ဘရိုက်တန် Vs ချဲလ်ဆီး**

ကစားမည့်ရက်/အချိန် ၂၉-၁၀-၂၀၂၂ (ည ၀၈း၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘရိုက်တန် ၁ - ၁ ချဲလ်ဆီး

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(ရှုံး) |
| ချဲလ်ဆီး | - | ဝေး(သရေ) | အိမ်(သရေ) | ဝေး(နိုင်) |

ဘရိုက်တန်အသင်းဟာ နည်းပြသစ်တာဝန်ယူပြီးနောက်ပိုင်း တိုက်စစ်ပိုင်းက ဂိုးရဖို့ရုန်းကန်နေရတာကြောင့်နိုင်ပွဲမရသေးပါဘူး။ လက်ရှိချဲလ်ဆီးအသင်းကတော့ ကြားရက်မှာ ချန်ပီယံလိဂ်ကစားခဲ့ရပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ခြေစွမ်းပိုင်းက ဘရိုက်တန်ထက်သာလွန်တာကိုတွေ့ရမှာပါ။ ဒါကြောင့် ပြိုင်ပွဲစုံမှာ ရလဒ်ကောင်းနေတဲ့ ညေ့သည်ချဲလ်ဆီးကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ချဲလ်ဆီး ၁ - ၀ ဘရိုက်တန်**

## အီတလီစီးရီးအေ ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်

ML

**နာပိုလီ Vs ဆက်ဆူအိုလို**

ကစားမည့်ရက်/အချိန် ၂၉-၁၀-၂၀၂၂ (ည ၀၇း၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

နာပိုလီ ၆ - ၁ ဆက်ဆူအိုလို

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| နာပိုလီ | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| ဆက်ဆူအိုလို | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |

နာပိုလီအသင်းဟာ အခုရာသီပြိုင်ပွဲစုံ ရှုံးပွဲမရှိသေးတဲ့အပြင် အသစ်ခေါ်ယူထားတဲ့ တိုက်စစ်မှူးတွေနဲ့ ခံစစ်ကစားသမားတွေ ခြေစွမ်းပြနေတာကြောင့် ဥရောပပြိုင်ပွဲမှာ နိုင်ပွဲအများဆုံးအသင်းအဖြစ် ရပ်တည်နေပါတယ်။ လက်ရှိ ဆက်ဆူအိုလိုအသင်းကတော့ ပုံမှန်ခြေစွမ်းသာရှိတဲ့အပြင် အဝေးကွင်းခံစစ်ပိုင်းကလဲ ပေးဂိုးများနေပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းထက်မြက်နေတဲ့ နာပိုလီပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း - နာပိုလီ ၂ - ၀ ဆက်ဆူအိုလို**

## အားကစားသတင်း အတိုအထွာများ

- လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမားမက်တင်နီကို စတာလင်ပေါင် ၂၆ သန်းဖြင့်ခေါ်ယူရန် စပါးအသင်းနှင့်အပြိုင် အာဆင်နယ်အသင်းလည်း ပါဝင်လာခဲ့ကြောင်း သိရသည်။
- ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရိန်းဂျားအသင်းကို ဂိုးပြတ်အနိုင်ရခဲ့သည့် နာပိုလီအသင်းအနေဖြင့် ကလပ်အသင်းသမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ ၁၂ ပွဲဆက်အနိုင်ရခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ရရှိခဲ့သည်။
- တိုက်စစ်မှူး ဂျီးဆပ်အနေဖြင့် ဘောလုံးရာသီတစ်ရာသီအတွင်း ပြိုင်ပွဲစုံ ၇၀ ခန့်ကစားနိုင်သည်ဟု နည်းပြအာတီတာက ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# MFF Futsal Championship 2022 အုပ်စုမဲခွဲမှုပြုလုပ်




**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် MFF Futsal Championship 2022 ပြိုင်ပွဲ အုပ်စုမဲခွဲမှုကို ယနေ့ နံနက်ပိုင်းက သုဝဏ္ဏကွင်းအတွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာအခမ်းအနားတွင် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဒေါက်တာရဲမွန်ထွဋ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် အုပ်စုမဲခွဲမှုများကို ပြုလုပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲအတွက် မဲခွဲမှုအပြီးတွင် အုပ်စု(က)၌ Myoma JY FCအသင်း၊ Futsal Chit Thu FCအသင်း၊ Dream Team Legends FC အသင်း၊ Pyae Sone FC အသင်း၊ Taw Win Nan FC အသင်း၊ အုပ်စု (ခ)တွင် MIU FCအသင်း၊ Winner Soccer FC အသင်း၊ Future of Dagon FCအသင်း၊ Lin Latt FCအသင်း၊ အုပ်စု (ဂ)တွင် MFF U-18 Team အသင်း၊ AKS FC အသင်း၊ TG United FCအသင်း၊ UPK FCအသင်း၊ Generations FC အုပ်စု (ဃ)တွင် VUC FC အသင်း၊ Dream Team FC အသင်း၊ Mali Kyal Sin FC အသင်း၊ M2K FC အသင်းတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့ကြသည်။

MFF Futsal Championship 2022 ပြိုင်ပွဲ၏ အုပ်စုအဆင့် ပွဲစဉ်များကို နိုဝင်ဘာ ၁၂ မှ ၁၉ ရက်ထိ ရန်ကုန်မြို့ Imperium Sport Arena တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ရှော်လ်ကေးအသင်းက နည်းပြသောမတ်ရိစ်ကို နည်းပြသစ်အဖြစ် ခန့်အပ်

**ဘာလင် အောက်တိုဘာ ၂၇**

ဘွန်ဒက်လီဂါကလပ်ရှော်လ်ကေးအသင်းသည် ယခုနှစ်မှ ပြန်လည်တန်းတက်လာခဲ့သော်လည်းအမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲ ကစားအပြီးတွင် တစ်ပွဲသာ နိုင်ပွဲရှာနိုင်ခဲ့သည့် နည်းပြခရာမာကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ်အဖြစ် သောမတ်ရိစ်ကို ခန့်အပ်ခဲ့ကြောင်း Bulinews.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ရှော်လ်ကေး အသင်းသည် နည်းပြခရာမာနှင့် ပြီးခဲ့သည့်ဇူလိုင်လက စတင်လက်တွဲခဲ့သော်လည်း ခရာမာအနေဖြင့် အမှတ်ပေးပြိုင်ပွဲတွင် နိုင်ပွဲတစ်ပွဲသာရှိခဲ့ပြီး အမှတ်ပေးဇယားအောက်ဆုံး ရောက်ရှိနေသည့်အပြင် အောက်တိုဘာ ၁၉ ရက်က ကစားခဲ့သည့် ပိုကယ်ဖလားပြိုင်ပွဲ ဒုတိယအဆင့်တွင်လည်း ဟော်ဖန်ဟိမ်းအသင်းကို ငါးဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်၍ ထွက်ခွာခဲ့ရချိန်တွင် အသင်းတာဝန်ရှိသူများက ၎င်းကို ရာထူးမှထုတ်ပယ်ခဲ့သည်။

ထို့နောက် ရှော်လ်ကေးအသင်းအားကစားဒါရိုက်တာ ရက်ဟိုဒါက ဘိုချမ်အသင်းနှင့် လမ်းခွဲခဲ့သည့် နည်းပြသောမတ်ရိစ်ကို ချိတ်ဆက်ခဲ့ပြီး သဘောတူညီမှု ရရှိခဲ့သော်လည်း အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး အသေးစိတ်ကို တရားဝင်ထုတ်ပြန်ခဲ့ခြင်းမရှိဘဲ နည်းပြ သောမတ်ရိစ်အနေဖြင့် ယခုတစ်ပတ်အတွင်းကစားရမည့် ဖရိုင်းဘတ်အသင်းနှင့်ပွဲစဉ်တွင် စတင်တာဝန်ယူမည်ဖြစ်သည်။




အသက် ၄၉ နှစ်ရှိ နည်းပြ သောမတ်ရိစ်သည် ၂၀၁၇ ခုနှစ်မှ နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့ပြီးနောက် ဘိုချမ်လူငယ်အသင်းနှင့် ဝုဖ်ဘတ်လူငယ်အသင်းတို့ကို တာဝန်ယူပြီး ၂၀၁၉ ခုနှစ်တွင် ဘိုချမ်အသင်းအား စတင်ကိုင်တွယ်ခဲ့ရာတွင် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းအား ဘွန်ဒက်လီဂါသို့ ရောက်ရှိအောင် ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ML

# ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်မှ ဘာစီလိုနာအသင်း နှစ်နှစ်ဆက်တိုက် ထွက်ခွာခဲ့ရ



**ဘာစီလိုနာ အောက်တိုဘာ ၂၇**

ပြီးခဲ့သည့် အောက်တိုဘာ ၂၆ ရက်က ကစားခဲ့သည့် ချန်ပီယံလိဂ် အုပ်စုပွဲစဉ်တွင် အင်တာမီလန်အသင်းက ပလာဇန်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် အုပ်စုတတိယနေရာတွင် ရပ်တည်နေသည့် ဘာစီလိုနာအသင်းအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းနှင့် မကစားရသေးသော်လည်း အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသောကြောင့် ဘောလုံးရာသီနှစ်ရာသီဆက်တိုက် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် ဘာစီလိုနာအသင်းအနေဖြင့် ယနေ့နံနက်ပိုင်းတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ကစားခဲ့သည့် အိမ်ကွင်းပွဲစဉ်တွင်လည်း သုံးဂိုး ပြတ်ဖြင့် ထပ်မံရှုံးနိမ့်ခဲ့သောကြောင့် နည်းပြဇာဗီ တာဝန်ယူကိုင်တွယ်သည့်ကာလအတွင်း နှစ်ရာသီဆက်တိုက် အုပ်စုအဆင့်မှထွက်ခွာခဲ့ရပြီး ယူရိုပါလိဂ်ပြိုင်ပွဲသာ ကစားရန် သေချာခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(C)တွင် ပလာဇန်၊ ဘိုင်ယန်မြူးနစ်၊ အင်တာမီလန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အုပ်စုအဖွင့်ပွဲစဉ်တွင် ပလာဇန်အသင်းကို ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ကျော့စလုံး ရှုံးနိမ့်ခဲ့သကဲ့သို့ အင်တာမီလန် အသင်းကိုလည်း အိမ်ကွင်းတွင်သာ သရေရလဒ် ကစားနိုင်ခဲ့ကာ အဝေးကွင်းတွင် ရှုံးနိမ့်ခဲ့သောကြောင့် အုပ်စု ငါးပွဲကစားအပြီးတွင် ရမှတ်လေးမှတ်ဖြင့် တတိယနေရာတွင် ရောက်ရှိနေသောကြောင့် ယူရိုပါလိဂ်ယှဉ်ပြိုင်ခွင့်သာ ရရှိခဲ့ခြင်းဖြစ်သည်။

အသင်းနည်းပြ ဇာဗီက "ဒီနေ့မှာ ကျွန်တော်တို့ အသင်းအနေနဲ့ ဘိုင်ယန်ကို ယှဉ်နိုင်တဲ့အဆင့်မှာ မရှိခဲ့တာကြောင့် ရှုံးနိမ့်ခဲ့ပါတယ်။ ဒါ့ပြင် တစ်ဖက်ကအင်တာမီလန်က နိုင်ပွဲရသွားတာကြောင့် ကျွန်တော်တို့အသင်းဟာ ဒီပွဲစဉ်မတိုင်ခင်ကတည်းက စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုရှိနေတာပါ။ ဒီနေ့ ကစားသွားတဲ့ ဘိုင်ယန်ရဲ့ကစားပုံဟာ ထင်ထားထက်ပိုကောင်းခဲ့ပါတယ်။ အသင်းအနေနဲ့ အုပ်စုအဖွင့်ပွဲအပြီးမှာ ဇယားထိပ်ရောက်ခဲ့လို့ အုပ်စုအဆင့်ကနေ လွယ်ကူစွာ တက်ရောက်နိုင်မယ်လို့ ထင်ထားခဲ့ပေမဲ့ ကျွန်တော်တို့ မလုပ်နိုင်ခဲ့ပါဘူး။ ဒါကြောင့် အုပ်စုအဆင့်နဲ့ ကျေနပ်ခဲ့ရတာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ရှမ်းယူနိုက်တက်အသင်း အနိုင်ရရှိ



**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယား ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ပွဲစကတည်းက ခြေစွမ်းပိုင်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၈ မိနစ်တွင် ရဲမင်းသူကလည်းကောင်း၊ ပွဲချိန် ၄၄ မိနစ်တွင် စည်သူအောင်ကလည်းကောင်း ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်း ပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရှမ်းယူနိုက်တက်အသင်းကပင် ဆက်လက်ဖိအားပေးကစားခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းအနေဖြင့် ရှမ်းယူနိုက်တက်အသင်း တိုက်စစ်ဆင်မှုများကို ခက်ခက်ခဲခဲ ထိန်းချုပ် ကစားခဲ့ရသည့်အတွက် တန်ပြန်တိုက်စစ်များမှတစ်ဆင့်သာ ပြန်လည်ဖိအားပေးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရခိုင်ယူနိုက်တက်အသင်းထက် ရှမ်းယူနိုက်တက်အသင်းက ဂိုးသွင်းခွင့်များပိုမိုရရှိခဲ့သော်လည်း အခွင့်အရေးများကို အသုံးချနိုင်ခြင်း မရှိသည့်အတွက် ပွဲပြီးဆုံးချိန်ထိ နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပွဲပြီးဆုံးချိန်တွင် ပထမပိုင်းသွင်းဂိုးများဖြင့် ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# တားမြစ်ဆေးဝါးသုံးစွဲထားသည့် ကော်နာဘင်ကို ဗြိတိန်လက်ဝှေ့ဘုတ်အဖွဲ့က လိုင်စင်ရုပ်သိမ်း

**လန်ဒန် အောက်တိုဘာ ၂၇**

WBA Continental ဝယ်လ်တာဝိတ်တန်းချန်ပီယံ ကော်နာဘင်သည် အောက်တိုဘာ ၈ ရက်က ခရစ်အူဘန့်ဂျူနီယာနှင့် ထိုးသတ်ရန်အတွက် ဆေးစစ်မှုခံယူခဲ့ရာ တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

ဒုတိယအကြိမ် ဆေးစစ်မှုကို အောက်တိုဘာ ၁၁ ရက်က ပြုလုပ်ခဲ့ရာတွင်လည်း တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည့်အတွက် ကော်နာဘင်ကို စိန်ခေါ်ပွဲထိုးသတ်ခြင်းမှ ရပ်ဆိုင်းလိုက်ကြောင်း ဗြိတိန်လက်ဝှေ့ဘုတ်အဖွဲ့က အောက်တိုဘာ ၁၂ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ခရစ်အူဘန့်ဂျူနီယာနှင့်ထိုးသတ်ရမည့်ပွဲစဉ်ကို ဖျက်သိမ်းခဲ့ရပြီးနောက် ကော်နာဘင်ကို ဗြိတိန်လက်ဝှေ့ဘုတ်အဖွဲ့က စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ကာ အောက်တိုဘာ ၂၆ ရက်က ကော်နာဘင်၏ လက်ဝှေ့လိုင်စင်ကို ရုပ်သိမ်းရန် ဆုံးဖြတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



လက်ဝှေ့လိုင်စင် ရုပ်သိမ်းခံရသည့် ကော်နာဘင်က ဗြိတိန်လက်ဝှေ့ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်မှာ မျှတမှုမရှိကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။

ကော်နာဘင်၏ ပြောရေးဆိုခွင့်ရှိသူက "ကော်နာဘင်ဟာသူ့ရဲ့ ဂုဏ်သိက္ခာအတွက် ပြန်လည်တုံ့ပြန်ဖို့ စီစဉ်နေပါတယ်။ ဒါပေမဲ့ ဗြိတိန်လက်ဝှေ့ဘုတ်အဖွဲ့ရဲ့ဆုံးဖြတ်ချက်ကတော့ စိတ်ပျက်စရာကောင်းပါတယ်။ ကော်နာဘင်ရဲ့ လက်ဝှေ့လိုင်စင်ကို ရုပ်သိမ်းလိုက်တဲ့အတွက် ကော်နာဘင်အနေနဲ့ ဘာမှတုံ့ပြန်လို့မရဘူးဖြစ်သွားတယ်။ ဗြိတိန်လက်ဝှေ့ဘုတ်အဖွဲ့ရဲ့ဆုံးဖြတ်ချက်က ကော်နာဘင်ကို အခက်တွေ့စေပါတယ်။ ကော်နာဘင်အနေနဲ့ လိုင်စင်ပြန်ရဖို့ ကြိုးစားနေပါတယ်။ လိုင်စင်ပြန်ရရှိဖို့အတွက် စွဲချက်တွေကို ပြန်လည်ချေပဖို့ရှိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ချပြရှင်းလင်းဖို့ စီစဉ်နေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Swiss Indoors တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အယ်ကာရက် တက်ရောက်

**ဘေဆယ် အောက်တိုဘာ ၂၇**

Swiss Indoors တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) စပိန်တင်းနစ်ကစားသမား အယ်ကာရက်နှင့် နယ်သာလန်တင်းနစ်ကစားသမား ဗန်ဒီရှုလှပ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်က (၆-၄၊ ၆-၂)ရလဒ်ဖြင့်အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်သည် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားနေသကဲ့သို့ ချန်ပီယံလက်စွမ်းမျိုးဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်သည် ဝါရင့်တင်းနစ်ကစားသမား ဗန်ဒီရှုလှပ်ကို တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သကဲ့သို့ ဗန်ဒီရှုလှပ်ကိုယ်တိုင်ကလည်း အယ်ကာရက်သည် ကမ္ဘာ့အဆင့်(၁)နေရာဖြင့် ထိုက်တန်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း ပွဲအပြီးတွင်ချီးကျူးခဲ့သည်။

ဗန်ဒီရှုလှပ်က"လက်ရှိအချိန်မှာ အယ်ကာရက်က အကောင်းဆုံး ကစားသမား တစ်ယောက်ဖြစ်ပြီး ကမ္ဘာ့အဆင့်(၁)နေရာနဲ့ထိုက်တန်တဲ့ ကစားသမားတစ်ယောက်ဖြစ်ပါတယ်။ လက်ရှိရပ်တည်နေတဲ့ကမ္ဘာ့အဆင့်ကလဲ သူဟာဘယ်လိုကစားသမားဖြစ်တယ်ဆိုတာကို ရှင်းပြစရာမလိုတဲ့ အနေအထားဖြစ်ပါတယ်။ ဒီနှစ်အတွင်းမှာ သူရထားတဲ့ အောင်မြင်မှုတွေကလဲ အံ့သြစရာပါ။ သူ့ရဲ့အောင်မြင်မှုတွေအတွက် ဂုဏ်ယူပါတယ်။ အယ်ကာရက်ရဲ့ စွမ်းဆောင်ရည်က ချီးကျူးစရာကောင်းပါတယ်။ ဆယ်ကျော်သက်ကစားသမားတစ်ယောက် အခုလို အောင်မြင်မှုတွေ ဆွတ်ခူးထားနိုင်တာဟာ တင်းနစ်လောကကို လူတွေပိုပြီး စိတ်ဝင်စားလာစေပါတယ်။ ပိုပြီးတော့ စွဲဆောင်မှုရှိတဲ့ အားကစားဖြစ်လာတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## ယူရိုပါလိဂ်အုပ်စုအဆင့် ရလဒ်

| | | | | |
|---|---|---|---|---|
| ဇူးရစ် | ၂ | - | ၁ | ဘိုဒိုဂလင့် |
| ပီအက်စ်ဗွီ | ၂ | - | ၀ | အာဆင်နယ် |
| လာနာကာ | ၃ | - | ၃ | ဒိုင်နမိုကိဗ် |
| ဖီနာဘာချီ | ၃ | - | ၃ | ရင်းနက် |

(၀၄၀)

## ယူရိုပါကွန်ဖရင့်လိဂ်အုပ်စုအဆင့် ရလဒ်

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၂ | - | ၁ | အစ္စတန်ဘူလ် |
| ဩစတြီးယားဝီန်း | ၁ | - | ၁ | လက်ပေါ့ဇနန် |
| ဗီလာရီးရဲလ် | ၂ | - | ၂ | ဟာပိုးဘီယာရှီဗာ |
| နိုက် | ၂ | - | ၁ | ပါတီဇန် |

(၀၄၀)

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်များ

STA

**လိုက်ပ်ဇစ် Vs လေဗာကူဆင်**

**ကစားမည့်ရက်/အချိန် ၂၉-၁၀-၂၀၂၂ (ည ၀း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လေဗာကူဆင် ၀ - ၁ လိုက်ပ်ဇစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| **လိုက်ပ်ဇစ် -** | **အိမ်(နိုင်)** | **ဝေး(သရေ)** | **အိမ်(နိုင်)** |
| **လေဗာကူဆင် -** | **ဝေး(ရှုံး)** | **အိမ်(သရေ)** | **ဝေး(သရေ)** |

အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ လိုက်ပ်ဇစ်အသင်းဟာ လေဗာကူဆင်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးနိုင်မှာပါ။ လေဗာကူဆင်အသင်းကလဲနောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေတယ်ဆိုပေမဲ့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ လိုက်ပ်ဇစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လိုက်ပ်ဇစ် ၃ - ၂ လေဗာကူဆင်**

---

**ဖရန့်ဖတ် Vs ဒေါ့မွန်**

**ကစားမည့်ရက်/အချိန် ၂၉-၁၀-၂၀၂၂ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရန့်ဖတ် ၂ - ၃ ဒေါ့မွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| **ဖရန့်ဖတ် -** | **ဝေး(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |
| **ဒေါ့မွန် -** | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **အိမ်(သရေ)** |

ဖရန့်ဖတ်အသင်းဟာ သုံးပွဲဆက်နိုင်ပွဲရယူထားပြီး ပုံစံကောင်းပြသနေတယ်ဆိုပေမဲ့ ဒေါ့မွန်အသင်းနဲ့တွေ့ဆုံတိုင်း ရှုံးကန်ရလေ့ရှိပါတယ်။ လက်ရှိ ဒေါ့မွန်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုရှိနေလို့ အဝေးကွင်းဆိုပေမဲ့ ဖရန့်ဖတ်အသင်းကို အသာစီးရယူနိုင်မှာပါ။ ဒါကြောင့် တွေ့ဆုံမှုတိုင်းအသာစီးမှာရှိနေတဲ့ ဒေါ့မွန်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**အင်တာနက်ခန့်မှန်း - ဒေါ့မွန် ၂ - ၁ ဖရန့်ဖတ်**

# ပြင်သစ်လီဂူး ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်များ

STA

**ပီအက်စ်ဂျီ Vs ထရွိုင်းယက်**

**ကစားမည့်ရက်/အချိန် ၂၉-၁၀-၂၀၂၂ (ည ၀၉း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပီအက်စ်ဂျီ ၂ - ၂ ထရွိုင်းယက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| **ပီအက်စ်ဂျီ -** | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |
| **ထရွိုင်းယက် -** | **ဝေး(ရှုံး)** | **အိမ်(သရေ)** | **အိမ်(သရေ)** |

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ ထရွိုင်းယက်အသင်းအတွက် အဝေးကွင်းမှာ သရေရလဒ်တောင်မျှော်လင့်ခွင့်မရှိပါဘူး။ လက်ရှိ ပီအက်စ်ဂျီအသင်းရဲ့ခြေစွမ်းပိုင်းကလဲ အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီအသင်းရဲ့အနိုင်ရလဒ်က သေချာနေပါတယ်။

**အင်တာနက်ခန့်မှန်း - ပီအက်စ်ဂျီ ၃ - ၀ ထရွိုင်းယက်**

---

**စထရာဘော့ Vs မာဆေး**

**ကစားမည့်ရက်/အချိန် ၃၀-၁၀-၂၀၂၂ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၄ - ၀ စထရာဘော့**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| **စထရာဘော့ -** | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **ဝေး(သရေ)** |
| **မာဆေး -** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |

မာဆေးအသင်းဟာ သုံးပွဲဆက်ရှုံးနိမ့်ထားတယ်ဆိုပေမဲ့ စထရာဘော့အသင်းနဲ့တွေ့ဆုံတိုင်း တစ်ပွဲမှမရှုံးနိမ့်သေးဘဲ အသာစီးရယူထားပါတယ်။ လက်ရှိ စထရာဘော့အသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိသေးဘဲ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ ထိပ်တိုက်တွေ့ဆုံမှုတိုင်းအသာစီးမှာရှိနေတဲ့ မာဆေးအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - မာဆေး ၂ - ၀ စထရာဘော့**

# ဇာတိ ဇရာ ဗျာဓိ မရဏ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**"ရေဘေး မီးဘေး၊ ပြည်ပျက်ဘေး၊ ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၏။ အိုဘေး နာဘေး၊ သေခြင်းဘေးဟု၊ ဤဘေးသုံးပါး၊ လွန်ကြီးမားကား၊ သားနှင့်အမိ၊ ဖြစ်တုံ့ဘိလည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊ သက်သက်ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချရွှာ၊ နေရရှာရှင့်"**

**(မဃဒေဝလင်္ကာ)**

ကမ္ဘာတစ်ဝန်း ကိုဗစ်ကပ်ရောဂါကူးစက်ခံရသူပေါင်း၊ သေဆုံးသူပေါင်း၊ ပြန်လည်ကျန်းမာလာသူပေါင်း၊ နောက်ဆုံးအခြေအနေများကို နေ့စဉ်ထုတ်သတင်းစာများတွင် နေ့စဉ်ဖော်ပြနေခဲ့ရာ လူဦးရေသန်းနှင့်ချီ၍ ဖြစ်ပွားနေကြပါသည်။ ကမ္ဘာ့ကပ်ရောဂါဒဏ်ကို မြန်မာနိုင်ငံကလည်း ခံစားခဲ့ရသည်ဖြစ်ရာ နောက်ဆုံးအခြေအနေများကို နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပေးနေခဲ့ပါသည်။ ကြောက်ဖွယ်လိလိပါတကား။

သေဆုံးခဲ့ကြသူအများစုမှာ ရောဂါအခံရှိသူသက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ ကွယ်လွန်သွားကြသူများကိုလည်း ဆွေမျိုးသားချင်းမိတ်ဆွေအပေါင်းအသင်းများက လိုက်ပါပို့ဆောင်နိုင်ခြင်းအလျှင်းမရှိကြဘဲ မျက်နှာလွှဲခဲ့ကြရသောကြောင့် မချိတင်ကဲခံစားကြကာ လက်မှိုင်ချ၍ နေခဲ့ကြရပါသည်။ ကြေကွဲဝမ်းနည်းဖွယ်ရာများပါတကား။

ကပ်ရောဂါဆိုးကြောင့် ရောဂါအခံရှိသူသက်ကြီးရွယ်အိုများသာမက အချို့အရွယ်ကောင်းသူများလည်း ရောဂါအဖြစ်များပြီး သေဆုံးမှုများနေကြသည့်သတင်းများကို နေ့စဉ်ကြားသိခဲ့ကြပါသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းက အသက် ၈၀ နှင့်အထက်သက်ကြီးစာပေပညာရှင်ကြီးများကို နှစ်စဉ်ကန်တော့ခဲ့ရာ ၂၀၁၉ ခုနှစ်တွင် သက်ကြီးစာပေပညာရှင် ၂၇၆ ဦးရှိခဲ့သော်လည်း ကိုဗစ်ရောဂါကာလအတွင်း သက်ကြီးစာပေပညာရှင်ဦးရေ ၉၀ ကွယ်လွန်သွားခဲ့ကြပါသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများသည် **"ဇာတိ=ပဋိသန္ဓေနေခြင်း၊ ဇရာ=အိုမင်းရင့်ရော်ခြင်း၊ ဗျာဓိ=နာခြင်း၊ မရဏ=သေခြင်း"**ဟူသော ခန္ဓာရှိသူများ၏ ဒုက္ခတရားစဉ်ကို ဆင်ခြင်ရှုမြင်သံဝေဂပွားလာခဲ့ကြပါသည်။

**လူ့ဘဝသက်တမ်း ၁၀၀ နှစ်** သတ်မှတ်ပါက (၁)ပထမအရွယ် ၃၃ နှစ်ထိ (ပညာရှာ)၊ (၂)ဒုတိယအရွယ် ၃၄ နှစ်မှ ၆၆ နှစ်ထိ (ဥစ္စာရှာ)၊ (၃)တတိယအရွယ် ၆၇ နှစ်အထက်(တရားရှာ)ဟူ၍ လည်းကောင်း၊ **လူ့ဘဝသက်တမ်း ၇၅ နှစ်**သတ်မှတ်ပါက (၁)ပထမအရွယ် ၂၅ နှစ်ထိ (ပညာရှာ)၊ (၂)ဒုတိယအရွယ် ၂၆ နှစ်မှ ၅၀ နှစ်ထိ (ဥစ္စာရှာ)၊ (၃)တတိယအရွယ် ၅၀ နှစ်အထက် (တရားရှာ)ဟူ၍ လည်းကောင်း အရွယ်သုံးပါးသတ်မှတ်ထားကြပါသည်။

အရွယ်သုံးပါးအမျိုးအစားအသက်အပိုင်းအခြားများ မည်သို့ရှိနေကြစေကာမူ မိမိတို့ အသုံးပြုခဲ့ကြသော အချိန်များနှင့် လက်ကျန်အချိန်များကိုသာ စိစစ်ရပေမည်။

**ဘဝလက်ကျန်အချိန်ဇယား**

| သင့်အသက် | သင်သုံးခဲ့ပြီးသောအချိန် | လက်ကျန်ချိန် |
|---|---|---|
| ၅၀ နှစ် | ၁၈၂၅၀ ရက် | ၉၁၂၅ ရက် |
| ၅၅ နှစ် | ၂၀၀၇၅ ရက် | ၇၃၀၀ ရက် |
| ၆၀ နှစ် | ၂၁၉၀၀ ရက် | ၅၄၇၅ ရက် |
| ၆၅ နှစ် | ၂၃၇၂၅ ရက် | ၃၆၅၀ ရက် |
| ၇၀ နှစ် | ၂၅၅၅၀ ရက် | ၁၈၂၅ ရက် |
| ၇၅ နှစ် | ၂၇၃၇၅ ရက် | တရားမမေ့ပါနဲ့ |

မိမိအသက် ၇၅ နှစ်ထိသာနေရပါက ဘဝလက်ကျန်ချိန်အနည်းငယ်သာရှိပေတော့မည်။ **ပညာရှင်တစ်ဦး**က အသက် ၆၀ ထိ နေရသူတစ်ဦးသည် အိပ်ချိန်ပေါင်း အနှစ် ၂၀၊ စားသောက်ချိန်သုံးနှစ်၊ အလုပ်လုပ်ချိန် ၁၇ နှစ်ခွဲ၊ အပျော်အပါးအချိန်ခုနစ်နှစ်ခွဲ၊ အလုပ်မလုပ်သည့်အချိန်သုံးနှစ်၊ သန့်စင်ခန်းဝင်၊ ရေချိုးသည့်အချိန်ကိုးနှစ်သုံးခဲ့ကြောင်း သုတေသနပြုထားပါသည်။ အသက် ၆၀ ပြည့်သူတစ်ဦးသုံးခဲ့ပြီးသောအချိန် ၂၁၉၀၀ ရက်ရှိခဲ့ရာ ပထမအရွယ်ပညာရှာချိန်ကို နုတ်ဖယ်ကြည့်ပါက အလုပ်လုပ်ချိန်အလွန်နည်းပါးလှပါသည်။ ယနေ့ခေတ် ဖုန်းပွတ်၊ ဂိမ်းကစားနေကြသည့်အချိန်များကိုသာထည့်တွက်ပါက အလုပ်လုပ်ချိန်ပို၍ နည်းပါးသွားပေလိမ့်မည်။

အမှုမဲ့အမှတ်မဲ့နေခဲ့ကြသောကြောင့်သာ အချိန်များ၏တန်ဖိုးကို မသိကြခြင်းပါ။ **"လောကကြီးမှာ အစားထိုးမရသောအရာနှစ်မျိုးရှိရာ အချိန်နှင့် မိဘဖြစ်သည်"**ကုန်ဆုံးသွားသောငွေများကို ပြန်လည်ရှာဖွေ၍ရနိုင်သော်လည်း ကုန်ဆုံးသွားသောအချိန်

(၂)အသက် ၇၁ နှစ်မှ ၈၀ နှစ်ထိ **"ပဗ္ဗာရဒသက အရွယ်"**(မှုန်မှိုင်းထုံထိုင်းသောအရွယ်)၊ (၃)အသက် ၈၁ နှစ်မှ ၉၀ နှစ်ထိ **"မောမူဟဒသကအရွယ်"**(တွေဝေမိန်းမောသောအရွယ်)၊ (၄)အသက် ၉၁ နှစ်မှ အသက် ၁၀၀ နှစ်ထိ **"သေယျဒသကအရွယ်"**(အိပ်ရာထဲလဲနေသောအရွယ်)ဟူ၍ဖြစ်ပါသည်။

ဇရာအိုအနည်းစုမှအပ အများစုသည် သတ်မှတ်ထားသောအဆင့်(၄)ဆင့်ထဲမှာသာ ရှိနေကြပါသည်။ အချို့ဆိုပါမူ စားဝတ်နေရေးကြောင့် အရွယ်နှင့်မမျှအိုစာသွားကြပြီး စိတ်ဝေဒနာခံစားနေကြရပါသည်။ အချို့ကတော့ နာတာရှည်ရောဂါများဖြစ်ပွားကြပြီး လေဖြတ်၊ သတိလစ်၊ အိပ်ရာထဲမှာလဲနေကြရာ သေသည်နှင့်မခြား ခံစားနေကြရပါသည်။ မိသားစု၏ ပြုစုငြင်မှုကို ခံရပါများသူတချို့၊ ကိုယ့်ကိုယ်ကိုယ်

❖ လူ့ဘဝအရွယ်သုံးပါးတွင် ပထမအရွယ်နှင့် ဒုတိယအရွယ်မှာ အချိန်ပေါင်းမြောက်မြားစွာသုံးနိုင်ခဲ့ကြသော်လည်း ဇရာအိုဘဝတတိယ အရွယ်မှာတော့ အချိန်ကအနည်းငယ်သာကျန်ပါတော့သည်။ ဇာတိနှင့် ဇရာကြားမှာ နှစ်ပေါင်း ၆၀ ကွာဝေးလှသဖြင့် အချိန်များ များစွာရသွားပါသည်။ ဇာတိနှင့် ဇရာက အလှမ်းကွာဝေးလွန်းလှသော်လည်း ဇရာနှင့် ဗျာဓိက ပူးကပ်နေကြပြီး အပ်နှင့်အပ်ချည်ပမာ ဒွန်တွဲနေကြပါသည်။ ဗျာဓိနှင့် မရဏကတော့ ခေါင်းနှင့်ပန်းပမာ ကျောချင်းကပ်၊ ရင်ချင်းအပ် နေကြပါသည်။ ❖

များကို ပြန်လိုချင်၍ လုံးဝမရပေ။ ကွယ်လွန်သွားကြသောမိဘများကိုလည်း ပြန်လည်အစားထိုး၍ လုံးဝမရနိုင်တော့ပေ။

ထို့ကြောင့် **သီတဂူဆရာတော်ကြီး**က **"အချိန်သည် အချိန်ကိုစားသောကြောင့် အချိန်တွေကုန်၏၊ အချိန်က လူတွေကိုစားသောကြောင့် လူတွေလည်းကုန်နေ၏။ အချိန်ကိုနိုင်အောင်မစားနိုင်လျှင် ဘဝမှာ အရှုံးထွက်မည်၊ ဘဝအတွက် အမြတ်ထွက်အောင် အချိန်ကိုနိုင်အောင်စားရမည်"**ဟူ၍ လည်းကောင်း၊ **"အပ္ပမာဒတရားဖြင့်၊ ကိုယ်စိတ်နှလုံးသုံးပါးစောင့်ထိန်းပြီး၊ ဒါန၊ သီလ၊ ဘာဝနာတရားအားထုတ်ပါ။ ဒီဘဝမှာလည်း တရားနှင့်အညီနေထိုင်လျှင်၊ အနေကောင်း၊ အသေကောင်း၊ နောင်ဘဝမှာလည်း၊ အနေကောင်းမယ်"**ဟူ၍ လည်းကောင်း ဟောကြားလမ်းညွှန်ခဲ့ပါသည်။

လူ့ဘဝအရွယ်သုံးပါးတွင် ပထမအရွယ်နှင့် ဒုတိယအရွယ်မှာ အချိန်ပေါင်းမြောက်မြားစွာသုံးနိုင်ခဲ့ကြသော်လည်း ဇရာအိုဘဝတတိယအရွယ်မှာတော့ အချိန်ကအနည်းငယ်သာကျန်ပါတော့သည်။ ဇာတိနှင့် ဇရာကြားမှာ နှစ်ပေါင်း ၆၀ ကွာဝေးလှသဖြင့် အချိန်များ များစွာရသွားပါသည်။ ဇာတိနှင့် ဇရာက အလှမ်းကွာဝေးလွန်းလှသော်လည်း ဇရာနှင့်ဗျာဓိက ပူးကပ်နေကြပြီး အပ်နှင့်အပ်ချည်ပမာ ဒွန်တွဲနေကြပါသည်။ ဗျာဓိနှင့်မရဏကတော့ ခေါင်းနှင့်ပန်းပမာ ကျောချင်းကပ်၊ ရင်ချင်းအပ်နေကြပါသည်။ အသက် ၆၀ ကျော် ပင်စင်နာဘဝကတည်းက ရောဂါမျိုးစုံဝင်ရောက်လာခဲ့ကြပြီး သေဆုံးသွားကြရပါသည်။ **ဇရာ၊ ဗျာဓိ၊ မရဏ** အတွဲက ဟန်ချက်ညီလိုက်ဖက်လှပါပေသည်။

အချိန်ဆင်းရဲနည်းပါးလွန်းသော ဇရာအိုကြီးများကို မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံအရ အဆင့်(၄)ဆင့် ထပ်မံခွဲခြားသတ်မှတ်ထားရာ (၁)အသက် ၆၁ နှစ်မှ ၇၀ နှစ်ထိ **"ဝင်္ကဒသကအရွယ်"**(ခါးကိုင်းသောအရွယ်)၊

သေကြောင်းကြံစည်သွားကြသည်များလည်းရှိပါသည်။ **ဗျာဓိ**ကလည်း **ဇရာ**နှင့် ဖွားဖက်တော်အလား ပူးတွဲပြီး ရေနစ်သူကိုဝါးကူ၍ ထိုးနေလေရာ **မရဏ**က အဆင်သင့်စောင့်ကြိုနေပါသည်။

**မရဏ**က အဆင်သင့်စောင့်ကြိုနေစဉ်တွင် မီးလောင်ရာလေပင့်ဆိုသလို ကမ္ဘာ့ကပ်ရောဂါဆိုးကဝင်နှောင့်လိုက်သောအခါ အချိန်မတိုင်မီ တဖြုတ်ဖြုတ်ကြွေကုန်ကြပါသည်။ ဘဝကူးကောင်းအောင် စွမ်းဆောင်နိုင်ခြင်းမရှိကြတော့ပေ။ ထို့ကြောင့် ဆရာတော်ကြီးများက "အသေမဦးခင် ဉာဏ်ဦးအောင်လုပ်ကြ။ ရခဲလှသည့်ဘဝလေးမှာ အချိန်ကိုမဖြုန်းလိုက်ပါနဲ့။ အိုရာကနာရာမရောက်ခင်၊ ဝိပဿနာလုပ်ပါ။ မီးစွဲလောင်မှရေကိုတသော်၊ မရဖြစ်အင်၊ ပုံနှိုင်းယှဉ်၍၊ မဂ္ဂင်သန္ဓေ၊ တည်မြဲနေအောင်၊ မသေခင်က၊ ပြင်ဆင်တောက်လျှောက်၊ မေ့မပျောက်နှင့်၊ ချွေးပေါက်ယိုစီး၊ သေခါနီးဝယ်၊ အပြီးမှုချ၊ မင်္ဂကိုရလိမ့်"ဟု ဟောကြားလမ်းညွှန်နေကြခြင်းဖြစ်ပါသည်။

ထို့ပြင် ဇရာအိုများကိုလည်း "ဟို့ (အဘိုးကြီး၊ အဘွားကြီး)၊ ဖြက်တီးဖြက်ချော်၊ အသက်ကြီးမှ မြေးတွေနဲ့ပျော်။ ပျော်ရင်းပျော်ရင်း၊ သေမင်းကခေါ်၊ သူတို့အတွက် ဘဝနာနော်။ တရားအလုပ်၊ အားထုတ်နိုင်မှတော်"ဟု ဓမ္မသံဝေဂလင်္ကာလေးဖြင့်လည်း နှိုးဆော်သတိပေးနေကြပါသည်။

**သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဦးကုဏ္ဍလာဘိဝံသ**ကလည်း "အိုဘေး၊ နာဘေး၊ သေဘေးနှင့် ဆိုင်၊ သားနှင့်သမီး၊ ကုစားမနိုင်၊ အမိအဘ၊ ရှိကလက်မှိုင်၊ မဂ္ဂင်ပွား၊ တရားသူကနိုင်"ဟု သတိပေးထားပါသည်။

သို့သော် အချို့မှာ **ဗျာဓိ**နှင့် **မရဏ**ကို မေ့နေခဲ့ကြသည်။ "အူမတောင့်မှ သီလစောင့်နိုင်မယ်"ဟု အကြောင်းပြကာ အသက်များကြီးလာသလို လောဘ၊ ဒေါသ၊ မောဟများကြီးနေကြသည်။ သွားများကျိုးနေသော်လည်း မာန်စွယ်များက မကျိုးကြသေးပေ။ အသားအရေများတွန့်နေသော်လည်း မကောင်းမှု

အကုသိုလ်ဒုစရိုက်လုပ်ရပ်များကို တွန့်ဆုတ်ခြင်းကင်းမဲ့စွာ လက်ရဲဇက်ရဲပြုမူနေကြသည်။ ဆံပင်များဖြူနေသော်လည်း စိတ်ထားမဖြူဘဲ ကောက်ကျစ်ညစ်ပတ်ယုတ်မာနေကြသည်။ မျက်စိများမှုန်ဝါးလာကြသလို ကောင်းသောလမ်းမှာလျှောက်လှမ်းရန် မှုန်ဝါးနေကြပါသည်။ သွားချင်ပါလျက် ဝေးဝေးနေခြင်းက နိဗ္ဗာန်ဖြစ်ပြီး မသွားချင်ဘဲနှင့် နီးနီးလာခြင်းက သုသာန်ဖြစ်သည်ကိုလည်း လုံးဝမသိကြသော **"ကြီးမိုက်ဇရာအိုကြီးများ"**ဖြစ်နေကြပါသည်။

ယခုတော့ ကပ်ဆိုးကိုဗစ် **မရဏ**နှင့် အထွေထွေရောဂါမျိုးစုံ **မရဏ**က လာရောက်တံခါးခေါက်နေလေရာ ကြောက်လန့်ချောက်ချားတုန်လှုပ်သွားကြလေပြီ။ ကိုယ့်ရှေ့မှာပဲ ကိုယ့်ဆွေမျိုးသားချင်းများ၊ လုပ်ဖော်ကိုင်ဖက်အပေါင်းအသင်းများ အနေကျပ်၊ အသေကျပ်ဖြင့် ပျောက်ကွယ်သွားကြသည်ကို မြင်တွေ့နေလေသောအခါ "ငါလည်း မုချမသွေ သေရတော့မည်။ အချိန်ပိုင်းသာလိုတော့သည်"ဟု ကြောက်လန့်စိတ်နှင့်အတူ တွေးတောဆင်ခြင်သံဝေဂရလာကြပါသည်။ မည်မျှပင်ကြီးပွားချမ်းသာ၊ ဂုဏ်သရေရှိနေစေကာမူ ကိုဗစ်ကြောင့် သေဆုံးရပါက ကိုဗစ်ကြောင့်ပင် သေဆုံးကြရသော အခြားသာမန်ပုဂ္ဂိုလ်များကဲ့သို့ ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်းများမပါကြဘဲ အများနည်းတူတစ်ပုံစံတည်း မီးသင်္ဂြိုဟ်ခြင်းခံကြရသည်ဖြစ်ရာ **"သေတစ်ကာ၊ ရှင်တစ်ကာ"**၏ သဘောကို သင်ခန်းစာရသွားကြသည်။

ထို့ကြောင့်လည်း "လောကဇာတ်ခုံ၊ ဤလူ့ဘုံ၌၊ မျိုးစုံကကြ၊ မာန်မာနနှင့်၊ ငါကရာဇာ၊ ငါကသူဌေး၊ ငါပဂေးဟု၊ ငါသွေးတက်ကြွ၊ လူ့ဗာလတို့၊ ဒေသပိုင်းခြား၊ ကာလအားဖြင့်၊ များပြားလှစွာ၊ အဝိဇ္ဇာကြောင့်၊ တဏှာဘီလူး၊ အမှောင့်ပူးသော်၊ ကျူးကျူးကျော်ကျော်၊ ဂုဏ်ကိုဖော်၍၊ မော်မော်မောက်မောက်၊ ငါတစ်ယောက်သာ၊ မိုးအောက်တစ်လွှား၊ ရွှေကိုယ်လားဟု၊ ထင်မှတ်မှားလွဲ၊ သို့စဉ်စွဲလည်း၊ ဇာတ်ပွဲပြီးက၊ ပြည်ဖုံးချသော်၊ သုဘရာဇာ၊ ခြေအောက်မှာပင်၊ ဘာသာလူမျိုး ချိန်မထိုးဘဲ ပုပ်သိုးခန္ဓာ၊ မြုပ်ရရှာသည်၊ ဘယ်မှာငါဟုရှိအံ့နည်း"ဟု ဓမ္မသံဝေဂလင်္ကာဖြင့် အသိ၊ သတိပေးနေကြပါသည်။

သည်တော့မှ ဇရာအိုကြီးတချို့ **ဇရာ၊ ဗျာဓိ၊ မရဏ**တစ်ဆက်တည်းဆက်စပ်နေကြသည်ကို သတိပြုမိကြပြီး **မရဏ**ကို အလွန်ပင်ကြောက်လန့်လာကြသည်။ လက်လှမ်းမီရာ အားကိုးစရာများကို ဗျာများစွာဖြင့် ရှာဖွေခဲ့ကြသည်။ နီးစပ်သူများ၏အကြံပြုချက်အရ **အဘိဓာသုတ်**မှ ကောက်နုတ်ချက်များကို စတင်လေ့လာခဲ့ကြသည်။

ထိုအဘိဏှသုတ်ကောက်နုတ်ချက်တွင် မြတ်ဗုဒ္ဓက "ရဟန်းတို့၊ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ မပြတ်ဆင်ခြင်အပ်သော အကြောင်းတရားငါးပါးရှိတယ်"

(၁) ငါသည် အိုခြင်းသဘောရှိ၏။ အိုခြင်းကို မလွန်ဆန်နိုင်ချေ။

(၂) ငါသည် နာခြင်းသဘောရှိ၏။ နာခြင်းကို မလွန်ဆန်နိုင်ချေ။

(၃) ငါသည် သေခြင်းသဘောရှိ၏။ သေခြင်းကို မလွန်ဆန်နိုင်ချေ။

(၄) ငါ၏ ချစ်မြတ်နိုးအပ်သောအရာအားလုံးနှင့် ရှင်ကွဲကွဲရခြင်း၊ သေကွဲကွဲရခြင်းသည် ဖြစ်ချေမည်။

(၅) ငါသည် ကံသာလျှင် မိမိဥစ္စာ၊ ကံ၏အမွေခံဖြစ်၏။ ကံသာလျှင် အဆွေအမျိုး၊ ကိုးကွယ်မှီခိုရာရှိ၏။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ငါပြုသောကံ၏အမွေခံသာ ဖြစ်ရပေမည်ဟူ၍ မပြတ်ဆင်ခြင်အပ်သော

စာမျက်နှာ ၁၁ သို့ ➤

# ပန်းချီဆရာရှစ်ဦး၏ Perspective အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ The Collector Art Gallery ပန်းချီပြခန်းတွင် ပန်းချီဆရာ ရှစ်ဦး၏ Perspective အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း The Collector Art Gallery ပြခန်းတာဝန်ခံ ဒေါ်ကေဇာဦးက ပြောပြ၍ သိရသည်။

အဆိုပါ Perspective အွန်လိုင်းပန်းချီပြပွဲကို အောက်တိုဘာ ၂၈ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ပြသသွားမည်ဖြစ်ပြီး ပြခန်းသို့လည်း လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

"ဒီပွဲကတော့ ပန်းချီဆရာ ရှစ်ယောက်ရဲ့ ပန်းချီကား ၄၀ ကို ပြသသွားမှာ ဖြစ်ပါတယ်။ ဒီပြပွဲမှာတော့ ပြည်ပဈေးကွက်မှာနာမည်ရှိပြီးဖြစ်တဲ့ ပန်းချီ စောစတီးဖ၊ ပန်းချီ မင်းဇော်အောင်၊ ပန်းချီ ခင်မောင်ဇော်တို့ရဲ့ ပန်းချီလက်ရာတွေကို မြင်ရမှာဖြစ်သလို သူတို့နဲ့ ခေတ်ပြိုင်ဖြစ်တဲ့ ပြည်တွင်းမှာနာမည်ရှိပြီးဖြစ်တဲ့ ပန်းချီမောင်မြင့်အောင်၊ ပန်းချီ ညီအောင်မော်တို့ရဲ့ ရေးဟန်တွေကိုလဲ မြင်ရမှာဖြစ်ပါတယ်"ဟု အဆိုပါပန်းချီပြခန်းတာဝန်ခံ ဒေါ်ကေဇာဦးက ပြောပြသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီ စောစတီးဖ၊ ပန်းချီစစ်လင်း၊ ပန်းချီ မိုးညို၊ ပန်းချီခင်မောင်ဇော်၊ ပန်းချီ ရွှေသိန်း၊ ပန်းချီမောင်မြင့်အောင်၊ ပန်းချီမင်းဇော်အောင်၊ ပန်းချီ ညီအောင်မော်တို့၏ ရေဆေး၊ ဆီဆေးအပါအဝင် လက်ရာစုံဖြင့် ဖန်တီးထားသည့် ပန်းချီကား ၄၀ ကို ပြသသွားမည်ဖြစ်ကြောင်း၊ ပန်းချီကားများ၏ အရွယ်အစားများမှာ (၄×၃) ပေ၊ (၃၀× ၄၀) လက်မ၊ (၁၈×၂၄) လက်မ၊ (၃ × ၂) ပေ၊ (၄×၂)ပေ စသည့် အရွယ်အစားအစုံ ပန်းချီကားများပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ်သိန်း ၃၀ ထိရှိကြောင်း သိရသည်။ ASH

# ဒါရိုက်တာ ပါဲပေါလီကောစကီး ရိုက်ကူးမည့် ဇာတ်ကားတွင် ယိုအာကွင်းဖီးနစ်နှင့် ရွန်နီးမာရာတို့ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် အောက်တိုဘာ ၂၇**


ကမ္ဘာကျော် ပိုလန်ဒါရိုက်တာ ပါဲပေါလီကောစကီး ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားတွင် အော်စကာဆုရှင်မင်းသား ယိုအာကွင်းဖီးနစ်နှင့် မင်းသမီး ရွန်နီးမာရာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် အဆိုပါဇာတ်ကားကို The Island ဟူ၍ ယာယီအားဖြင့် အမည်ပေးထားကြောင်း သိရသည်။

The Island ဇာတ်ကားသည် ထိတ်လန့်သည်းဖို ဒရာမာဇာတ်ကားဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ပါဲပေါလီကောစကီး ကိုယ်တိုင် ရေးသားထားသည်။

အဆိုပါဇာတ်ကားသည် ၁၉၃၀ ပြည့်နှစ်၏ လူမှုအဖွဲ့အစည်းကို စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ရပြီးနောက် အထီးကျန်ကျွန်းတစ်ကျွန်းပေါ်၌ ကိုယ်ပိုင်လောကနိဗ္ဗာန်တည်ဆောက်ရန် ကြိုးစားခဲ့သော ဇနီးမောင်နှံနှစ်ဦး၏ ရှုန်းကန်လှုပ်ရှားမှုများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက သတ်မှတ်ရခြင်း မရှိသေးကြောင်း သိရသည်။ KKO



# ဒါးပိန်ပန်းပုကျေးရွာရှိ အလုပ်ရုံများမှ ကျွန်းသားသစ်ထွင်းပန်းပုလက်ရာများကို ရောဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့က မှာယူလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုရွာရှိ ပန်းပုအလုပ်ရုံများမှ ကျွန်းသားသစ်ထွင်း ပန်းပုလက်ရာ ပုဂံသူ(ညှီကြို) ပန်းပုကားချပ်များကို ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့က မှာယူလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦးပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍ သိရသည်။

လက်ရှိ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့က မှာယူနေသည့် ကျွန်းသား သစ်ထွင်းပန်းပုလက်ရာ ပုဂံသူ (ညှီကြို) ပန်းပုကားချပ်များမှာ အိမ်ခန်း၊ ညှီခန်း၊ ဆိုင်ခန်းနှင့် ဟိုတယ်အဝင်တို့တွင် ချိတ်ဆွဲလေ့ရှိကြသည့် သစ်ထွင်းပန်းပုကားချပ်ဖြစ်ကာ အရွယ် ဘယ်ခြမ်းနှင့်ညာခြမ်း နှစ်ခြမ်း အစားမှာ (၁၈×၂၄) လက်မရှိပြီး တစ်စုံဖြင့် အစုံပေါင်း ၂၀၀ ခန့် မှာယူထားကြောင်း သိရသည်။



"အခု လက်ရှိဆို အစုံ ၂၀၀ လောက် အော်ဒါရထားတာ ကျွန်းသားသစ်ထွင်း ပန်းပုကားချပ်တွေပါ။ အော်ဒါရရင် သစ်ထွင်းပန်းပုကားချပ်တွေပဲ ရထားတယ်။ အဲဒါက အခုခေတ်စားနေတဲ့ဟာပါ။ ပန်းပုရုပ်ကတော့ ပြီးခဲ့တဲ့လက အော်ဒါမရဘူး။ ဆိုင်မှာတင်ရောင်းပေးမယ်၊ ပို့ပေးမယ်ဆိုတဲ့ အတင်သဘောပဲ ရှိပါတယ်။ ဈေးကွက်က အဲဒီလိုဖြစ်နေတယ်" ဟု ဦးအေးချမ်းက ပြောပြသည်။

လက်ရှိတွင် ပန်းပုထည်များကို ပြုလုပ်ရာတွင် စိတ်ကြိုက်ပန်းပုရုပ်တုများ ပြုလုပ်ခြင်းထက် ဈေးကွက်မှာယူသည့် အရွယ်အစား၊ ပုံစံကိုသာ အဓိကထားပြုလုပ်နေရကြောင်း သိရသည်။ ASH

# The Nun-2 ဇာတ်ကား၌ မင်းသမီး အန်နာပေါ်ပယ်ဝဲ ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၂၇**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ The Nun-2 ဇာတ်ကား၌ မင်းသမီး အန်နာပေါ်ပယ်ဝဲ ပါဝင်လာကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

မင်းသမီး အန်နာပေါ်ပယ်ဝဲသည် The Chronicles of Narnia ဇာတ်ကားဖြင့် ကျော်ကြားလာသော မင်းသမီးဖြစ်သည်။

ထို့ပြင် The Nun-2 ဇာတ်ကား၌မင်းသမီး ကက်သလင်းရှို့ဒါနေးလည်း ပါဝင်လာသည်။

လက်ရှိအချိန်တွင် အဆိုပါ မင်းသမီးနှစ်ဦး ပါဝင်သရုပ်ဆောင်ရမည့် အခန်းကဏ္ဍကို ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

မင်းသမီး အန်နာပေါ်ပယ်ဝဲနှင့် ကက်သလင်းရှို့ဒါနေးတို့သည် မင်းသမီး တိုင်ဆာဖာမီဂါ၊ စတောရီ၊ ဆွန်နီအေရွန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Nun-2 ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ချားဗက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို စတင်နေပြီဖြစ်ကြောင်း သိရသည်။KKO



➤ စာမျက်နှာ ၁၀ မှအဆက်

အကြောင်းတရားငါးပါးကို ဟောကြားတော်မူခဲ့ပါသည်။

**ရော၊ ဇျာဓိ၊ မရဏ**အားလုံးသည် မည်သူမပြု မိမိမှုသာဖြစ်ကြောင်း၊ ကိုယ်ပြုသည့်ကံအရသာ အကျိုးခံစားရမည်ဖြစ်ကြောင်း၊ "**အိုနာသေကွဲ၊ တွေ့ကြုံမြဲ၊ မလွဲငါကံ၊ ငါ့စီမံ။ စိတ်ကြံ့ခိုင်ရေး၊ အစဉ်တွေး၊ မနေးဆင်ခြင်ရန်**"ဟူသောမရဏာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းကြရန်(အနှစ်ချုပ်ဖြင့်) အသိ၊ သတိပေးလှုံ့ဆော်ထားခြင်းဖြစ်သည်။

မည်သူမဆို စာနာစိတ်ကိုယ်စီဖြင့် စိတ်ကောင်းမွေးကြပြီး ကိုယ်ကျင့်တရားကောင်းမွန်ကြရန်လိုသည်။ ဘဝကူးကောင်းရန်အတွက် (၁) သဒ္ဓါ၊ (၂) သီလ၊ (၃) သုတ၊ (၄) စာဂ၊ (၅) ပညာ၊ (၆) ဟီရိ၊ (၇) ဩတ္တပ္ပ ဟူသော သူတော်ကောင်းဥစ္စာခုနစ်ပါးကို စုစည်းပိုင်ဆိုင်နိုင်အောင် ကြိုးစားနေကြရပါမည်။

ဇရာအိုကြီးများအနေဖြင့် မိမိတို့၏ဘဝလက်ကျန်အချိန်အနည်းငယ်မျှကို **အကျိုးရှိစွာ၊ အသုံးပြုလိုကြပါက၊ ဆရာတော်ကြီး အရှင်နေကာဘိဝံသ၏ မွေ့သံဝေဂလမ်းညွှန်လက်ဘနင်အညီ** လိုက်နာကျင့်ကြံသွားကြပါမူ အနေကောင်း၊ အသေကောင်း၊ ဘဝကူးကောင်းကြပေလိမ့်မည်။

**မွေ့သံဝေဂလမ်းညွှန်**

**"ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေကြ များလှပြီ"**
**"စထာမခဲ၊ အိုမြဲ၊ ငါလည်း သေဘက်နီးခဲ့ပြီ"**
**"မသေသေးမီ၊ ပါရမီ၊ ငါသည်ဖြည့်မှ တော်တော့မည်"**
**"ရောမ်းတောင်၊ ကိုယ်ထဲလောင်၊ သေအောင်မြိုက်တော့မည်"**
**"မသေရစင်၊ သွားလမ်းစဉ်၊ ကြိုတင်ပြင်သင့်ပြီ"**
**"ဒါန၊ သီလ၊ ဘာဝနာ၊ လမ်းသာထွင်လိမ့်မည်"**
**"မဂ္ဂင်ယာဉ်ကြီး၊ အမြန်စီး၊ စရီးထွက်တော့မည်"**

ထို့ပြင် **အရှင်ဣန္ဒာစရိယ–မလှိုင်**၏ မဝင်သောနေ၊ မကွယ်သောလ၊ မခန်းသောစမ်း၊ မနွမ်းသောပန်း၊ မသေသောသတ္တဝါ၊ မပျက်စီးသောကမ္ဘာရယ်လို့ တရားအစဉ်မှာ၊ အလာမရှိပါဘူး၊ တရားအစဉ်မှာလာရှိပါ၌က **ဘိဇ္ဇနဓမ္မ**တဲ့။ အရာအားလုံးပျက်စီးကြမှာ ဓမ္မတာတဲ့။

သဗ္ဗောလောကော ဘိဇ္ဇနဓမ္မော= လောကအားလုံး ပျက်စီးခြင်းနှင့်အဆုံးသတ်မှာပါ ဟူသော ဩဝါဒတရားကိုလည်း နှလုံးသွင်းဆင်ခြင်ကြနိုင်ကြပါက စိုးရိမ်ကြောင့်ကြ သောကဘေးများက ကင်းဝေးဖြေသိမ့်နိုင်ကြပေလိမ့်မည်။

# SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets officers, other ranks and families of Mingaladon Station



Vice-Senior General Soe Win meets officers, other ranks and families of Mingaladon Station.

**Nay Pyi Taw October 27**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by senior military officers from Office of Commander-in-Chief, the Yangon Command commander and officials, met officers, other ranks and families of Mingaladon Station this morning at the station hall.

In his address the Vice-Senior General explained the acknowledgement of outstanding efforts of Tatmadaw (Air) for ensuring uninterrupted air transport services of the country during emergency period, need to hand down good records as heritage, attempts to cause mistrust in Tatmadaw's national task and to sow seed of mistrust within Tatmadaw, which is a strong institution, while ignoring the nation's objective conditions, the restoration of State duties by Tatmadaw in accord with Constitution because of the attempts to take over the State power by force after brushing aside the demands to solve the vote rigging problem by Tatmadaw and parties, systematization and correctness of NRCs and household lists to hold a free and fair election, the commitment of terrorist acts after setting up NUG, CRPH and PDF, Tatmadaw's operations to save public lives and property in accord with the law as terrorist groups, NUG, CRPH and PDF, were accusing innocent people, members of religious order, health and education staff and civilians as informers and brutally killing them, multiple attempts of some big countries that are against the Tatmadaw' temporaty assumption of State duties and that ignore the objective conditions, to stop the State machinery, SAC's implementation of five-point roadmap and nine objectives and two work programs to reinforce disciplined democracy and to build a Union based on democracy and federalism, aim and progress in building a Union based on democracy and federalism, political, economic, defence, social and international relations developments of the country, the Prime Minister's support for development of farming and MSMEs for national economic growth, endeavours for perpetual peace, selling of surplus products to people at fair prices by Tatmadaw after fulfilling basic needs of its members thanks to the adoption of unit-owned and manageable-scale farming policies by Commander-in-Chief of Defence Services, welfare programs for soldiers and families and the soldiers' need to pursue a healthy life as they are serving duties round the clock, four development undertakings and programs to ensure pleasant life for every Tatmadaw members. He then looked into the requirements presented by every individual member of the attendees in coordination with officials. The Vice-Senior General presented foodstuff for officers, other ranks and families through officials. The Vice-Senior General and party cordially greeted the attendees. 100



Vice-Senior General Soe Win cordially greets officers, other ranks and families of Mingaladon Station.

# Myanmar provides trainings for over 19,000 skilled workers for over thirty types of jobs from 2014 to October 2022

**Nay Pyi Taw October 27**

More than 19,000 skilled workers have been provided trainings for more than thirty types of jobs from 2014 to October 2022, according to reports from the Ministry of Labour.

The National Skills Standards Authority (NSSA) of the Ministry of Labour has undertaken to examine and evaluate 5,000 workers in 2022-2023 FY, and on October 21, 2022, 543 skilled workers, 8 skill inspection and evaluation centers, 7 inspectors, and 14 assessors were given national level employment skill certificates.

From November 2014 to October 21, 2022, 21,097 workers were examined and evaluated for 31 types of jobs, and 19,181 skilled workers were given professional certificates.

In doing so, 17,939 skilled level-1 workers, 1,237 skilled level-2 workers and five skilled level-3 workers were given professional certificates.

In addition, during this period, 199 skilled assessment centers were given certificates. 336

# SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets officials from Thilawa SEZ Management Committee



Vice-Senior General Soe Win meets officials from Thilawa SEZ Management Committee.

**Nay Pyi Taw October 27**
Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by Chief Minister of Yangon Region U Soe Thein, senior military officers from the Office of the Commander-in-Chief, the commander of Yangon Command and officials, met with officials of Thilawa Special Economic Zone Management Committee at the meeting hall of the Chairman Office of the Zone this afternoon.

First, Chairman of the management committee U Ye Naing Tun reported on progress of the zone and work undertakings. Then, the video clip of the zone was presented. Chairman of the Work Committee for Myanmar Special Economic Zones Union Minister for Commerce U Aung Naing Oo reported on current undertakings in the zone, solving of difficulties by the State and future plans.

Those present explained operating the businesses with investments in the special economic zone.

After replying to the necessary facts responding to the reports, the Vice-Senior General delivered a speech. He said: Thilawa SEZ is partially implementing the objective: Actions will be taken to ensure the speedy recovery of businesses from the impact of Covid-19 which is one of the five-point road map of the State Administration Council. It is necessary to complete implementation of Kyaukpyu and Dawei SEZs as quickly as possible to increase products and export goods for the State economy in accord with the guidance of the Prime Minister. Moreover, it is necessary to build the trust for invested countries and companies. As the Central Bank of Myanmar has officially made clarifications over the statement of Financial Action Task Force-FATF, officials from CBM will be ordered to clarify the regular monetary circulation and the regular operation of the State economy if necessary. Moreover, brochures must be distributed using languages in Russia, China and other regional countries in order to increase inflow of FDI to the country. The Yangon Region government needs to help confiscate the land plots under the laws. The Yangon City Development Committee has arranged to supply adequate volume of water to the zone. It is necessary to contact businesses from the SEZ with MSMEs with the purpose for increasing production in conformity with the original aim of SEZ and contribution to the development of State economy. It needs to discuss legal restrictions of the SEZ. With regard to the security measures, it is necessary to invite tender to security companies for implementing the security systems covering the whole zone.

In producing the value-added products based on fruits, regionwise groups and cooperative societies should be set up depending on the different periods of harvesting fruits in respective areas of the State. And, growers need to be raised the awareness on standard usage of pesticides at crops. SEZ contributes a great deal to the State economy as well as affects GDP of the State. As Thilawa SEZ is a successful one, efforts must be made for achieving more success. It is necessary to fulfill the needs of existing companies for their operations not to be halted. And, efforts must be made for attracting more companies to enter the zone. As now is time of striving for the all-round development of the nation, job creation will contribute to development of State economy. As such, coordination must be done to sell remaining land pots.

Then, the Vice-Senior General and party viewed the products manufactured by Thilawa SEZ and have necessary instructions to officials at the hall of the zone.

The Vice-Senior General also viewed functions of the factory of KUBOTA Myanmar Co., Ltd in the zone, asked he wanted to know and coordinated necessary measures.

A total of 114 companies from 21 countries operate their businesses at Thilawa SEZ with investments 100


Vice-Senior General Soe Win views functions of the factory of KUBOTA Myanmar Co., Ltd.

# Press Release: Special ASEAN Foreign Ministers' Meeting

The Special ASEAN Foreign Ministers' Meeting (Special AMM) was held on 27 October 2022 in Jakarta, Indonesia. Myanmar received the invitation from the Chair of ASEAN to assign a non-political representative to the said meeting. It contradicts the Article 5 of the ASEAN Charter on "Rights and Obligations". Since Myanmar fully adhered to the principle of non-interference in internal affairs and the principle of equal rights and obligations, Myanmar did not accept the invitation, which discriminates the level of representation among the Member States.

The meeting was held with only nine ASEAN Member States without Myanmar, which is not in line with the principles enshrined in the ASEAN Charter. Therefore, Myanmar will not be bound by the outcomes of the meeting.

Since it assumed the state's responsibilities in line with the 2008 State Constitution, the State Administration Council has been implementing the Five-Point Roadmap to restore the multiparty democratic system. At the same time, as a responsible member state, Myanmar has been constructively cooperating with the Special Envoy of the ASEAN Chair in implementing the ASEAN five-point consensus.

To restore peace and stability in every corner of the country, the Government is holding several rounds of dialogues with Ethnic Armed Organizations (EAOs), political parties, and peace negotiation groups. The Government is also implementing the Five-Point Roadmap and achieving tangible progress. In addition, the Provision of Humanitarian Assistance through the AHA Centre is another notable progress made under ASEAN five-point consensus. While giving special consideration to the safety and security of humanitarian personnel, the Government continues facilitating the delivery of broader humanitarian assistance to the population without any discrimination. It will also continue to facilitate the Joint Need Assessment to start the Phase II process of the ASEAN Humanitarian Assistance.

Although the Government is prioritizing building the Union based on democracy and federalism as desired by the people of Myanmar, the so-called NUG and PDF terrorist groups have been committing violent activities to disturb its efforts. Despite the challenges and undue pressure from inside and outside the country, Myanmar Government is cooperating with other fellow members to materialize the five-point consensus as a responsible member state. Since implementing the five-point consensus is a process, inserting additional pressure by setting a timeframe will create more negative implications than positive ones.

It is crucial to maintain ASEAN unity and centrality towards a sustainable regional organization, especially at this time of rising global rivalries and major power competitions. While respecting each other's sovereignty and integrity, ASEAN, a rule-based organization, must follow the provisions and fundamental principles of the ASEAN Charter, especially non-interference in the internal affairs of the member states. By so doing, ASEAN can maintain its unity and centrality.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**Date, 27 October 2022**

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းပဋိပက္ခတွင် အီရန်က ဒရုန်းများပံ့ပိုးသောသက်သေဓာတ်ပုံများ အစ္စရေးသမ္မတ ပြသခဲ့




ယူကရိန်းပဋိပက္ခတွင် အသုံးပြုရန် အတွက် အီရန်သည် ဒရုန်းများပံ့ပိုးပေးသော သက်သေအဖြစ် ဓာတ်ပုံများကို အစ္စရေး သမ္မတ Isaac Herzog က ၎င်း၏ ဝါရှင်တန်ခရီးစဉ်အတွင်း ပြသခဲ့သည်။

"ယူကရိန်းကိုတိုက်ဖို့ ဒရုန်းတွေ ပံ့ပိုး ပေးတယ်ဆိုတာကို အီရန်က ပြတ်ပြတ်သား သားငြင်းဆိုခဲ့ပါတယ်"ဟု အစ္စရေးသမ္မတ Isaac Herzog က ဝါရှင်တန်သို့သွားရောက်စဉ် အတ္တလန္တိတ်ကောင်စီသို့ ပြောကြားခဲ့သည်။ သို့သော် အီရန်နိုင်ငံနှင့် အီရန်ထုတ်ဒရုန်းများ ယူကရိန်းပဋိပက္ခတွင် ပါဝင်နေကြောင်း ထင်ထင်ရှားရှားသက်သေပြထားသည့် Slide အဖြစ် နှစ်ပုံတွဲဓာတ်ပုံ နှစ်ပုံကို ပြသခဲ့သည်။ တစ်ပုံတွင် အစ္စရေးနိုင်ငံက ယူကရိန်းတွင် တွေ့ရှိသည်ဟု စွပ်စွဲခံထားရသော Shahed 136 ဒရုန်းနှင့်ရုရှား၏ Geran-2 ဒရုန်းများ၏အပျက်အစီးများကိုပြသထားပြီး အခြားတစ်ခုတွင် Shahed 136 ၏ အင်ဂျင်နှင့်သိသိသာသာဆက်စပ်နေသော ပစ္စည်းကိရိယာတစ်ခုကို တွေ့ရှိခဲ့ရသည်။ အဆိုပါဓာတ်ပုံလေးပုံသည် တူညီသောလေယာဉ်အစိတ်အပိုင်းများ ပါဝင်နေသောကြောင့် ယူကရိန်းတွင် အီရန်ထုတ်စက်ပစ္စည်းများကို အသုံးပြုနေသည့် အထောက်အထားအဖြစ် သက်သေပြနိုင်သည်ဟု Herzog က ဆိုသည်။

ဩဂုတ်လ ဝါရှင်တန်ပို့စ်သတင်းစာတွင် အီရန်နိုင်ငံသည် ရုရှားသို့ ဒရုန်းများပို့ဆောင်နေသည်ဟု စွပ်စွဲရေးသားထုတ်ဝေခဲ့သည်။ နောက်ပိုင်းတွင် အမေရိကန်အုပ်ချုပ်ရေးအရာရှိများက အလားတူစွပ်စွဲမှုများ ပြုလုပ်ခဲ့ကြသေးသည်။ ထို့နောက် Kremlin ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က အဆိုပါစွပ်စွဲချက်များကို သတင်းအမှားများအဖြစ် ပယ်ချခဲ့သည်။

Peskov က သူတွင် အီရန်ဒရုန်းများကို ရုရှားက ဝယ်ယူမှုနှင့်ပတ်သက်၍ မည်သည့်အချက်အလက်မျှမရှိကြောင်းနှင့် အဆိုပါမေးခွန်းကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနသို့ ရည်ညွှန်းမေးမြန်းသင့်သည်ဟု ထည့်သွင်းပြောကြားခဲ့သည်။ ထို့ပြင် ရုရှားနိုင်ငံသည် ပြည်တွင်း၌ထုတ်လုပ်သော ဒရုန်းများကိုသာ အသုံးပြုနေကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး Hossein Amir-Abdollahian က အီရန်သည် ယူကရိန်းပဋိပက္ခတွင် မည်သည့်နိုင်ငံကိုမျှ မထောက်ခံကြောင်းနှင့် ကိယက်ဗ်နှင့်မော်စကို နှစ်နိုင်ငံစလုံးသို့ စစ်လက်နက်များပေးပို့ခြင်းကို ကန့်ကွက်ခဲ့ကြောင်း ၎င်းက စက်တင်ဘာလနှောင်းပိုင်းတွင် အခိုင်အမာပြောကြားခဲ့သည်။

**Israeli president shows images allegedly proving use of Iranian drones in Ukraine ကို ဘာသာပြန်ဆိုပါသည်။**

## ယူကရိန်းကို Dirty Bomb ဗုံး တီထွင်ထုတ်လုပ်နိုင်ရန် အနောက်နိုင်ငံတချို့ ကူညီပေးနိုင်ဖွယ်ရှိကြောင်း ရုရှားပြောကြား

အနောက်နိုင်ငံတချို့သည် ယူကရိန်းကို Dirty Bomb ဗုံး တီထွင်ထုတ်လုပ်နိုင်ရန် ကူညီပေးနိုင်ဖွယ်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ လက်နက်မပြန့်ပွားရေးနှင့် ထိန်းချုပ်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး Konstantin Vorontsov က ကုလသမဂ္ဂအထွေထွေညီလာခံ ပထမဆုံးကော်မတီ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

"ရည်ရွယ်ချက်က ရှင်းပါတယ်။ ရုရှားကို အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်မဲ့ လက်နက်တွေ သုံးနေတယ်လို့ စွပ်စွဲဖို့ပါပဲ။ ယူကရိန်းအစိုးရနဲ့ ၎င်းရဲ့အနောက်အုပ်စု လက်ကိုင်တုတ်တွေက ရုရှားဆန့်ကျင်ရေးလှုပ်ရှားမှုကို ပိုမိုအားကောင်းလာစေနိုင်ပြီး မော်စကိုနဲ့မဟာမိတ်နိုင်ငံတွေအပေါ် ယုံကြည်မှုပျက်ပြားစေဖို့ မျှော်လင့်ထားကာ နိုင်ငံတကာ စင်မြင့်ထက်မှာ ကျွန်တော်တို့နိုင်ငံကို အထီးကျန်ဖြစ်စေဖို့ ရည်ရွယ် လုပ်ဆောင်နေတာပါ"ဟု Vorontsov က ပြောကြားခဲ့သည်။

"ကျွန်တော်တို့ရထားတဲ့ အချက်အလက်တွေအရတော့ ယူကရိန်းဘက်က ဒီအစီအစဉ်ကို စတင်အကောင်အထည်ဖော်နေပါပြီ။ ဥပမာအားဖြင့် Zhyoltye Vody မြို့ရှိ အရှေ့ပိုင်းသတ္တုရိုင်းများ ပြည်တင်းရေးစက်ရုံနှင့် ကိယက်ဗ်ရှိ နျူကလီးယားသုတေသန အင်စတီကျု (Nuclear Research Institute) တို့ကို ဒီဗုံးအမျိုးအစားကိုပြုလုပ်ဖို့ တာဝန်ပေးထားပါတယ်။ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာမှာ အနောက်နိုင်ငံတချို့က အကူအညီပေးတယ်လို့ ကျွန်ုပ်တို့ တထစ်ချမပြောလိုပါဘူး။ ဒါပေမဲ့ အဲဒီလိုမျိုး Dirty Bomb ဗုံးထုတ်နိုင်ဖို့ အစိတ်အပိုင်းတွေ ပံ့ပိုးပေးဖို့ ယူကရိန်းနဲ့ဆွေးနွေးနေတယ်လို့ ကျွန်တော်တို့ရရှိထားတဲ့ သတင်းတွေအရ သိရပါတယ်"ဟု Vorontsov က ပြောကြားခဲ့သည်။

"ရုရှားရရှိတဲ့ အချက်အလက်တွေအရ ယူကရိန်းအစိုးရက အဲဒီလက်နက်ကို ရုရှားထုတ်Low-yield Nuclear Weapon ပေါက်ကွဲအားနိမ့်တဲ့ နျူကလီးယားလက်နက်ရဲ့ ချို့ယွင်းချက်ပုံစံမျိုး အသွင်ပြောင်းပြီး ဖောက်ခွဲဖို့ စီစဉ်နေပါတယ်။ ဒီဗုံးတွေမှာ အားကောင်းတဲ့ ယူရေနီယမ်သတ္တုတွေကို ယမ်းအဖြစ် အသုံးပြုထားပါတယ်"ဟု Vorontsov က ပြောကြားခဲ့သည်။ ယူကရိန်းအစိုးရနှင့် ၎င်းကိုထိန်းချုပ်သည့် အနောက်အုပ်စု ကြိုးကိုင်နေသူများအား ကမ္ဘာကြီးကို နျူကလီးယားကပ်ဆိုးသို့ ဦးတည်စေသည့်လုပ်ရပ်များ လုပ်ဆောင်နေခြင်းမှ ရပ်တန့်ကရပ်ရန် ရုရှားက တောင်းဆိုထားသည်။



အပြစ်မဲ့အရပ်သားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်ခြင်း၊ ရုရှားသတိပေးခြင်းများကို မဆင်မခြင်လျစ်လျူရှုပြီး နျူကလီးယားနယ်ပယ်အတွင်း တားမြစ်ထားသည့် လက်သင့်မခံနိုင်ဖွယ်လုပ်ဆောင်ချက်များကိုစစ်ဆေးပေးရန် တောင်းဆိုထားကြောင်း Vorontsov က ပြောကြားသည်။

**Russian diplomat says Western countries could be helping Kiev to make dirty bomb ကို ဘာသာပြန်ဆိုပါသည်။**

## အစ္စရေးက ဒမတ်စကတ်ကိုတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း ဆီးရီးယားမီဒီယာ ရေးသား

အစ္စရေးနိုင်ငံသည် သိမ်းပိုက်ထားသော ပါလက်စတိုင်းနယ်မြေများ မြောက်ဘက်မှ ဒုံးကျည်များဖြင့် လေကြောင်းမှတိုက်ခိုက်ခဲ့ပြီး ဒမတ်စကတ်မြို့အနီးရှိ အချို့နေရာများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း အောက်တိုဘာ ၂၄ ရက်က ဆီးရီးယားနိုင်ငံပိုင်မီဒီယာများက ရေးသားဖော်ပြခဲ့သည်။



အဆိုပါတိုက်ခိုက်မှုကြောင့် စစ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး ပစ္စည်းတချို့ ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု အမည်မဖော်လိုသည့် စစ်ဘက်အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဆီးရီးယားအာရပ်သတင်းအေဂျင်စီ (SANA) က ပြောကြားခဲ့သည်။

အောက်တိုဘာ ၂၄ ရက်တွင် အဆိုပါ တိုက်ခိုက်မှုကိုချေမှုန်းရန် ဆီးရီးယား၏ လေကြောင်းရန်ကာကွယ်ရေးများ စတင်လုပ်ဆောင်ခဲ့ကြောင်း ဆီးရီးယားအာရပ်သတင်းအေဂျင်စီ (SANA) က ပြောကြားခဲ့သည်။

ပြည်တွင်း မီဒီယာတစ်ခုသည် တိုက်ခိုက်မှုကိုပြသရန် ဓာတ်ပုံတစ်ပုံကိုမျှဝေခဲ့ပြီး လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ၊ ဝင်ရောက်လာသောဒုံးကျည်များနှင့် ထိပ်တိုက်တွေ့ဆုံရာမှ ထွက်ပေါ်လာသည့် မီးခိုးလမ်းကြောင်းများကိုမြင်တွေ့ခဲ့ရသည်။

ထိုသို့သော တိုက်ခိုက်မှုများသည် နေ့ခင်းဘက်တွင်ဖြစ်ခဲ့သော်လည်း အစ္စရေးစစ်လေယာဉ်များက ဆီးရီးယားနိုင်ငံအတွင်းရှိ ပစ်မှတ်များကို ဂျီဟတ်ဝါဒီသူပုန်များကို ဦးတည်လျက် ဆယ်စုနှစ်များစွာကြာ တိုက်ပွဲအတွင်း အကြိမ်ကြိမ်ဗုံးကြဲခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း Benjamin Netanyahu နှင့်အတူ နှစ်များစွာအတွင်း ရာနှင့်ချီသော တိုက်ခိုက်မှုများကို အသိအမှတ်ပြုခဲ့ဖူးသည်။ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (IDF)သည် အောက်တိုဘာ ၂၄ ရက်တွင် အစီရင်ခံတင်ပြထားသည့် တိုက်ခိုက်မှုကိုအတည်မပြုဘဲ ဒမတ်စကတ်မှ ဆက်လက်စွပ်စွဲမှုများရှိနေသော်လည်း ပုံမှန်အားဖြင့် မှတ်ချက်ပေးခြင်းမျိုး မရှိခဲ့ဖူးပေ။

မြို့တော်ရှိနေရာများကို အစ္စရေးက ဒုံးကျည်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ဟု အမည်မဖော်လိုသည့် စစ်ဘက်အရာရှိတစ်ဦး၏ ပြောကြားချက်ကိုးကား၍ ဆီးရီးယားအာရပ် သတင်းအေဂျင်စီ (SANA) က ပြောကြားခဲ့သည်။

အလားတူလေကြောင်း တိုက်ခိုက်မှုကို ပြီးခဲ့သည့် အောက်တိုဘာ ၂၁ ရက်က အစီရင်ခံ တင်ပြထားခဲ့သည်။ အများစုသည် ပစ်ချခံခဲ့ရကြောင်း ၎င်းတို့က ထပ်လောင်းပြောကြားခဲ့သော်လည်း တိုက်ခိုက်မှုတွင် ပစ္စည်းတချို့ ပျက်စီးသွားသည်ဟု ဆိုသည်။

မကြာသေးမီက အစ္စရေးတွင် နောက်ထပ် တိုက်ခိုက်မှုတစ်ခုကြောင့် ဆီးရီးယားစစ်သား ငါးဦးသေဆုံးခဲ့သည်။ IDF သည် နွေရာသီကတည်းက ဒမတ်စကတ်နှင့် Aleppo အပြည်ပြည်ဆိုင်ရာလေဆိပ်များကို တစ်ကြိမ်ထက်မနည်း ဗုံးကြဲတိုက်ခိုက်ခဲ့ကြခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Israel launches daytime strike on Damascus – Syrian media ကို ဘာသာပြန်ဆိုပါသည်။**

မင်းမျိုး

# လပွတ္တာမြို့နယ်တွင် စားဖိုဆောင်သီးနှံဧက ၉၂၀၀ စိုက်ပျိုးသွားမည်



**လပွတ္တာ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၉၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၉၂၀၀ ကို လာမည့်နိုဝင်ဘာလတွင် ကျေးရွာ ၁၄ ရွာ၌ အဓိကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စားဖိုဆောင်သီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံဧက ၉၂၀၀ စိုက်ပျိုးမှာဖြစ်ပါတယ်။ ဒေသခံပြည်သူတွေ တစ်ဖက်တစ်လမ်းကနေ စီးပွားရေးအခွင့်အလမ်းတွေ ကောင်းလာစေဖို့ စားဖိုဆောင်သီးနှံကို စိုက်ပျိုးတာဖြစ်တယ်။ စိုက်ပျိုးမှဲ့ စားဖိုဆောင်သီးနှံအမျိုးအစားကတော့ အမျိုးစုံစိုက်ပျိုးမှာဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံ စိုက်ပျိုးတဲ့အခါ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ ဒေသခံတောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ကျေးရွာပေါင်း ၁၄ ရွာက အဓိကစိုက်ပျိုးမှာဖြစ်ပါတယ်" ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် စားဖိုဆောင်သီးနှံ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ပိန်းဥ၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ ကြက်ဟင်းခါး၊ သခွား၊ ဆလတ်၊ ဟင်းနုနယ်၊ ကြက်သွန်နီ၊ ကန်စွန်းဥ စသည့်သီးနှံအမျိုးအစားများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံဧက ၉၂၀၀ ကို တောင်သူ ၁၂၁ ဦးက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းခတ်မြို့နယ်တွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆိုလာပန့်ဖြင့် ချောင်းရေတင်ခြင်းလုပ်ငန်းများ စစ်ဆေး

**မိုင်းခတ် အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းခတ်မြို့နယ်တွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆိုလာပန့်ဖြင့် ချောင်းရေတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ထပ်တိုး ဆောင်ရွက်သည့် မိုင်းခတ်မြို့နယ် ပန်ထိုလုကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ တောင်သုံးလုံးကျေးရွာရှိ ဒေသခံတောင်သူများ စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာပန့်ဖြင့် ချောင်းရေတင်ခြင်း လုပ်ငန်းများကို လည်းကောင်း စစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူး ဦးရန်ကျော်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။



မိုင်းခတ်မြို့နယ် ပန်ထိုလုကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၀ သန်းဖြင့် ဆောင်ရွက်နေသည့် အရှည်ပေ ၃၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုလ ဒုတိယပတ်က စတင်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင်လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ တောင်သုံးလုံးကျေးရွာတွင် ဆိုလာပန့်ဖြင့် ချောင်းရေတင်ခြင်းလုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၂ သန်းဖြင့် ယခုနှစ် မတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မိုးစပါးနှင့် အခြားသီးနှံများအတွက် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေလျက်ရှိကြောင်း မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# သနပ်ပင်မြို့နယ် ကသဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သနပ်ပင်မြို့နယ် ကသဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိ စာကြည့်တိုက်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်က အမှာစကားပြောကြားပြီး ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးနိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကသဲကုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆီထွက်သီးနှံ နေကြာ စိုက်ပျိုးမည့်တောင်သူဦးရေ ၃၀ တို့ကို မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၁၀ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ သနပ်ပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထက်၊ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများ၊ ကသဲကုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် စီမံကိန်းအသင်းသူ၊ အသင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သုတ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၇-၁၀-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၂၆၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၆၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။**

**ရှေ့ဖုံးမှအဆက်**

လုပ်ငန်း ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက အထူးစီးပွားရေးဇုန်အတွင်းရင်းနှီးမြှုပ်နှံကာ လုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တင်ပြချက်များအပေါ် လိုအပ်သည့်အချက်များအလိုက် ပြန်လည်ရှင်းလင်းညှိနှိုင်းပြီးနောက် အမှာစကားပြောကြားရာတွင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် တတိယအချက်ဖြစ်သော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်ဟူသည့်အချက်ကို သီလဝါအထူးစီးပွားရေးဇုန်ကလည်း တစ်စိတ်တစ်ပိုင်းအကောင်အထည်ဖော်နေမှုပင်ဖြစ်**ကြောင်း၊ **နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သည့် နိုင်ငံ့စီးပွားရေးအတွက် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရန်နှင့် ပို့ကုန်တိုးမြှင့်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ကျောက်ဖြူ၊ ထားဝယ် SEZ များလည်း အလားတူ အမြန်ဆုံးအောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ရန်လို**ကြောင်း၊ **လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများမှ ကုမ္ပဏီများ၏ ယုံကြည်မှုရရှိနေအောင် ဆောင်ရွက်ပေးရန်လို**ကြောင်း၊ **ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့** (Financial Action Task Force-FATF)**၏ ထုတ်ပြန်ချက်နှင့်ပတ်သက်၍ ဗဟိုဘဏ်ကလည်း တရားဝင်ရှင်းလင်းထားပြီးဖြစ်၍ ပုံမှန်ငွေကြေးစီးဆင်းမှုနှင့် နိုင်ငံစီးပွားရေးပုံမှန်လည်ပတ်နေမှုကို သံသယရှင်းလင်းအောင် လိုအပ်ပါက ဗဟိုဘဏ်မှနားလည်သူများကို လာရောက်ရှင်းလင်းပြောကြားစေမည်ဖြစ်**ကြောင်း၊ FDI များ ပိုမိုဝင်ရောက်လာစေရေး Brochure များကို ရုရှား၊ တရုတ်နှင့်အခြားသောစိတ်ဝင်စားသည့် ဒေသတွင်းနိုင်ငံတို့၏ ဘာသာစကားတို့ဖြင့် ဖြန့်ဝေကြော်ငြာပေးရန်လိုကြောင်း၊ ကျန်ရှိနေသော မြေသိမ်းဆည်းရေးကိစ္စများကို ဥပဒေနှင့်အညီ အမြန်ပြီးစီးစေရေး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရေ လုံလောက်စွာရရှိရေး မြို့တော်စည်ပင်အနေဖြင့် စီမံပေးထားပြီးဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်မှ လုပ်ငန်းများနှင့် MSME များချိတ်ဆက်ပေးရာတွင် မူလ SEZ ၏ရည်မှန်းချက်နှင့်ကိုက်ညီပြီး နိုင်ငံစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုမည့် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရေး ရည်ရွယ်ဆောင်ရွက်ရန်နှင့် SEZ ၏ဥပဒေအရ ကန့်သတ်ချက်များအပေါ် တွင်လည်း ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ဇုန်တစ်ခုလုံးကိုလွှမ်းခြုံနိုင်သည့် လုံခြုံရေးစနစ်ဆောင်ရွက်နိုင်ရေး လုံခြုံရေးကုမ္ပဏီများကို တင်ဒါစနစ်ဖြင့်ခေါ်ယူဆောင်ရွက်သွားရန်လိုကြောင်း။

သီးနှံကိုအခြေခံသည့်ကုန်ထုတ်လုပ်ငန်းများ Value Added ထုတ်လုပ်ရာတွင် နိုင်ငံ၏ဒေသအလိုက် သီးနှံများထွက်ရှိသည့် အချိန်ကာလမတူညီမှုပေါ်မူတည်၍ ဒေသအလိုက်အစုအဖွဲ့များ၊ အသင်းအဖွဲ့ သမဝါယမပုံစံစုဖွဲ့ချိတ်ဆက်၍ ဆောင်ရွက်ရန်နှင့် သီးနှံများအပေါ် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများ သုံးစွဲမှုကို စံနှုန်းကိုက်သုံးစွဲရန် အသိပညာပေးရန်လိုကြောင်း၊ SEZ သည် နိုင်ငံတော်၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အဓိကအထောက်အကူပြု၍ နိုင်ငံတော်၏ GDP ၌လည်း သက်ရောက်လျက်ရှိကြောင်း၊ အောင်မြင်နေသောစံပြဇုန်တစ်ခုဖြစ်၍ အောင်မြင်သည်ထက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရှိပြီးသားကုမ္ပဏီများ လုပ်ငန်းပိတ်သိမ်းမှုမရှိစေရေး အတတ်နိုင်ဆုံး လိုအပ်ချက်ကိုဖြည့်စုံအောင် ဖြည့်ဆည်းပေးရန်နှင့် ကုမ္ပဏီအသစ်များ ဝင်ရောက်လာရေးဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်ရေး အဘက်ဘက်မှ ကြိုးပမ်းနေရချိန်ဖြစ်၍ အလုပ်အကိုင် အခွင့်အလမ်းများပိုမိုရရှိခြင်းဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်၍ **စာမျက်နှာ ၁၉ သို့**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲရိုင်ထွန်းက သီလဝါအထူးစီးပွားရေးဇုန်ဖြစ်ပေါ်တိုးတက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် တတိယအချက်ဖြစ်သော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်ဟူသည့်အချက်ကို သီလဝါအထူးစီးပွားရေးဇုန်ကလည်း တစ်စိတ်တစ်ပိုင်း အကောင်အထည်ဖော်နေမှုပင်ဖြစ်. . .**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် သီလဝါအထူးစီးပွားရေးဇုန်မှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို ကြည့်ရှုစဉ်။**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ KUBOTA Myanmar Co., Ltd. စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၁၈ မှအဆက်

ကျန်ရှိသည့်ဟက်တာများ ပိုမိုရောင်းချနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် သီလဝါအထူးစီးပွားရေးဇုန်မှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို ကြည့်ရှုကြပြီး သီလဝါအထူးစီးပွားရေးဇုန် ညွှန်ခန်းမဆောင်၌ တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ KUBOTA Myanmar Co., Ltd စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး သိရှိလိုသည်များမေးမြန်းကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

သီလဝါအထူးစီးပွားရေးဇုန်၌ ယနေ့အထိ နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၁၄ ခု လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း သတင်းရရှိသည်။

# (၁၀)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၂၂ ခုနှစ် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူထားသည့် လာအိုနိုင်ငံကကြီးမှူး၍ (၁၀)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေး (ASEAN Ministers Responsible for Culture and Arts-AMCA) နှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ၊ အာဆီယံအပေါင်းသုံး ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဦးဆောင်၍ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့သည် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီး H.E. Mdm. Suanesa-vanh VIGNAKET က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါအလွန်တွင် လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ယဉ်ကျေးမှုနှင့်အနုပညာသည် အရေးပါသောကဏ္ဍဖြစ်ပါကြောင်း၊ အာဆီယံအပေါင်းသုံး ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့နှင့် ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍများပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန်နှင့်ခိုင်မာအားကောင်းလာစေရန် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၅၊ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအခြေပြုမြေပုံ ၂၀၂၅ နှင့် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေး (AMCA) မှ ထုတ်ပြန်ချက်များနှင့် အာဆီယံ ကြေညာချက်များအပါအဝင် ၂၀၂၅အလွန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်တို့ကို ပိုမိုအားကောင်းစေရန် ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

(၁၀)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများအစည်းအဝေး (ASEAN Ministers Respon-sible for Culture and Arts - AMCA) ထုတ်ပြန်ချက်၌ ကိုဗစ်-၁၉ ကပ်ရောဂါအတွင်း ကဏ္ဍများစွာတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှု အရှိန်အဟုန်ဖြင့် တိုးမြှင့်လာမှုကြောင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းသစ်များဖန်တီးပေးနိုင်မှုများ မြင့်တက်လာခဲ့ပါကြောင်း၊ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးတွင် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ တီထွင်ဖန်တီးမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နည်းပညာအသစ်များကို အသုံးချခြင်းသည် ကောင်းမွန်သော နည်းလမ်းများပင်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ကျင်းပခဲ့သည့် "ယဉ်ကျေးမှုပစ္စည်းကာကွယ်စောင့်ရှောက်ရေး နိုင်ငံတကာညီလာခံ" ယဉ်ကျေးမှုပစ္စည်း တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတားဆီးရေး "အာဆီယံရှုထောင့်" အပြည်ပြည်ဆိုင်ရာညီလာခံအတွင်း ကမ္ဘောဒီးယားနိုင်ငံကအဆိုပြုထားသည့် ယဉ်ကျေးမှုပစ္စည်းများကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေး(AMCA)၏ ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံကကြိုဆိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့ပြင် (၁၈)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၂၅ ရက်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီး (SOMCA Leader) သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်နှင့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အိမ်ခန်းပေါင်း ၁၀၀၀၀ ပါဝင်သည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

အိမ်ခန်းပေါင်း ၁၀၀၀၀ ပါဝင်သည့် ပြည်သူ့အငှားအိမ်ရာ စီမံကိန်းကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းပထမအဆင့်အနေဖြင့် အိမ်ခန်းပေါင်း ၅၀၀၀ ကျော် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်တွင် အိမ်ခန်း ၄၄၈ ခန်း၊ ရန်ကုန်မြို့တွင် အိမ်ခန်း ၃၁၀၄ ခန်းနှင့် မန္တလေးမြို့တွင် အိမ်ခန်း ၁၄၅၆ ခန်း တို့ကို တည်ဆောက်လျက်ရှိကြောင်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယမန်နေ့နံနက်ပိုင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန၌ကျင်းပသည့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဝင်ငွေနည်း ပြည်သူများအတွက် တန်ဖိုးနည်း၊ တန်ဖိုးသင့် အရောင်းအိမ်ရာ စီမံကိန်းများအဖြစ် ကျန်စစ်မင်းအိမ်ရာ၊ ရွှေလင်ဗန်းအိမ်ရာ၊ ယုဇနအိမ်ရာ၊ ကနောင်အိမ်ရာ၊ အောင်မြင့်မိုရ်နှင့် သီလဝါဥယျာဉ်တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများကို ဆောက်လုပ်ရောင်းချပေးလျက်ရှိကြောင်း။

ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ သန့်ရှင်းသာယာပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် လူနေမှုဘဝရရှိနိုင်ရေးနှင့် တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုကဏ္ဍ မြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတကာအဆင့်မီ စက်မှုဇုန်စီမံကိန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် Mingala-donIndustrial Park, Korea-Myan-mar Industrial Complex, Yangon Amata Smart and Eco City၊ နိုင်ငံတကာအဆင့်မီပန်းလိုင်ဂေါက်ကွင်းနှင့် အဆင့်မြင့်အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမြင့်အိမ်ရာများအပြင် ပြည်သူ့အငှားအိမ်ရာနှင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအိမ်ရာများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း အခန်းပေါင်း ၄၉၂ခန်းတည်ဆောက်ပြီးစီးမှု၊ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်နိုင်မှုနှင့် အိမ်ရာလိုအပ်ချက်ဆိုင်ရာများကိုလည်းကောင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဘဏ္ဍာရန်ပုံငွေ စီမံခန့်ခွဲမှုနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်းရှိ သံဃာတော်များကို ဆွမ်းဆန်၊ ဆီ၊ ကုလားပဲများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း



**မန္တလေး အောက်တိုဘာ ၂၇**

မန္တလေး အောင်မြေသာစံမြို့နယ် ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်းရှိ ဆရာတော်၊ သံဃာတော်များကို ဆွမ်းဆန်၊ ဆီ၊ ကုလားပဲများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်းအခမ်းနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတွင်ကျင်းပရာ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို နှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဖောင်တော်ဦး ကျောင်းဆရာတော် နိုင်ငံတော်သြဝါဒ စရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာယကထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ မန္တလေးမြို့တော်ဝန်တို့ က ဖောင်တော်ဦးကျောင်းဆရာတော်ကို ဆွမ်းဆန်၊ ဆီ၊ ကုလားပဲ၊ လှူဖွယ်ပစ္စည်း များနှင့် နဝကမ္မဝတ္ထုငွေတို့ကို ဆက်ကပ် လှူဒါန်းပြီး ရေစက်ချအနုမောဒနာတရား နာယူကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း ရုပ်သိမ်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်ဇနီး၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးတို့က ရဟန်း၊ သာမဏေ ၅၁၆ ပါးတို့ကို ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူကြပြီး ဖောင်တော်ဦးကျောင်း ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့သည်။

ယနေ့လှူဒါန်းမှုတွင် စုစုပေါင်းငွေကျပ် ၆၁၀၅၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၀၀၊ ဆီ ပိဿာ ၁၀၀၊ ကုလားပဲသုံးအိတ်တို့ကို လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။ **မိုးကျော်**

# အနောက်တောင်တိုင်းစစ်ဌာနချုပ် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ



**ဆရာတော်၊ သံဃာတော်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

**နေပြည်တော် အောက်တိုဘာ ၂၇**

အနောက်တောင်တိုင်း စစ်ဌာနချုပ် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ သာသနဝံသမ္မောရုံ၌ ပြုလုပ်ရာ ရေဝတီတိုင်းဒေသကြီး ပုသိမ် မြို့ တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူ များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ တိုက်ကြီးကျောင်းပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြ သူများက သံဃာတော်များထံ လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသုမနထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေကြသည်။

ယင်းနောက် တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော်က နတ်ဖြဟ္မာများကို ပြန်လည်ပို့ဆောင်ကာ တိုက်ကြီးကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဆေကသာမိက အောင်ရာ အောင်ကြောင်း အောင်ဆုတောင်းဂါထာ ရွတ်ဖတ်ပူဇော်ပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ကို ရုပ်သိမ်းကာ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးကိစ္စ သတင်းထုတ်ပြန်ချက်

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်၌ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးသို့ မြန်မာနိုင်ငံက နိုင်ငံရေးအရကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုသာ အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဖိတ်ကြားခဲ့ပါသည်။ ထိုသို့ဖိတ်ကြားခြင်းသည် အာဆီယံပဋိညာဉ်စာတမ်း အပိုဒ်(၅)ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများအကြား အဆင့်တူတန်းတူ ကိုယ်စားပြုရေးမူနှင့် သွေဖည်နေသဖြင့် မြန်မာနိုင်ငံက ကိုယ်စားပြုတက်ရောက်ခဲ့ခြင်း မရှိပါ။ အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး တန်းတူညီတူ ကိုယ်စားပြုရေး "မူ" နှင့် တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး "မူ" တို့ကို မြန်မာနိုင်ငံအနေဖြင့် ခိုင်မာစွာလိုက်နာလျက်ရှိရာ ယခုကဲ့သို့ ခွဲခြား ဆက်ဆံသည့်လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိပါ။

အစည်းအဝေးတွင် မြန်မာနိုင်ငံက ပါဝင်ခြင်းမရှိဘဲ အာဆီယံကိုးနိုင်ငံဖြင့်သာ ဆွေးနွေးသဘောတူညီခဲ့ခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းပါမူများနှင့်အညီ အဖွဲ့ ဝင်နိုင်ငံအားလုံး၏ တူညီဆန္ဒအရဆောင်ရွက်ခဲ့ခြင်းမဟုတ်သည့်အတွက် မြန်မာနိုင်ငံ အနေဖြင့် လိုက်ပါဆောင်ရွက်မည်မဟုတ်ပါ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ နိုင်ငံတော်တာဝန်ယူပြီးနောက်ပိုင်းတွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်၍ မြန်မာနိုင်ငံ၌ ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ တစ်ချိန်တည်းမှာပင် အာဆီယံ၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် တူညီဆန္ဒ ငါးချက် အကောင်အထည်ဖော်ခြင်းကို အာဆီယံဥက္ကဋ္ဌ၏အထူးကိုယ်စား လှယ်နှင့် အပြုသဘော နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် အဖွဲ့အစည်းများနှင့်တွေ့ဆုံကာ ပွင့်လင်းစွာဆွေးနွေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အကောင် အထည်ဖော်လျက်ရှိရာတွင် သိသာထင်ရှားသည့် တိုးတက်မှုများရရှိလျက်ရှိပါသည်။ ထို့ပြင် အာဆီယံတူညီဆန္ဒ ငါးချက်တွင် ပါဝင်သည့်လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေးကိစ္စ ပထမအဆင့်ကိုလည်း AHA စင်တာကို ပူးပေါင်း ပံ့ပိုးလျက်ရှိပြီး အကူအညီလိုအပ်နေသူများထံသို့ ခွဲခြားမှုမရှိဘဲ မျှတစွာရရှိရေးနှင့် အကူအညီပေးအပ်သည့် စေတနာ့ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးကို အလေးထား ၍ဆောင်ရွက်လျက်ရှိပါသည်။ ဒုတိယအဆင့်အကူအညီများ ပံ့ပိုးနိုင်ရေးအတွက် လိုအပ်ချက်များဆန်းစစ်မှု ဆောလျင်စွာပြီးမြောက်ရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

ပြည်သူလူထု၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကိုတည်ဆောက်ရန် အစိုးရ၏ကြိုးပမ်းနေမှုအပေါ် NUG နှင့် PDF အမည်ခံများက အဖျက်အမှောင့်လုပ်ရပ်များ၊ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်၍ ဖျက်ဆီးလျက်ရှိပါသည်။ ယင်းကဲ့သို့ ပြည်တွင်း၊ ပြည်ပမှ အနှောင့်အယှက်များ၊ ဖိအားပေးမှုများ မည်သို့ပင်ရှိနေသော်လည်း တာဝန်သိအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာ နိုင်ငံသည် အာဆီယံတူညီဆန္ဒ ငါးချက်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ တူညီဆန္ဒငါးချက်အကောင်အထည်ဖော်ခြင်းသည် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရာ၊ အချိန် ကန့်သတ်ချက်ဖြင့် ဖိအားပေး၊ အကျပ်ကိုင်သည့် ချဉ်းကပ်မှုမျိုးသည် အကျိုးမရှိနိုင် သည့်အပြင် ဆိုးကျိုးသက်ရောက်မှုများကိုပင် ဦးတည်သွားစေနိုင်ပါသည်။

အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှု၊ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးဆိုင်ရာ ကိစ္စများ အားပြိုင်မှုများ အရှိန်မြင့်တက်နေသည့် ယခုအချိန်မျိုးတွင် အာဆီယံအနေဖြင့် ခိုင်မာသောအဖွဲ့အစည်းအဖြစ်တည်ရှိရန် အာဆီယံ၏စည်းလုံးညီညွတ်မှုနှင့် အချက် အချာကျမှုတို့ကိုထိန်းသိမ်းရန် အရေးတကြီးလိုအပ်ပါသည်။ အာဆီယံသည် စည်းမျဉ်း ကိုအခြေခံသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ အာဆီယံပဋိညာဉ်စာတမ်းတွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များကို တိတိကျကျလေးစားလိုက်နာရန်လိုအပ်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ဂုဏ်သိက္ခာနှင့် အချုပ်အခြာအာဏာကိုလေးစား၍ နိုင်ငံတစ်နိုင်ငံ ၏ ပြည်တွင်းရေးကို တစ်နိုင်ငံကဝင်ရောက်မစွက်ဖက်ရန် အထူးလိုအပ်ပါသည်။ သို့မှသာလျှင် အာဆီယံ၏စည်းလုံးညီညွတ်မှုနှင့် အချက်အချာကျမှုတို့ကို ထိန်းသိမ်း နိုင်မည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်**


# ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ထို့သို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချ စားသုံးသင့်ပါသည်။

# စစ်တက္ကသိုလ်အဆင့်မြင့်စာပေပညာဗဟိုဌာနတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်(၂၀၂၂) ကျင်းပ



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး စစ်တက္ကသိုလ်အဆင့်မြင့်ပညာဗဟိုဌာန၌ သိပ္ပံနှင့် နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်(၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

**ပြင်ဦးလွင် အောက်တိုဘာ ၂၇**

တပ်မတော်အနေဖြင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာများ အထောက်အကူပြုနိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်(၂၀၂၂) (Conference on Science and Technology Development–2022) (CSTD-2022) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ် စစ်တက္ကသိုလ်အဆင့်မြင့်စာပေပညာဗဟိုဌာန ငါးထပ်စာသင်ဆောင်ရှိ Multifunction Hall ၌ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပပြုလုပ်သည်။

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ တင်သွင်းခင်းကျင်းပြသထားသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာပိုစတာ ၂၃ စောင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပိုစတာရှင်များက ရှင်းလင်းတင်ပြကြသည်။



စစ်တက္ကသိုလ်အဆင့်မြင့်ပညာဗဟိုဌာန၌ သိပ္ပံနှင့်နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်(၂၀၂၂)တွင် စာတမ်းတင်သွင်းသူတစ်ဦးက စာတမ်းဖတ်ကြားစဉ်။

ထို့နောက် ဖိတ်ကြားထားသော ပါမောက္ခများ၏ စာတမ်းနှစ်စောင်၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနစာတမ်း ၆၃ စောင် စုစုပေါင်း စာတမ်း ၆၅ စောင် ဖတ်ကြားခဲ့သည်။

သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်(၂၀၂၂)ကို အောက်တိုဘာ ၂၈ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖိတ်ကြားထားသော ပါမောက္ခများ၏ စာတမ်းနှစ်စောင်၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနစာတမ်း ၅၆ စောင် စာတမ်းစုစုပေါင်း ၅၈ စောင် ဆက်လက်ဖတ်ကြားသွားမည်ဖြစ်ပြီး အကောင်းဆုံးစာတမ်း ခုနစ်ဆုနှင့် အကောင်းဆုံးပိုစတာ နှစ်ဆု ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်ကို ၂၀၁၆ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ကျင်းပခဲ့ပြီး ယခုအကြိမ်သည် ဆဋ္ဌမအကြိမ်မြောက်ကျင်းပသည့် ကွန်ဖရင့်ဖြစ်သည်။

အဆိုပါကွန်ဖရင့်သို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တပ်မတော်တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များနှင့် အရာရှိများ၊ အရပ်ဘက်တက္ကသိုလ်များမှပါမောက္ခများ၊ တပ်နယ်မှ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းတက်ရောက်နေသော သင်တန်းသားအရာရှိများ၊ ဗိုလ်လောင်းများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ကိုယ်တိုင်လာရောက် စာတမ်းမဖတ်ကြားနိုင်သော Keynote Speaker များ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများက Video Conferencing ဖြင့် အခမ်းအနားသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၁/၂၀၂၂)**
၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်
(၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၇ ရက်)

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)]** ကို မှတ်ပုံတင်အမှတ်(၁၁၂)၊ ၂၀၁၉ ခုနှစ် ဧပြီလ ၂၅ ရက်စွဲပါ ကြေညာချက်အမှတ် (၃၈/၂၀၁၉)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)]** က ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၁ ရက်စွဲပါ စာအမှတ်၊ ၁/စီမံ-၁/ပကဆ/(၂) ဖြင့် နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းပေးပါရန်တင်ပြချက်နှင့် စပ်လျဉ်း၍ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၁၂/၂၀၂၂)၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၉(က)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ပါတီကိုဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)]** ကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းလိုက်သည်။

**သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၂၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၅၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၂၆၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၉၇၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၀၅၉ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၃၀၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ကျောင်းသား၊ ကျောင်းသူ ၁၄၆ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့၌ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

# KNU/KNLA တပ်မဟာ(၆) လက်အောက်ခံတပ်ရင်းများ၊ KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPHတို့၏ လက်ဝေခံ PDFအမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်၊ လူနေအိမ် နှစ်လုံး၊ ဘာသာရေးအဆောက်အအုံတစ်ခုတို့ ထိခိုက်ပျက်စီးခဲ့ပြီး အပြစ်မဲ့ဒေသခံ ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် ပြည်သူနှစ်ဦးသေဆုံး၊ သုံးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

KNU/KNLA တပ်မဟာ(၆) လက်အောက်ခံတပ်ရင်းများ၊ KKO (ခွဲထွက်) အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDFအမည်ခံအကြမ်းဖက်သမားများအနေဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ဒေသခံများ ကြောက်ရွံ့ထိတ်လန့်စေရန်ရည်ရွယ်၍ ယခုလ ၂၀ ရက်တွင် မြို့အတွင်းသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း၊ လူနေရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများနှင့် ရုံးဌာနအဆောက်အအုံများအတွင်း ဝင်ရောက် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းများ လုပ်ဆောင်လာခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့်ပူးပေါင်း၍ တုံ့ပြန်တိုက်ခိုက်ခဲ့ပြီး မြို့အတွင်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။




KNU / KNLA တပ်မဟာ(၆) လက်အောက်ခံတပ်ရင်းများ၊ KKO (ခွဲထွက်) အဖွဲ့နှင့် NUG၊ CRPHတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်ရှိ လူနေအိမ်များထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။



KNU / KNLA တပ်မဟာ(၆) လက်အောက်ခံတပ်ရင်းများ၊ KKO (ခွဲထွက်) အဖွဲ့နှင့် NUG၊CRPHတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ပစ်ခတ်မှုကြောင့် ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်ရှိ ကိုးနှစ်အရွယ်ကလေးငယ်တစ်ဦးသေဆုံးခဲ့ရမှုကို တွေ့ရစဉ်။

KNU/KNLA တပ်မဟာ(၆) လက်အောက်ခံတပ်ရင်းများ၊ KKO(ခွဲထွက်)အဖွဲ့နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများပစ်ခတ်မှုကြောင့် ကော့ကရိတ်မြို့၊ အမှတ်(၇)ရပ်ကွက် အတွင်းသို့ လက်နက်ကြီးဗုံးသီးများ ကျရောက်ပေါက်ကွဲမှုဖြစ်စဉ်ပြပုံ




ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ယနေ့နေ့လယ်ပိုင်းတွင်လည်း KNU/KNLA တပ်မဟာ(၆)လက်အောက်ခံတပ်ရင်းများ၊ KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်းသို့ မြို့၏ အရှေ့မြောက်ဘက် မီတာ ၁၅၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ ရည်ရွယ်ချက်ရှိရှိဖြင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အမှတ်(၇)ရပ်ကွက်အတွင်းသို့ ဗုံးသီးများကျရောက်ပေါက်ကွဲခဲ့ပြီး လူနေအိမ် နှစ်လုံး၊ ဘာသာရေးအဆောက်အအုံတစ်ခုတို့ထိခိုက်ပျက်စီးခဲ့ကာ အသက်ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် ဒေသခံပြည်သူ နှစ်ဦးသေဆုံးခဲ့ပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိသူများကို ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိပြီး ဗုံးသီးများကျရောက်ရာ ရပ်ကွက်အတွင်း ပေါက်ကွဲမှုမရှိသေးသည့် ဗုံးသီးများ ကျန်ရှိမှုမရှိစေရေးနှင့် မလိုလားအပ်သောပေါက်ကွဲမှုများကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော လူနေရပ်ကွက်များအတွင်းသို့ ရည်ရွယ်ချက်ရှိစွာဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကိုကျူးလွန်ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကုံးကော်ရပ်ကွက်နေသူများဖြစ်သည့် မိုးမိုးရီနှင့် နုနုရီတို့နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် "Moe Yi" Facebook အကောင့်နှင့် "Nu Nu" Facebook အကောင့်၊ ဖက္ကလိပ်ကျေးရွာနေ ကျော်ဇင်လတ်သည် ၎င်းအသုံးပြုသည့် "Kyaw Zin Latt" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အောက်တိုဘာ ၂၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၆ ဦး တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

အောက်တိုဘာ ၂၆ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၁၉၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၆ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၁၂၃၅ ဦး |
| သေဆုံးသူ | ၁၉၄၈၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၅၁၅၁ ဦး |

ခရီးသွားဆောင်းပါး

# ပြက္ခရွှေတောင်ခရီးအစ၊ ရှာခိုင်ကြီးရွာ

သက်နိုင်(ပြင်ဦးလွင်)

မြစ်သားမြို့နယ်အတွင်းမှာရှိတဲ့ မြန်မာနိုင်ငံရဲ့ အလယ်ဗဟိုချက် ပြက္ခရွှေတောင်ဆိုတာ ကျော်ကြားထင်ရှားလှပါတယ်။ ပြက္ခရွှေတောင်ရှိရာကို သွားမယ်ဆိုပြီး စဉ်းစားစီစဉ်ခဲ့ပေါင်းများခဲ့ပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် မရောက်ဖြစ်ခဲ့သေးပါဘူး။ ဒီတစ်ခေါက်တော့ ခရီးစဉ်လမ်းကြောင်းကို သေသေချာချာ မေးမြန်းစုံစမ်းပြီး အရောက်သွားဖြစ်ခဲ့ပါတယ်။ ပြက္ခရွှေတောင်ရဲ့တည်နေရာကို အတိအကျပြောရရင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့ ရှာခိုင်ကြီးကျေးရွာရဲ့ အရှေ့တောင်ဘက်ယွန်းယွန်း ငါးမိုင်ကျော်၊ ခြောက်မိုင်လောက်မှာ တည်ရှိနေတယ်။

ပြက္ခရွှေတောင်ကို သွားဖို့အတွက် ရှာခိုင်ကြီးကျေးရွာမှာရှိနေတဲ့ ဒေသခံငယ်သူငယ်ချင်း ကိုလှမြင့်ဆီကို ဖုန်းနဲ့ဆက်သွယ်အကြောင်းကြားထားပြီး သတ်မှတ်ရက်ဖြစ်တဲ့ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်မှာ ထွက်လာခဲ့ရတယ်။ ခရီးဖော်က မိမိရဲ့ စီးတော်ယာဉ်ခွေးဘီလူးကားလေးနဲ့အတူ မိုးကုတ်မြို့ခရီးစဉ်မှာလဲ အတူတူသွားလာခဲ့ကြတဲ့ ဆရာဦးသုထက်ကျော်ပါ။ ဆရာဦးသုထက်ကျော်ကော၊ မိမိကိုယ်တိုင်ကော စနေနေ့ မနက်ပိုင်းမှာ စာသင်ချိန်လေးတွေ အနည်းငယ်စီ ရှိနေကြတာကြောင့် မနက်ပိုင်းမှာ စာကို ပြီးအောင်သင်၊ နေ့လယ်စာ ထမင်းစားသောက်ခဲ့ကြပြီးမှ ပြင်ဦးလွင်မြို့ကနေ စတင်ထွက်ခွာလာခဲ့ကြတယ်။

ပြင်ဦးလွင်-ထုံးဘို-မြစ်ငယ်ဖြတ်လမ်းကနေတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ကို ရောက်ရှိလာတဲ့အခါမှာ မွန်းတည့် ၁၂ နာရီရှိနေပါပြီ။ ရာသီဥတုအခြေအနေက မိုးအနည်းငယ်အုံ့နေလို့ အပူဒဏ်က သက်သာနေရတယ်။ မြစ်ငယ်၊ ပလိပ်၊ စဉ့်ကိုင်၊ ဘယ်လင်း၊ ကျောက်ဆည်၊ ဟံမြင့်မိုရ်၊ လက်ညှိုးထိုးလမ်းခွဲတွေကို အဆင့်ဆင့် ဖြတ်ကျော်လာခဲ့ပြီး မြစ်သားမြို့နယ် ကူမဲမြို့အနီးမှာရှိနေတဲ့ လမ်းခွရွာကို ရောက်လာခဲ့တယ်။ နေရာက လမ်းခွရွာဆိုတဲ့အတိုင်း လမ်းဆုံလမ်းခွဖြစ်နေပြီး နောက်မှာကျန်နေရစ်ခဲ့တာက မန္တလေးမြို့၊ ရှေ့ဆက်သွားရင် ရန်ကုန်မြို့၊ ညာဘက်လမ်းအတိုင်း ချိုးကွေ့သွားရင် မြစ်သားမြို့နဲ့ ဘယ်ဘက်လမ်းအတိုင်းသွားမယ်ဆိုရင် မိမိတို့ သွားရောက်ရမဲ့ ရှာခိုင်ကြီးကျေးရွာကို ရောက်ရှိသွားမှာဖြစ်ပါတယ်။ လမ်းခွကနေ မြစ်သားမြို့ကို ၁၀ မိုင်၊ ရှာခိုင်ကြီးကျေးရွာကို ခြောက်မိုင် ဝေးကွာနေပါသေးတယ်။ လမ်းခွကနေ ရှာခိုင်ကြီးကို ကတ္တရာလမ်းကောင်းအတိုင်း ဝင်ရောက်လာခဲ့ရတယ်။

မိမိငယ်ရွယ်စဉ် ကျောင်းသားဘဝ ရှာခိုင်ကြီးကို အလည်အပတ်လာရောက်ခဲ့စဉ်က အခုဖောက်လုပ်ထားတဲ့ ကတ္တရာလမ်းမရှိသေးဘဲ ကင်းတားရေလှောင်တမံ၊ ရေလွှဲဆည်၊ မြောင်းပေါင်လမ်းကနေလာခဲ့ရတယ်။ အဲဒီခေတ် အချိန်အခါက သွားရေး၊ လာရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေတွေက သိပ်ကို ခက်ခဲကြမ်းတမ်းလှပါတယ်။ ပြင်ဦးလွင်မြို့ကနေ မနက်စောစောကတည်းက ကုန်အပြည့်၊ လူအပြည့်နဲ့ ထွက်ခွာလာခဲ့တဲ့ ခရီးသည်တင် ဟိုင်းလတ်ကားက မန္တလေးမြို့ရှိရာကို တော်တော်နဲ့မရောက်နိုင်ဘဲ ၂၁ မိုင်စခန်းအပါအဝင် ဟိုနားရပ်၊ ဒီနားရပ်၊ ကုန်တင်လူဆင်း၊ ကုန်ချလူတက်တွေအပြင် ကားဘီးပေါက်တာမျိုးတွေ၊ ကားပျက်တာမျိုးတွေ၊ ရေဆူရေလဲရတာမျိုးတွေ၊ ဘီးတွေနဲ့ ဘရိတ်တွေပူလို့ ရေလောင်းရတာမျိုးတွေ၊ ယာဉ်ထိန်းရဲက ဖမ်းထားလို့ ဖြေရှင်းနေရတာမျိုးတွေ၊ လမ်းကြောင်း အမှန်အတိုင်းမဟုတ်ဘဲ ကွေ့ပတ်ရှောင်ရှားမောင်းနှင် နေရတာမျိုးတွေကြောင့် မန္တလေးမြို့ကို နေမွန်းတည့်ချိန်မှ ရောက်လာခဲ့ရတယ်။

မန္တလေးမြို့ကို ရောက်လာပြန်တော့လဲ အဲဒီအချိန်ကာလက ကားလေးဝင်းဖြစ်တဲ့ ၂၆ ဘီလမ်း၊ မြန်မာ့စီးပွားရေးဘဏ်(၁) ရှေ့ကနေ ကူမဲမြို့နဲ့မိတ္ထီလာမြို့ကို သွားရောက်ကြမဲ့ ခရီးသည်တင်ကားတွေကို ဈေးချိုအနီးပတ်ဝန်းကျင်မှာ လိုက်လံရှာဖွေရပြန်တယ်။ ရှာခိုင်ကြီးကျေးရွာကို သွားမယ်ဆိုရင် ကျောက်ဆည်၊ မြစ်သား၊ မြင်းခြံကားတွေကို စီးလို့မရဘဲ ကူမဲ၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ သဲတောသွား ကားတွေကိုပဲ စီးလို့ရပါတယ်။ ရှာခိုင်ကြီးက လက်ညှိုးထိုးလမ်းခွဲကို ကျော်လွန်သွားရတာကြောင့်ပါ။ မိတ္ထီလာ၊ ကူမဲ၊ သဲတော၊ ဝမ်းတွင်းကားတွေက မန္တလေး-ပြင်ဦးလွင်ကားတွေထက် ပိုဆိုးတယ်။ တစ်လမ်းလုံး တအိအိနဲ့မောင်းတဲ့အခါမောင်း၊ ခရီးသည်တင်ကားအချင်းချင်း ပြိုင်မောင်းတဲ့အခါမောင်း၊ ကုန်တင်ကုန်ချလုပ်နေတာက အချိန်ကြာတာနဲ့ ကူမဲကို ညနေပိုင်းမှ ရောက်ရှိလာတော့တယ်။

ကူမဲကိုရောက်တာနဲ့ ရှာခိုင်ကြီးကို လိုက်ပို့နိုင်မဲ့ မြင်းလှည်းကို စုံစမ်းရှာဖွေရတယ်။ ညနေပိုင်းအချိန်ကို ရောက်နေပြီဖြစ်တာမို့ မြင်းလှည်း၊ နွားလှည်းအကြိုတွေ မရှိကြတော့ပါဘူး။ အခုခေတ်လို ဆိုင်ကယ်ကယ်ရီတွေ၊ သုံးဘီးတွေ၊ အငှားယာဉ်တွေ မရှိကြသေးသလို




ကားလမ်းကောင်းကောင်းဆိုတာကလဲ စိတ်ကူးယဉ်အိပ်မက်အဆင့်မှာသာ မျှော်တရေးရေး ရှိနေပါသေးတယ်။ ဒါကြောင့်မို့ ဖြစ်နိုင်ခြေရှိတဲ့ မြင်းလှည်းကိုပဲ အားကိုးအားထားပြုပြီး ရှာဖွေငှားရမ်းနေရတယ်။ လိုက်ပို့ပေးမယ်ဆိုတဲ့မြင်းလှည်းကို တွေ့ပြန်တော့လဲ မြင်းလှည်းဆရာတောင်းတဲ့ ငွေ ၂၅ ကျပ်ကို ငွေကျပ် ၂၀ နဲ့ရအောင် တောင်းတောင်းပန်ပန်ဈေးဆစ်ပြီးမှ စီးလာခဲ့ရတယ်။ ပြင်ဦးလွင်-မန္တလေး ယာဉ်စီးခန္ဓနှုန်းက မက်သနော ဆီရကားဆိုရင် ခရီးသည်တစ်ယောက်ကို ငွေရှစ်ကျပ်ခွဲ ပဲပေးနေရတဲ့အချိန်မှာ ကူမဲနဲ့ ရှာခိုင်ကြီးကို မြင်းလှည်းခ ငွေကျပ် ၂၀ ဆိုတာ သိပ်များပြားနေတယ်။ ဒါပေမဲ့ လိုက်လံပို့ဆောင်ပေးတဲ့မြင်းလှည်းကို ထိုင်ရှိခိုးရလောက်အောင် ကျေးဇူးတင်နေရပြီး ရွာတွေကို တစ်ရွာပြီးတစ်ရွာကျော်၊ လယ်ကွင်းတွေကို တစ်ကွင်းပြီးတစ်ကွင်းဖြတ်နဲ့ ညမိုးချုပ်မှ ရှာခိုင်ကြီးကိုရောက်ရှိပါတော့တယ်။

အခုလာတဲ့အခေါက်ခရီးစဉ်မှာ လမ်းပန်းဆက်သွယ်ရေးတွေက အလွန်ကောင်းမွန်နေပါပြီ။ ပြင်ဦးလွင်-မန္တလေး(ထုံးဘို၊ မြစ်ငယ်ဖြတ်လမ်းထိ) ကားမောင်းချိန် တစ်နာရီ၊ မြစ်ငယ်ကနေ ရှာခိုင်ကြီးရွာရောက်တဲ့ထိ အချိန်တစ်နာရီ စုစုပေါင်း ကားမောင်းချိန် နှစ်နာရီပဲ ကြာမြင့်ခဲ့ပါတယ်။ ရှာခိုင်ကြီးကို ရောက်တဲ့အချိန်က မွန်းလွဲ ၁ နာရီပဲ ရှိနေသေးတာကြောင့် သူငယ်ချင်းမိသားစုနဲ့ နှုတ်ဆက်စကားပြောကြရင်း မနက်ဖြန်မနက်စောစောထပြီး ပြက္ခရွှေတောင်ကိုသွားကြဖို့ ပြောဆိုတိုင်ပင်ဆွေးနွေးကြရတယ်။ ဒီလိုတိုင်ပင်ဆွေးနွေးကြရာမှာ အံ့သြစရာကောင်းပြီး ထူးခြားနေတဲ့အချက်က သူငယ်ချင်းအပါအဝင် မိသားစုဝင်တွေကော၊ မိတ်ဆွေတွေကော၊ နီးစပ်ရာပတ်ဝန်းကျင်က ရွာသူ၊ ရွာသားတွေကော ပြက္ခရွှေတောင်ကို မရောက်ဖူးကြသေးတာပါ။ ပြက္ခရွှေတောင်ကိုသွားမယ်ဆိုရင် လမ်းပြအဖြစ် ရောက်ဖူးသူတစ်ယောက်ယောက်က မပါမဖြစ် ပါဝင်ရမှာမို့ ကြိုးစားဆက်သွယ်ပြီး လိုက်လံရှာဖွေမှ ရှားရှားပါးပါး ရွာခံတစ်ယောက်ကို တွေ့ရတော့တယ်။ လမ်းပြရွာခံက ပြက္ခရွှေတောင်ကို လွန်ခဲ့တဲ့ သုံးလေးနှစ်တုန်းက တစ်ခေါက်ရောက်ဖူးထားသလို သူငယ်ချင်းမိသားစုနဲ့လဲ သိပ်ရင်းနှီးနေတာကြောင့် ခရီးစဉ်အတွက် အဆင်ပြေသွားရတယ်။ ဒါပေမဲ့ ခရီးလမ်းအတွက် လိုအပ်တာတွေနဲ့ တက်ချိန်၊ ဆင်းချိန်၊ နားချိန်၊ လေ့လာကြည့်ရှုချိန်တွေကို သေသေချာချာမေးမြန်းစုံစမ်းထားရတယ်။

ပြက္ခရွှေတောင်ကို သွားကြဖို့အတွက် အားလုံးအဆင်ပြေပြီဖြစ်လို့ ရောက်တုန်းရောက်ခိုက် မရောက်တာကြာပြီဖြစ်တဲ့ ရှာခိုင်ကြီးကျေးရွာအတွင်းကို လှည့်လည် လည်ပတ်ကြရတယ်။ ရှာခိုင်ကြီးက အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ ရွာအတွင်းဈေးတွေရှိတဲ့အပြင် ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီကြီးတွေရှိတဲ့ ရွာကြီးတစ်ရွာပါ။ အိမ်ခြေ ၁၆၀၀ ကျော်ရှိနေသလို မြို့နယ်အတွင်းမှာ မသိသူမရှိရလောက်အောင် ထင်ရှားလှပါတယ်။ အဓိကစိုက်ပျိုးသီးနှံတွေဖြစ်တဲ့ စပါး၊ ကြက်သွန်နီ၊ ငရုတ်၊ ကွမ်းရွက်၊ ချင်း၊ ငှက်ပျော၊ သရက်၊ ဝါတွေအပြင် သဘော်သီး၊ လျှော်ပြူ၊ ဖရဲ၊ သခွားတွေကိုလဲ စိုက်ပျိုးကြတာကြောင့် စီးပွားရေးအရ အဆင်ပြေကြတယ်။ ရာသီပေါ် သီးနှံချိန်တွေမှာ ပြည်ပနိုင်ငံတွေထိ ကိုယ်တိုင်ကိုယ်ကျသွားရောက်တင်ပို့ရောင်းချနိုင်တဲ့အထိလဲ ခေတ်မီတိုးတက်နေပါပြီ။ ဒါ့ပြင် လွန်ခဲ့တဲ့ နှစ်အနည်းငယ်က လျှပ်စစ်မီးရရှိသွားပြီဖြစ်တဲ့အတွက် လူနေမှုအဆင့်အတန်းတွေ မြင့်မားလာခဲ့ကြတယ်။ အရင်ကျောင်းသားဘဝတုန်းက ရောက်ခဲ့တဲ့ ရှာခိုင်ကြီးနဲ့ အခုရွာခိုင်ကြီးက ဘာမှမဆိုင်တော့သလို အစစအရာရာ ကွာခြားပြောင်းလဲနေပြီဖြစ်ပါတယ်။

ရွာအတွင်း လေ့လာလည်ပတ်ဖို့အတွက် ပထမဆုံးရောက်ရှိလာတဲ့နေရာက ရွာတောင်ပိုင်းမှာရှိတဲ့ ပရိယတ္တိပျိုးခင်း၊ မြစ်နားဘုန်းတော်ကြီးကျောင်းကိုပါ။ ကျောင်းတိုက်က ပန်းလောင်မြစ်နားမှာကပ်ပြီး တည်ရှိနေတဲ့အတွက် မြစ်နားကျောင်းလို့ အလွယ်တကူခေါ်ဆိုလိုက်ကြတယ်။ ရှာခိုင်ကြီးက တောင်ရွာ၊ မြောက်ရွာဆိုပြီး နှစ်ရွာရှိနေသလို ဘုန်းတော်ကြီးကျောင်းကလဲ တောင်ကျောင်း၊ မြောက်ကျောင်းဆိုပြီး နှစ်ကျောင်းရှိနေတယ်။ အခုရောက်ရှိနေတဲ့ မြစ်နားကျောင်းခေါ် တောင်ကျောင်းမှာ ရှေးဟောင်းစေတီတော်ကြီး တစ်ဆူရှိနေတာကြောင့် ဆရာတော်ကို ဖူးမြော်အပြီးမှာ စေတီတော်ကြီးကို သွားရောက်လေ့လာဖူးမြော်ကြရတယ်။ ဆရာတော်က စေတီတော်ရဲ့ ဘွဲ့တော်ကို လောကနန္ဒာဆုတောင်းပြည့်စေတီလို့ ခေါ်ဆိုကြောင်း၊ စေတီတော်အတွင်းမှာ တွေ့ရှိရတဲ့ ဌာပနာတွေအရ ပုဂံခေတ်ကတည်းက တည်ထားခဲ့တဲ့ စေတီတစ်ဆူဖြစ်ကြောင်းကို ဆရာကြီး တမ္ပဝတီဦးဝင်းမောင်က အတည်ပြုထားကြောင်း၊ စေတီတော်မှာ အဆင့် သုံးဆင့်ဖြစ်ပြီး အောက်ဆုံးအဆင့်စေတီတော်ကို ပုဂံခေတ်အခါက အနော်ရထာမင်းကြီး တည်ထားခဲ့ကြောင်း၊ ဒုတိယဖြစ်တဲ့ အလယ်ဆင့် စေတီတော်ကို လွန်ခဲ့တဲ့ နှစ် ၅၀၀ လောက်က ပထမဆင့် စေတီကို ငုံပြီးတည်ထားခဲ့ကြောင်း၊ အခုဖူးမြော်တွေ့မြင်နေရတဲ့ တတိယအဆင့် စေတီတော်ကို မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်က တည်ထားခဲ့ကြောင်း စသဖြင့် ရှင်းလင်းမိန့်ကြားပေးပါတယ်။

အရင်ရှိနေတဲ့ ပထမအဆင့်၊ ဒုတိယအဆင့် စေတီတော်တွေပုံစံက ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတွေမှာ တွေ့မြင်နေရလေ့ရှိတဲ့ ရှည်ရှည်ချွန်ချွန်ပုံစံတွေဖြစ်နေတာကြောင့် စေတီတော်တွေပေါ်ကနေ ထပ်မံငုံပြီး တတိယအဆင့် စေတီတော်ကြီးကို မြန်မာမှု၊ မြန်မာဟန်နဲ့ ထပ်ဆင့်တည်ထားရခြင်းဖြစ်ကြောင်းကိုလဲ ရှင်းပြပေးပါတယ်။ လက်ရှိစေတီတော်ကြီးရဲ့ပုံသဏ္ဌာန်က မြန်မာဆန်ဆန်၊ မြန်မာမှုအနုပညာလက်ရာတွေနဲ့ ဖြစ်နေပေမဲ့ စေတီတော်အတွင်း အာရုံခံတန်ဆောင်းမှာရှိနေတဲ့ ရုပ်ပွားတော်တွေက အခုခေတ်ပုံစံ မြန်မာလက်ရာတွေမဟုတ်ဘဲ ရှေးခေတ်ထိုင်းနိုင်ငံလက်ရာတွေနဲ့ ခပ်ဆင်ဆင်တူနေကြတယ်။ ဒါကလဲ ဆရာတော်က လိုက်လံရှင်းလင်းပြသတာကြောင့် သေသေချာချာ သတိထားကြည့်မှ သိမြင်ကြရတာပါ။

မြစ်နားကျောင်းဆရာတော်နဲ့ စေတီတော်ကြီးကို ဖူးမြော်အပြီးမှာ ရွာအတွင်းက ရင်းနှီးတဲ့မိတ်ဆွေအိမ်တွေရှိရာကို လည်ပတ်ကြတယ်။ ရင်းနှီးတဲ့မိတ်ဆွေတွေဆိုတာကလဲ အခြားသူစိမ်းတွေမဟုတ်ဘဲ ငယ်သူငယ်ချင်း ကိုလှမြင့်ရဲ့အစ်ကိုတွေ၊ အစ်မတွေ၊ ညီတွေ၊ ညီမတွေ၊ တူတွေ၊ တူမတွေရဲ့ အိမ်တွေကိုပါ။ သူတို့တွေက မောင်နှမသားချင်းများပြီး ဆွေကြီးမျိုးကြီးအိမ်ထောင်ကွဲတွေများပြားလွန်းတာကြောင့် အိမ်တစ်အိမ်မှာ တစ်ခဏသာနှုတ်ဆက်စကားပြောပြီး နောက်တစ်အိမ်ကို ကူးကြရတယ်။ နှစ်ပေါင်းများစွာ မရောက်တာကြာပြီဖြစ်တဲ့ ရှာခိုင်ကြီးက ရွာပုံစံအနေအထားတွေ အများအပြားတိုးတက်ပြောင်းလဲသွားတာသာမက လူတွေကလဲ အပြောင်းလဲကြီး ပြောင်းလဲကုန်ကြပြီ။ အရင်ရောက်ခဲ့စဉ်က ချီပိုးဆော့ကစားခဲ့တဲ့ ကောင်မကလေးက အိမ်ထောင်ကျပြီး ကလေးနှစ်ယောက်ရနေပါပြီ။ ထန်းရည်အတူတူသောက်ခဲ့သူ တစ်ယောက်က ဆုံးပါးသွားခဲ့ပြီ။ မိဘလိုနေခဲ့တဲ့ ဦးလေးတစ်ယောက်က ဘုန်းကြီးဝတ်ပြီး သာသနာ့ဘောင်ထဲကို အပြီးအပိုင်ဝင်ရောက်သွားပါပြီ။ သူငယ်ချင်း ကိုလှမြင့်ကိုယ်တိုင်ကလဲ သားကြီး၊ သမီးကြီးတွေနဲ့ ဖြစ်နေပါပြီ။

နေဝင်ခါနီးမှ လည်ပတ်ရာကနေ ပြန်လာကြပြီး ရေချိုးဖို့ ပြင်ဆင်ကြရတယ်။ ရွာမှာ စက်ရေတွင်းတွေ၊ ရေစင်တွေ၊ရေချိုးခန်းတွေ၊အုတ်ရေကန်တွေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ပေမဲ့ အရင်တစ်ခါရောက်ခဲ့စဉ်အချိန်တုန်းက ပန်းလောင်မြစ်ထဲမှာ ရေချိုးရတာကို သဘောကျပျော်ရွှင်သတိရမိတာကြောင့် အိမ်မှာရေမချိုးကြဘဲ ပန်းလောင်မြစ်ထဲမှာ ရေသွားချိုးကြဖို့ စီစဉ်ကြတယ်။ ပန်းလောင်မြစ်က ရွာအစွန်မှာရှိနေပြီး သူငယ်ချင်းအိမ်နဲ့ မန္တလေးအခေါ် တစ်ပြကျော်နှစ်ပြလောက်သာ ကွာဝေးပါတယ်။ ပန်းလောင်မြစ်ဆိုတာ မြစ်သား၊ ကူမဲဒေသတစ်ခုလုံး စိုက်ပျိုးရေးအတွက် အားကိုးအားထားပြုနေကြရတဲ့ အဖိုးတန်မြစ်ကြီးတစ်ခုပါ။ ဒေသတွင်းမှာ ဖွံ့ဖြိုးတိုးတက်ခြင်းမရှိသေးတဲ့အချိန်ကာလတုန်းကလဲ ချိုးရေ၊ သုံးရေ၊ သောက်ရေအတွက် ပန်းလောင်မြစ်ရေကိုပဲ အဓိကအားကိုးခဲ့ကြရတယ်။ အခုလဲ နေမဝင်ခင်အချိန်ရတုန်း ပန်းလောင်မြစ်ထဲသွားပြီး ရေချိုးလိုက်ပါအုံးမယ်။ တစ်နေကုန် လည်ပတ်ပင်ပန်းထားသမျှ ပန်းလောင်မြစ်ရေက စိတ်ကြည်လင် လန်းဆန်းသွားစေပြီး ဘဝအမောတွေပါ ပြေပျောက်သွားမယ်ဆိုတာ သေချာပါတယ်။ နောက်တစ်နေ့ မနက်စောစောမှ ပြက္ခရွှေတောင်ကို သွားပါ့မယ်။

# တောမီးလောင်ကျွမ်းမှုတွင် တာဝန်ရှိသည့် PG&E ကုမ္ပဏီကို တရားရုံးချုပ်က ဒဏ်ငွေချမှတ်



**ဝါရှင်တန် အောက်တိုဘာ ၂၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ရှာစတာကောင်တီတွင် ၂၀၂၀ ပြည့်နှစ်အတွင်းက စံချိန်တင်တောမီးလောင်ကျွမ်းမှု ဖြစ်ပွားစေသည့် အဓိကတာဝန်ရှိသော Pacific Gas and Electric Co (PG&E) စွမ်းအင်နှင့် လျှပ်စစ်ကုမ္ပဏီကို ကယ်လီဖိုးနီးယားပြည်နယ်တရားရုံးချုပ်က တရားစွဲဆိုခဲ့ကာ တရားစွဲဆိုမှုကို နှစ်နှစ်အကြာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် ပြစ်မှုထင်ရှားသဖြင့် Pacific Gas and Electric Co (PG&E)ကုမ္ပဏီကို ဒဏ်ကြေးငွေ ပေးဆောင်ရန် အောက်တိုဘာ ၂၆ ရက်က စီရင်ချက်ချမှတ်လိုက်သည်ဟု US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ပြည်နယ်တရားရုံးချုပ်က Pacific Gas and Electric Co (PG&E)ကုမ္ပဏီကို ပြစ်ဒဏ်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၄ သန်း ချမှတ်ခဲ့ကြောင်း၊ အဆိုပါ တောမီးလောင်ကျွမ်းမှုကြောင့် ရှာစတာကောင်တီတွင် လူလေးဦးသေဆုံးကာ နေအိမ်နှင့် အခြေခံအဆောက်အအုံ ၂၀၄ လုံးထိ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ သစ်တောမြေဧက ၅၆၀၀၀ ထိ ပျက်စီးခဲ့ရပြီး ကယ်လီဖိုးနီးယားပြည်နယ် သမိုင်းတစ်လျှောက် အဆိုးရွားဆုံးသော တောမီးလောင်ကျွမ်းမှုစာရင်းဝင်ခဲ့ကြောင်း သိရသည်။

"၂၀၂၀ ပြည့်နှစ် ရှာစတာကောင်တီတောမီးလောင်ကျွမ်းမှုနဲ့ ပတ်သက်ပြီး တရားရုံးချုပ်ကချမှတ်တဲ့စီရင်ချက်အတိုင်း လိုက်နာဆောင်ရွက်သွားပါမယ်။ တောမီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးနစ်နာခဲ့ရတဲ့ ဒေသခံတွေနဲ့ အဖွဲ့အစည်းတွေကိုလဲ ဥပဒေအတိုင်း လျော်ကြေးငွေပေးဆောင်ဖို့အတွက် ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ပြီးဖြစ်ပါတယ်။ သတ်မှတ်ကာလအတွင်း လျော်ကြေးငွေနဲ့ ဒဏ်ငွေပေးဆောင်သွားပါမယ်"ဟု Pacific Gas and Electric Co (PG&E)ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုမှာ Pacific Gas and Electric Co (PG&E)ကုမ္ပဏီမှ သွယ်တန်းထားသည့် ဓာတ်ငွေ့ပိုက်လိုင်းနှင့် လျှပ်စစ်ဖြန့်ဝေရေးစနစ် အားနည်းမှုကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ကုမ္ပဏီပိုင်းကလည်း ဒဏ်ကြေးငွေ ပေးဆောင်ရန် သဘောတူညီခဲ့ပြီဖြစ်ကြောင်း သိရသည်။ **ခိုင်းဆက်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စီထရန်ဆိုင်ကလုန်းမုန်တိုင်းကြောင့် သေဆုံးသူ ၂၈ ဦးထိ မြင့်တက်လာ

**ဒါကာ အောက်တိုဘာ ၂၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ဘက်ပိုင်းတွင် အောက်တိုဘာ ၂၄ ရက်မှစတင်၍ စီထရန်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေကာ အောက်တိုဘာ ၂၅ ရက်ထိ သေဆုံးသူခုနစ်ဦးသာရှိခဲ့သော်လည်း ယနေ့တွင် သေဆုံးသူ ၂၈ ဦးထိ မြင့်တက်လာခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်ဟု ST သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းကြောင့် သစ်ပင်ကြီးများလဲကျခဲ့သလို ဓာတ်တိုင်များလည်း လဲကျခဲ့သည့်အတွက် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် နေအိမ် ၅ သန်းခန့်ထိ ရှိနေကြောင်း၊ မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် နေအိမ်ပေါင်း ၁၀၀၀၀ ခန့်ထိရှိနေပြီး ပျက်စီးခဲ့သည့် နေအိမ်အများစုမှာ မုန်တိုင်းပြင်းအားကြောင့် အိမ်ခေါင်မိုးများ လန့်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မုန်တိုင်းကြောင့် သေဆုံးသူစာရင်းမြင့်တက်လာပါတယ်။ မုန်တိုင်းစတင်ခဲ့တဲ့ အောက်တိုဘာ ၂၄ ရက်ကနေ ကနေ့ထိ သေဆုံးသူ ၂၈ ယောက်ထိ ရှိခဲ့ပါတယ်။ ပျောက်ဆုံးနေသူတွေလဲ ရှိနေပါသေးတယ်။ ပျောက်ဆုံးနေသူတွေကို အမြန်ဆုံးရှာဖွေတွေ့ရှိနိုင်ဖို့ ကြိုးစားနေပါတယ်"ဟု ဘင်္ဂလားဒေ့ရှ် မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အဘဒူလာပါရှာက ပြောကြားခဲ့သည်။



အခိုင်အမာတည်ဆောက်ထားခြင်းမရှိသည့် နေအိမ်များမှာ ရာနှုန်းပြည့်ပြိုကျပျက်စီးခဲ့ပြီး သစ်ပင်ကြီးများလဲကျမှုကြောင့် လမ်းမကြီးတချို့ပိတ်ဆို့နေကြောင်း၊ သေဆုံးသူ ၂၈ ဦးရှိနေပြီဖြစ်ကြောင်း ထုတ်ပြန်ထားသော်လည်း ပျောက်ဆုံးနေသူများ ရှိနေသေးသည့်အတွက် သေဆုံးသူ ဆက်လက်မြင့်တက်လာဖွယ်ရှိနေကြောင်း သိရသည်။

ကျေးလက်ဒေသလျှပ်စစ်စွမ်းအင်ဘုတ်အဖွဲ့က လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အခက်အခဲများရှိနေသေးသည့်အတွက် မုန်တိုင်းအခြေအနေတည်ငြိမ်သွားမှသာ လျှပ်စစ်မီးပြန်လည်ရရှိရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# အက်စတာကျွန်းတွင် တောမီးကြောင့် ရှေးဟောင်းရုပ်တုနှင့် သမိုင်းဝင်အဆောက်အအုံ ၁၇၇ လုံးပျက်စီး

**ဆန်တီယာဂို အောက်တိုဘာ ၂၇**

ချီလီနိုင်ငံ အက်စတာကျွန်းတွင် အောက်တိုဘာလအတွင်း တောမီးလောင်ကျွမ်းမှုများဖြင့် ရင်ဆိုင်ခဲ့ရပြီး တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ပျက်စီးဆုံးရှုံးမှု စာရင်းပြုစုခဲ့ရာ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းဝင်ရုပ်တုနှင့် အဆောက်အအုံ ၁၇၇ လုံးထိ ပျက်စီးခဲ့ကြောင်း ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့က အတည်ပြုခဲ့သည်ဟု MT သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်းအမွေအနှစ်စာရင်းကို ပြုစုရာတွင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများက အောက်တိုဘာ ၁၇ ရက်မှ ၂၁ ရက်အတွင်း လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး အောက်တိုဘာ ၂၆ ရက်တွင် ပျက်စီးဆုံးရှုံးမှုစာရင်းကို အတည်ပြုခဲ့ကြောင်း သိရသည်။

"အက်စတာကျွန်းမှာ တောမီးလောင်ကျွမ်းမှုကြောင့် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ရုပ်တုနဲ့ အဆောက်အအုံတချို့ ပျက်စီးခဲ့ပါတယ်။ ပျက်စီးမှုကို အတည်ပြုနိုင်ဖို့ လိုအပ်တဲ့စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ တောမီးကြောင့် ပျက်စီးခဲ့တဲ့ရုပ်တုနဲ့ အဆောက်အအုံပေါင်း ၁၇၇ လုံး ရှိပါတယ်။ ရှေးဟောင်းအမွေအနှစ်စာရင်းဝင်အဖြစ်အသိအမှတ်ပြုခံထားရပြီးဖြစ်တဲ့အတွက် ရှေးဟောင်းလက်ရာအတိုင်း ပြန်လည်မွမ်းမံနိုင်ဖို့ ကျွန်တော်တို့ တာဝန်ယူ ဆောင်ရွက်သွားပါမယ်"ဟု ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကလောက်ဒီယာက ပြောကြားခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့က ပျက်စီးဆုံးရှုံးမှုစာရင်းကို အတည်ပြုခဲ့ပြီးဖြစ်သည့်အတွက် ရှေးဟောင်းလက်ရာအတိုင်း ပြန်လည်မွမ်းမံနိုင်ရေး ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့က စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကုန်ကျစရိတ်ကိုလည်း တာဝန်ယူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**

# လေထုနှင့် ရေထုညစ်ညမ်းမှုများ ကိုင်တွယ်ဖြေရှင်းရန် ဥရောပသမဂ္ဂက စည်းမျဉ်းများချမှတ်မည်

**ဘရပ်ဆဲလ် အောက်တိုဘာ ၂၇**

ဥရောပသမဂ္ဂသည် လေထုညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် လေထုနှင့်ရေထုညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန် တင်းကျပ်သော စည်းမျဉ်းများချမှတ်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၆ ရက်က ပြောကြားခဲ့သည်ဟု အီးယူအော်ဆာဗ်သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ဥရောပသမဂ္ဂမြို့ပြများတွင် အဆိပ်အတောက်ဖြစ်နေသောလေကို ရှူရှိုက်ခြင်းကြောင့် နှစ်စဉ် လူသုံးသိန်းခန့် အရွယ်မတိုင်မီ သေဆုံးနေကြရာ ယခု စည်းမျဉ်းများကြောင့် လာမည့် ဆယ်စုနှစ်အတွင်း ၎င်းအရေအတွက်ကို ၇၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၂၆ ရက်က ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် EU Green Deal အကြီးအကဲဖြစ်သူ Frans Timmermans က ကလေးငယ်များသွေးထဲတွင် မိုက်ခရိုပလတ်စတစ်များပါဝင်လာပြီး ငါးများနှင့် ပြည်တွင်းဖြစ် ဟင်းသီးဟင်းရွက်များတွင်လည်း ဓာတုဗေဒပစ္စည်းများ ပါဝင်လာကြောင်း ပြောကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် Frans Timmermans က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) လမ်းညွှန်ချက်၊ စံနှုန်းများနှင့်အညီ ပိုမိုနီးစပ်စေရန် ဥရောပသမဂ္ဂ လေထုအရည်အသွေးစည်းမျဉ်းများကို ပြန်လည်ပြင်ဆင်ရန် အဆိုပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ပြင်ဆင်ချက်များတွင် လေထုညစ်ညမ်းစေသော အမှုန်အမွှားများကို ၂၀၃၀ ပြည့်နှစ်တွင် ထက်ဝက်ကျော်ဖြတ်တောက်ရန်၊ လေထုအရည်အသွေးစည်းမျဉ်းများကို ချိုးဖောက်ပါက လျော်ကြေးငွေပေးဆောင်စေရန် ပြဋ္ဌာန်းချက်များလည်းပါဝင်ကြောင်း သိရသည်။

ယခုအခါ ဥရောပသမဂ္ဂမြို့ပြလူဦးရေ ၉၀ ရာခိုင်နှုန်းကျော်သည် WHO မှ အကြံပြုထားသည့် အမှုန်အမွှားများ၊ နိုက်ထရိုဂျင်အောက်ဆိုက်နှင့် အိုဇုန်းအဆင့်များကို ထိတွေ့နေရသည်ဟု ဥရောပသမဂ္ဂ သဘာဝပတ်ဝန်းကျင်အေဂျင်စီက ပြောကြားထားသည်။

ယေဘုယျအားဖြင့် ဥရောပသမဂ္ဂတွင် အဆိပ်သင့်နေသောလေကို ရှူရှိုက်နေရခြင်းကြောင့် နှစ်စဉ် လူ သုံးသိန်းခန့် အချိန်မတိုင်မီ သေဆုံးနေရကြောင်းနှင့် ယခုစည်းမျဉ်းသစ်များကြောင့် လာမည့်ဆယ်စုနှစ်အတွင်း ၎င်းအရေအတွက်ကို ၇၀ ရာခိုင်နှုန်းထိလျှော့ချနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ AZH

## ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ



၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

၂။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။



၃။ အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများပြုလုပ်ပါ။



၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။

၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



# ခေတ်မရွေးတဲ့ကဗျာ(၅)

**မန်းတင့်မော်**

လူဘဝကို ခရီးရှည်နှင့်နှိုင်းကြသည်လည်းရှိသည်။ သံသရာကိုလည်း ခရီးဟုဆိုလေ့ရှိကြသည်။ ထိုခရီးနှစ်ခုလုံးကို လူသားတိုင်းမဖြစ်မနေ လျှောက်လှမ်းကြရသည်လည်း ဖြစ်ပါသည်။ ဘဝခရီးသွားများဟု ဆိုနိုင်သကဲ့သို့ သံသရာခရီးသည်များဟူ၍လည်း ကင်ပွန်းတပ်ကြသည်များလည်း ရှိပါသည်။ ခရီးဟူသည် သာယာဖြောင့်ဖြူးသော ခရီးရှိသကဲ့သို့ ကြမ်းတမ်းခက်ခဲသော ခရီးကလည်း ရှိစမြဲပင်။ လောကတွင် အလင်းနှင့်အမှောင်၊ အဖြူနှင့်အမည်း၊ အမာနှင့်အပျော့ဟူသော ဆန့်ကျင်ဘက်သဘောတရားများက အမြဲယှဉ်တွဲလျက်ရှိနေပြန်ရာ ထိုအချက်များကိုလည်း လူသားတိုင်း မလွဲမသွေရင်ဆိုင်တွေ့ကြုံကြရစမြဲဖြစ်သည်။ မြန်မာရှေးကဗျာကို ပုံထောက်သံအဖြစ် ဇာတ်ပွဲများတွင် ဆိုလေ့ရှိသော "စုံကန္တာနေပူခရီး၊ ဘယ်ထီးမှမပါတယ်၊ မြိုင်ကြီးက စလူရွှက်ကိုကွယ်ချူလက်ဝယ်ကိုင်မိုး"ဟူသော တေးသွားကို သတိရမိသည်။ မြန်မာတို့က "တော"ကိုအမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုခေါ်ဝေါ်လေ့ရှိရာ စုံ၊ ကန္တာနှင့် မြိုင်တို့မှာ တောကိုခေါ်ဆိုကြောင်းလည်း မှတ်သားမိပါသည်။ "ပြောမဆုံးပေါင် တောသုံးထောင်"ဟုလည်း ပြောလေ့ရှိကြပြန်သည်။ ကဗျာဆရာမ ငွေတာရီရေးဖွဲ့ခဲ့သော "သူရဲကောင်းသုံးယောက်နှင့်ခရီးသည်"ကဗျာအစချီရာတွင်

စုံရိပ်မြိုင်ဆွယ်၊ ကန္တာလယ်

အိုဘယ်ယောက်ျား ခရီးသွား ဟူ၍ နိဒါန်းသွယ်ခဲ့ပါသည်။ ခရီးသွားယောက်ျားကို နိမိတ်ပုံယူကာ နှုတ်ဆက်စကားဆိုပါသည်။ ခရီးသွားယောက်ျားသွားနေသည့် ခရီးသည် စုံတောမြိုင်ဖြစ်သည်။ ကန္တာရခရီးကြမ်းဟုလည်း ဆိုနိုင်သည်။ ခရီးဟူသည် တစ်ယောက်တည်းလျှောက်လှမ်းရသည်လည်းရှိသည်။ မိသားစုအပန်းဖြေခရီး၊ ဘုရားဖူးခရီးစဉ်တို့မှာ တစ်ဦးတည်းမဟုတ်။ မိသားစုပျော်ပျော်ပါးပါးသွားကြရသည်များလည်းရှိသည်။ အသင်းအဖွဲ့များ၏ ပျော်ပွဲစားခရီး၊ လေ့လာရေးခရီးများကမူ အတူးပင်ပျော်ရွှင်ကြရပြီး ဒေသန္တရနှင့် လူမှုဘဝ ဗဟုသုတများစွာရရှိလာနိုင်သော ခရီးမျိုးလည်း ကြုံရတတ်ပါသည်။ အဖော်မပါ တစ်ကိုယ်တော်နှင့်ရသော ခရီးကမူ အချို့သောသူများ(ရာခိုင်နှုန်းခပ်များများ)အတွက် အားငယ်စရာဖြစ်သည်။ စိုးရိမ်စရာများနှင့်ပြည့်နေတတ်သေးသည်။ စာရေးဆရာကြီး မင်းသိင်္ခ၏ဝတ္ထုတစ်ပုဒ်၏အမည်ဖြစ်သော "မသွားမီကရောက်နှင့်သည်"ဟူသည်မှာ ခရီးမသွားမီသောကများက အရင်ရောက်နေသည်ဟု ပြောင်းလဲတွေးမြင်မိပါသည်။ ၎င်းအချက်ကို စာဆိုငွေတာရီက

ဖော်လည်းမဆွယ်၊ တကိုယ်ငယ်

အိုဘယ်လူသား ကြောက်ဘူးလား ဟူ၍ မေးခွန်းထုတ်လိုက်ပါသည်။ အဖော်သယ်ပါမှ သွားတတ်သော၊ အပေါင်းအဖော်ပါမှ အလုပ်လုပ်တတ်သော လူသဘော၊ လူ့စရိုက်ရှိရာတွင် တစ်မူကွဲ၍ တစ်ကိုယ်တည်း ခရီးသွားမည့်သူ၏ အဖြေကိုလည်း အောက်ပါအတိုင်း ဆက်လက်ရေးဖွဲ့ပါသည်။ ကဗျာ၏အရေးပါသော အပိုဒ်ဟုယူလျှင် သဘောတူနိုင်ကြပါလိမ့်မည်။

ဤသို့မေးသော်<br>
ရှင်အေးကြည်သာ၊ ပြုံးမျက်နှာဖြင့်<br>
အိုဘာကိုထောက်၊ ကြောက်ရမလဲ<br>
သဟဲဖော်ညို၊ သတ္တိရှိပြီ<br>
ချစ်သည့်သဟာ၊ ဇွဲလည်းပါ၍<br>
မကွာထပ်လောင်း၊ ငယ်ကပေါင်းသည့်<br>
ဆွေကောင်းလုံ့လ၊ တူတကွတည့်<br>
ဘေးကတူယှဉ်၊ ပါခဲ့လျှင်သော်<br>
ငါ့တွင် သေချာ အောင်ဘို့ရာတည်း။

အမေးရှိလျှင် အဖြေရှိသည်။ မေးသူ၊ ဖြေသူ နှစ်ဦးကြားတွင် မေတ္တာတည်းဟူသော အအေးဓာတ်လွှမ်းပတ်လျှင် မင်္ဂလာရှိသည်သာပင်။ ထိုအအေးဓာတ်ကြောင့် ရှင်ပျရသည်။ ကြည်ကြည်သာသာရှိသဖြင့် မျက်နှာတွင် အပြုံးပန်းပွင့်ရသည်။ ဖြေသူက တစ်ယောက်တည်း၊ တစ်ကိုယ်တည်း ဘာကိုမှ

❖ ယခုအခါ လူငယ်များ စာဖတ်နည်းလာသည်ဟု ဆိုကြပါသည်။ စာအုပ်စာပေ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကလည်း လက်တစ်ကမ်းတွင် ရှိသင့်သလောက် ရှိနေသေးသည်။ ပေါပေါများများတော့မဟုတ်။ ရှေးယခင်က စာနယ်ဇင်းသည် လူငယ်များ၏အားထားရာဖြစ်ခဲ့သည်။ စာပေဖတ်ရှုရာမှ ဘဝမြင့်တက်သွားသူများလည်း များစွာရှိသည်။ စာပေက ဘဝကိုများစွာ ပြောင်းလဲစေပါသည်။ ဇွဲ၊ လုံ့လနှင့် သတ္တိရှိရန်ကိုမူ ကျား၊ မ မရွေး လူငယ်များအတွက် လူကြီးမိဘများက ကလေးသူငယ်အရွယ်မှ စ၍ သွန်သင်ဆုံးမကြသည်မှာ အသေအချာဖြစ်ပါသည်။ ❖

ထောက်ဆ၍ မကြောက်နိုင်။ သတ္တိတည်းဟူသော အဖော်နှင့် အမြဲပင်ညှိနှိုင်းလျက်ရှိကြောင်း ဆိုသည်။ ဇွဲတည်းဟူသော ချစ်မိတ်ဆွေနှင့်လည်း အမြဲပင် မခွဲမခွာပေါင်းဖက်လျက်ရှိသည်။ အစဉ်မပြတ်အားထုတ်အပ်သော လုံ့လ၊ ဝီရိယကလည်း လူမှန်းသိတတ်စငယ်ရွယ်စဉ်ကပင် သတိနှင့်ယှဉ်၍ တစ်သက်တိုင် အတူတကွရှိရန် ဆုံးဖြတ်ချက်ချပြီးလည်းဖြစ်သည်။ သတ္တိ၊ ဇွဲ နှင့်လုံ့လဝီရိယ မိတ်ဆွေများသည် သူရဲကောင်း သုံးယောက်မဟုတ်ပါလား။ အဆိုပါသူရဲကောင်း သုံးယောက်သည် ငါ၏ဘေးတွင် ယှဉ်လျက်အမြဲရှိပြီ။ ထပ်ဆင့်ဆိုရလျှင် ထိုသူရဲကောင်း သုံးယောက်သည် ငါ၏ကိုယ်တွင်းနှလုံးသားတွင် ကိန်းအောင်းခဲ့ပြီ။ ငါ၏အသွေးအသားတို့တွင် ထိုသူရဲကောင်းတို့ စိမ့်ဝင်စီးဆင်းလှည့်ပတ်နေပြီဟုလည်း ပိုပိုသာသာဆိုချင်ပါဘိသည်။

အထက်ပါ ကဗျာပိုဒ်က စာဖတ်သူလူငယ်များအတွက် စိတ်ဓာတ်ခွန်အားများ ပေးစွမ်းနိုင်ပါသည်။ ယခုအခါ လူငယ်များ စာဖတ်နည်းလာသည်ဟု ဆိုကြပါသည်။ စာအုပ်စာပေ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကလည်း လက်တစ်ကမ်းတွင် ရှိသင့်သလောက်ရှိနေသေးသည်။ ပေါပေါများများတော့ မဟုတ်။ ရှေးယခင်က စာနယ်ဇင်းသည် လူငယ်များ၏အားထားရာဖြစ်ခဲ့သည်။ စာပေဖတ်ရှုရာမှ ဘဝမြင့်တက်သွားသူများလည်း များစွာရှိသည်။ စာပေက ဘဝကိုများစွာ ပြောင်းလဲစေပါသည်။ ဇွဲ၊ လုံ့လနှင့် သတ္တိရှိရန်ကိုမူကျား၊ မ မရွေး လူငယ်များအတွက် လူကြီးမိဘများက ကလေးသူငယ်အရွယ်မှစ၍ သွန်သင်ဆုံးမကြသည်မှာ အသေအချာဖြစ်ပါသည်။ ကျောင်းနေချိန်ရောက်သော် ဆရာ၊ ဆရာမများ၏ ပညာသင်ကြားမှုနှင့်အတူ ကဗျာပါသူရဲကောင်းသုံးယောက်နှင့် မိတ်ဆွေဖွဲ့ရန် နည်းလမ်းအသွယ်သွယ်သုံး၍ ဆုံးမပဲ့ပြင်ခဲ့ကြသည်သာ။ သို့သော် လူငယ်တိုင်း ထက်ထက်မြက်မြက်ရှိကြသည်မဟုတ်။ သွက်သွက်လက်လက်လည်း အားလုံးတွင်မရှိကြပေ။ လူငယ်များ လျှောက်လှမ်းကြရာ ခရီးလမ်းကလည်း ကွဲလွဲလျက်ရှိခဲ့၊ ရှိဆဲရှိနေပါလိမ့်ဦးမည်။ တူညီသော ပညာရေးခရီးလမ်းသည်ပင် လူငယ်အားလုံးလျှောက်လှမ်းနိုင်ခြင်းမရှိသည်ကို ကမ္ဘာမှာရော မြန်မာမှာပါရှိနေဆဲပင်။

ဘဝခရီးရှည်တွင် ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည်ဖြင့် အရေးများစွာက ပါဝင်လျက်ရှိသည်။ ထိုခရီးတွင် ပန်းတိုင်အသီးသီးရှိကြရာ မျှော်မှန်းရာပန်းတိုင်ကို ရောက်ရှိကြသူများရှိသလို လွဲချော်ကြသူများကလည်း ဒုနဲ့ဒေးဟုဆိုနိုင်ပါသည်။ ဤနေရာတွင် ဇွဲ၊ သတ္တိ၊ လုံ့လရှိတိုင်း ရည်ရွယ်ရာ ခရီးမပေါက်ဟုဆိုသူများလည်းရှိသည်။ မှန်ကန်စွာအသုံးမချတတ်သဖြင့်ဟူသော အဖြေကို ပညာရှင်များ၊ အတွေ့အကြုံများသူများက သုံးသပ်လေ့ရှိကြပြန်ပါသည်။ ရှုပဗေဒသဘောတရားတစ်ခုတွင် လူတစ်ဦးသည် အလွန်ကြီးမားသော ကျောက်တုံးကြီးတစ်ခုကို ချွေးဒီးဒီးကျအောင်တွန်းနေသော်လည်း ကျောက်တုံးမရွေ့ခဲ့လျှင် အလုပ်မပြီးမြောက်ဟူသော အချက်ရှိပါသည်။ ထိုအဆိုတွင် ကျောက်တုံးရွေ့သူတွင် ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်မှုသည် အချည်းနှီးသာဖြစ်ကြောင်း တွေ့ရပါမည်။ ထို့ကြောင့်ပင် စာဆိုငွေတာရီ၏ ဇာတ်ကောင်က သတ္တိအပြည့်၊ ဇွဲခိုင်ခိုင် လုံ့လပိုင်ပိုင်ဖြင့် မိမိကိုယ်မိမိယုံကြည်မှုအပြည့်အဝဖြင့် ယောက်ျားပီပီစကားပြန်ဆိုခဲ့ပါသည်။

ယောက်ျားငါကိုယ်၊ မြွက်ဟဆို

ဖော်မလိုဘဲ၊ တကိုယ်ထဲ ဟုစပ်ဆိုရာတွင် လူသားအဖော်မလို၊ တစ်ကိုယ်တည်းပင် ဘဝခရီးကို ရဲရဲလျှောက်လှမ်းနိုင်ပါကြောင်း ခိုင်ခိုင်မာမာဆိုပါ၏။ "ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်"ဟူသော စကားပုံသည် သူလက်တွေ့ကျင့်သုံးမည့်အရာဟု ဆိုနိုင်သည်။ ဇနကထုံးနှလုံးမူမည့်သူလည်းဖြစ်သည်။ အားကျအတုယူဖွယ်ဖြစ်သည်ဟု ဆိုချင်ပါသည်။ "ယနေ့ လူငယ်နောင်ဝယ်လူကြီး"ဟူသည့် အဆိုအတိုင်း ကဗျာပါလူငယ်များသာများလာမည်ဆိုလျှင် အနာဂတ်ကာလလှပမည်ဟု တထစ်ချပြောနိုင်ပါလိမ့်မည်။ ပညာရှင်များက မျိုးဆက်ကွာဟမှုကို ညွှန်းဆိုလေ့ရှိကြပါသည်။ လူကြီး၏အတွေးနှင့် လူငယ်အတွေး ကွာဟလာခြင်း၊ လူကြီး၊ လူငယ်ဆက်ဆံရေးအသွင်ပြောင်းလဲလာခြင်း၊ ပဋိပက္ခများ ပိုမိုလာခြင်းတို့ကိုလည်း ထောက်ပြလေ့ရှိကြပါသည်။ ဤနေရာတွင် တစ်ဦးနှင့်တစ်ဦး နားလည်သဘောပေါက်ကြရန် အလွန်အရေးကြီးလှပါသည်။ လူကြီးများ၏အတွေ့အကြုံများကို လူငယ်များက လက်ဆင့်ကမ်းရယူ၍ ဘဝခရီးလျှောက်လှမ်းကြရမည်ဖြစ်သလို လူငယ်များ၏ အတွေးကောင်း၊ အမြင်ကောင်း၊ လုပ်ရပ်ကောင်းများကိုလည်း လူကြီးများက လက်ခံသဘောပေါက်ကြရန်လည်း လိုအပ်ပါသည်။

ကဗျာပါမေးခွန်းမေးသူက လူကြီးဟုဆိုကြပါစို့။ လူကြီးလူကောင်းပီပီသသရှိလှသည်ဟု ဆိုရပါမည်။ လူငယ်၏မှန်ကန်သော အတွေးကိုလက်ခံသည်။ သူရဲကောင်းသုံးယောက်နှင့် အစဉ်တွဲနေသော လူငယ်ကို နှစ်သက်အားရမှုဖြစ်သည်။ တော်သူကို ချီးမြှောက်ရမှာ ဝန်မလေး။ ရဲရင့်သူတို့ ပွဲလယ်တင့်မည်ကိုလည်း အားပေးစကားဆိုသည်။ မိတ်ဆွေသုံးဦးနှင့် တစ်သက်တာ ယှဉ်တွဲနေသမျှ အောင်မြင်မှုများကလည်း မုချမသွေရရှိနေမည်ဖြစ်ကြောင်းလည်း အားပေးလိုက်သေးသည့်ကဗျာ၏ နောက်ဆုံးပိုဒ်တွင်

တော်ပေ့လူမော်၊ ပွဲတိုင်းကျော်<br>
သုံးဖော်ဆွေလဲ၊ တူယှဉ်တွဲသည်<br>
အောင်မြဲမုချ၊ အောင်မည်ပ ဟု အဆုံးသတ်ထားပါသည်။

စာဆို ဆရာမငွေတာရီကွယ်လွန်ခဲ့သည်မှာ ကြာမြင့်ခဲ့ပါပြီ။ သို့သော် သူရဲကောင်းသုံးယောက်နှင့် ခရီးသည်ကဗျာကမူ ညအမှောင်ခရီးသွားလူငယ်များအတွက် ဖန်မီးအိမ်သဖွယ် လမ်းပြလျက်ရှိနေပါသေးသည်။ ဘယ်ခေတ်ရောက်ရောက် ဖတ်ရှုသူတို့အတွက် အသိ၊ အမြင် အားမာန်တို့ကို ပေးနိုင်စွမ်းသော ကဗျာဟုဆိုလျှင် သဘောတူကြလိမ့်မည်ဟု ယုံကြည်လျက်ရှိနေပါကြောင်း တင်ပြလိုက်ရပါသတည်း။

**ကိုးကား**

– အထက်တန်းကဗျာလက်ရွေးစင်

# အုတ်ဖိုမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**အုတ်ဖို အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်ပင်ဆိပ်(ရွာမ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းကို အောက်တိုဘာ ၂၆ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) မတည်ရန်ပုံငွေများဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများစိုက်ပျိုးရန် မျိုးစေ့ဝယ်ယူခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူခြင်းတို့အတွက် တောင်သူများ အဆင်ပြေစေရန်ရည်ရွယ်၍ ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက စီမံကိန်းနှင့်ပတ်သက်၍ လိုက်နာရမည့်စည်းကမ်းများ၊ ကျေးရွာတွင်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့် ချေးငွေကာလ သတ်မှတ်ချက်များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးတို့က ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးထံ မတည်ရန်ပုံငွေကျပ် သိန်း ၁၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အုတ်ဖိုမြို့နယ် သရက်ပင်ဆိပ်(ရွာမ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၁၀၀ ကို နေကြာစိုက်ပျိုးမည့်တောင်သူ ၅၈ ဦးထံ ကျေးရွာမြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့က ထုတ်ချေးပေးခဲ့ကြောင်း သာယာဝတီခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က ပြောပြ၍ သိရသည်။

**အေးမြတ်**

0w Kv d @

# ကျော့ကွင်းမိတဲ့ မုဆိုး

လင်းနွေးအိမ်




(၁)

မပွင့်ချင်ဖွင့်ချင်ဖြစ်နေသည့် မျက်လုံးအစုံကို မနည်းအားယူပြီး ပြူးထားလိုက်ရသည်။ အိပ်ရေးမဝသေးမှုကြောင့်လား။ စပ်ဖျဉ်းဖျဉ်းဖြစ်နေသည့် မျက်လုံးများက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်နေမိသည်။ အိမ်ထရံကြားမှထိုးထွက်လာနေသည့် နေရောင်ခြည်အစက်အပြောက်လေးတချို့ကား နံနက်ခင်း၏ ကြည်နူးမှုများကို ဖြိုခွင်းသွားသည်ထင်ပါ၏။ ဝမ်းတစ်ထွာ၏အရေးကိစ္စများကို ဖြည့်ဆည်းပေးရန် တာဝန်ရှိနေသေးသည်မို့ အိပ်ချင်မှုန်ဝါးဖြစ်နေသည့်မျက်နှာကို ရေအေးအေးဖြင့် ဆေးကြောလိုက်သည်။ စဉ့်အိုးထဲကရေကို ခပ်ယူနေရသည့်ဒန်ဖလားက ရေညှိအနည်းငယ်တက်နေ၏။ အနားမှာ အဆင်သင့်အသုံးပြုရန်အတွက် ကာဘော်လစ်ဆပ်ပြာအပိုင်းလေးက ပါးလျှပ်လျှပ်ဖြစ်နေပြီ။ ခါးမှာ ဝတ်ဆင်ထားသည့်ပုဆိုး၏ အထက်နားနှင့် မျက်နှာကို ခပ်ကြမ်းကြမ်းသုတ်နေရင်း မျက်လုံးက ဟိုဟိုသည်သည်ရှာကြည့်နေဖြစ်သည်။ အကြည့်များ၏ မျှော်လင့်ချက်ပန်းတိုင်က ဖိုးခွားကို ထုံးစံအတိုင်း ဧည့်ဝတ်ပြုပေးနေ၏။ ဖိုခုံလောက်အဖြစ် အသုံးပြုထားသည့် အုတ်ခဲနှစ်လုံးကြားတွင် မီးသွေးခဲလေးများသည် ပြာမှုန့်များနှင့် ရောထွေးနေလေသည်။

ဖိုးခွားလည်း သူများတွေလို သွားပွတ်တံလှလှလေးကိုကိုင်ပြီး စတိုင်တကျသွားတိုက်ချင်သည်။ သို့သော်လည်း တစ်နေ့တစ်နေ့ ထမင်းကို ဝဝလင်လင်စားနိုင်ရန်အတွက်ပင် မနည်းကြိုးစားနေရသည်။ တစ်ဦးတည်းသမားဖြစ်သည်မို့ ဘဝက ခြောက်ကပ်ကပ်နိုင်လှ၏။ ထို့ကြောင့် အဖော်အဖြစ်အလို့ငှာ အနီးအနားရှိ လမ်းဘေးကွမ်းဆိုင်ကို မကြာခဏ သွားလာနေဖြစ်သည်။ ကွမ်းယာလေးတမြုံ့မြုံ့လုပ်လာတတ်သည့်ပါးစပ်အတွက် ခြေနှင့်လက်သည် ယခင်ကထက်ပို၍ ကြိုးစားလာရတော့၏။ ဘဝပေးအခြေအနေအရ စိတ်သွားတိုင်း ကိုယ်ကမပါနိုင်။ သို့တိုင် အပိုတွေကို အရေးတယူလုပ်နေဖြစ်သည့်မိမိလုပ်ရပ်အပေါ် ဖိုးခွားစိတ်ထဲကနေ ကောက်ချက်ချနေမိသည်။

"တစ်နေ့တစ်နေ့ ထမင်းစားရဖို့တောင် အနိုင်နိုင်ပါဆို။ ကွမ်းယာလေး မြုံ့ချင်လိုက်သေး။ အရက်ကလေး မြည်းစမ်းချင်လိုက်သေး။ ဒီလောက်မွဲပြာနေတဲ့ကြားက တောင်။ အပေး ပေး ရယ်တော့ ရယ်ရသားဟေ့"

တကယ်တော့ အိမ်တစ်အိမ်နှင့် လူတစ်ယောက်ဆိုသည်က ဘယ်လောက်ပြုပြင်ဖြည့်စွက်ပါသော်လည်း ပြီးပြည့်စုံသည်ဟူ၍ မရှိနိုင်။ ဖြည့်ဆည်း၍ ပြည့်စုံသည်ဟုမရှိ။ စားရ၍ တင်းတိမ်သွားသည်ဟုမရှိ။ သည်အချက်တွေကို တွေးမိတိုင်း ဖိုးခွားစိတ်ထဲ နေသာထိုင်သာရှိနေသလိုလိုနှင့်။ ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်ဖိုးခွား၏ ပိုင်ဆိုင်မှုဆိုသည်ကား ခပ်နွမ်းနွမ်းပုဆိုးနှစ်ထည်၊ အပေါက်အပြဲမကင်းသောရှပ်အင်္ကျီတစ်ထည်နှင့် ဖားဥပြောက်ကလေးများ စွဲထင်နေသည့် အဖြူရောင်ချိုင်းပြတ်ကလေးတစ်ထည်သာရှိသည်။ ယခုအချိန် ခြင်ကိုက်လျှင်တောင် ခြုံစရာစောင်မရှိတော့။ ဟိုတလောက ကျန်းမာရေးမကောင်းဖြစ်၍ ဆေးဖိုးဝါးခအတွက် အပေါင်ဆိုင်သွားပြီး အပ်နှံခဲ့ရသည်။ မိမိအပေါ် ကောင်းကျိုးပေးနေသည့်ပစ္စည်းတစ်ခုမို့ နှမြောစိတ်ဖြစ်သော်လည်း ပုဆိုးခြုံပြီးသာ ကွေးနေရတော့သည်။ လူ့ဘဝဆိုသည်ကား နေတတ်လျှင် ကျေနပ်စရာလို့တော့ ဖိုးခွား ကြားဖူးခဲ့သည်။ ဖိုးခွားအဖို့ ခဏတာလူ့ဘဝမှာ ငွေကို စိတ်ရှိလက်ရှိ သုံးစွဲပစ်လိုက်ချင်သည်။ အပျော်အပါးအမော်အကြွားဆိုတာတွေနှင့် လောကစည်းစိမ်ကို တဝကြီးခံစားချင်မိသည်။ လက်ရှိ၌ ဖိုးခွားအဖို့ကား ကုန်းကောက်စရာမရှိအောင် ရှားပါးလိုက်သည့်ငွေ။ မည်သို့ဖြစ်စေ ဖိုးခွားတစ်ယောက် ငွေ၏နောက်သို့ မျက်စိကိုစုံမှိတ်ပြီး အတင်းလိုက်နေဆဲပင်။

(၂)

"လာကြပါအုံးရှင် ကယ်ကြပါအုံး။ ကျွန်မပိုက်ဆံအိတ်ကို လုယူသွားလို့ပါ"

နောက်ကို ပြန်မကြည့်ဘဲ ဖနောင့်နှင့်တင်ပါးတစ်သားတည်းဖြစ်အောင် ပြေးရတော့သည်။ ညနေခင်း နေဝင်ရီးရီမို့ အလင်းရောင်က ခပ်ဖျော့ဖျော့ဖြစ်နေ၏။ ဩသံများပေးပြီး ဖိုးခွား၏နောက်သို့ လူအုပ်ကြီး လိုက်လာကြ၏။ အတန်ကြာ ပြေးလွှားနေမိရင်းက တစ်နေ့ကုန်လုံး ထမင်းမစားရသေးသည်မို့ ခန္ဓာကိုယ်က သက်လုံမကောင်းနိုင်တော့။ လူအုပ်ကြီးထံမှ တုတ်တို၊ တုတ်ရှည်များ၏ရန်ကို ကြောက်မိသော်လည်း ခြေထောက်များက ဖိုးခွား၏ ခန္ဓာကိုယ်ကို ဆက်ပြီး သယ်ဆောင်ပေးရန် ဝန်လေးနေလေပြီ။ မသက်သာသည့်အဆုံး ပုန်းအောင်းစရာနေရာတစ်ခုကို အပူတပြင်း ရှာကြည့်နေရတော့သည်။

"ဟာ ဒီနေရာမှာပဲ မျက်ခြည်ပြတ်သွားတာ။ ဒီကောင်တော့ တွေ့ရင် သေပြီပေါ့ကွာ"

"အနီးအနား ရှာကြည့်ကြပါအုံးဟ။ ဒီကောင် ဒီနားမှာပဲ ရှိမှာပါ"

ဆူဆူညံညံဖြစ်နေကြသည့် စကားသံများနှင့်အတူ ခြေသံများက ဖိုးခွားအနားသို့ တဖြည်းဖြည်းနီးကပ်လာ၏။ ကြောက်စိတ်၏ဖိစီးမှုကြောင့် ခြေလက်များက တဆတ်ဆတ်တုန်လာ၏။ ခါတိုင်းဆိုလျှင် လူတောသူတောထဲသို့ဝင်ပြီး နေရာအနှံ့ထိ လှည့်ပတ်လိမ်ညာနေခဲ့သည်သာ။ ယခုတော့ လုယက်သည့်အဆင့်ထိ ပြုမူလာခဲ့လေပြီ။ အသက်နှင့်ရင်းပြီး လုယူခဲ့သည့် ပိုက်ဆံအိတ်တစ်လုံးကို ရင်ခွင်မှာပိုက်ပြီး ဘုရားတရားသာ တနေမိတော့သည်။

"ဘုရား ဘုရား ခုနေတုန်းများ ငါ့ကိုမိသွားလို့ကတော့။ မတွေးရဲစရာပါ့လား။ အရှင်ဘုရား ကယ်တော်မူပါအုံး။ ဟင် ငါက မကောင်းတာလုပ်နေတဲ့သူပဲ။ ဘုရားက လူမိုက်အားပေးတော့ ဘယ်လုပ်ပါ့မလဲ"

ဘုရားတနေမိသည့်စိတ်က ချက်ချင်းဆိုသလို တစ်ဖက်သို့ ကူးပြောင်းသွားပြန်သည်။ ရင်ခွင်ထဲမှ ပိုက်ဆံအိတ်ကို သေချာလေးထုတ်ကြည့်လိုက်သည်။ ဈေးဝယ်ပြီး ပြန်လာသည့်သူဆီက လုယက်ခဲ့ခြင်းကြောင့်ထင်သည်။ ပိုက်ဆံအိတ်မှာ ပြားချပ်ချပ်ဖြစ်နေ၏။

"ဟင်း ဒီကောင်တော့လား။ ထမင်းဝအောင်စားထားအုံးပေါ့။ တစ်နေ့ ငါတို့လက်က မလွတ်ပါဘူး"

ခေါက်တုံ့ခေါက်ပြန်နှင့်သွားလာနေသည့် လူအုပ်ကြီးဆီမှ အသံအောအောကြီးကို ကြားလိုက်ရသည်။ ရှာလို့မတွေ့တော့သည့်အဆုံး၌ လက်လျှော့သွားကြပြီထင်ပါ၏။ ဖိုးခွား၏စိတ်ထဲ၌ ဟိုဟိုသည်သည်အတွေးများနှင့် အတန်ကြာ စဉ်းစားနေသခိုက် ခြေသံများ အဝေးသို့ရောက်ရှိသွားကြလေပြီ။ တုန်ယင်မှုမပြေပျောက်သေးသည့်တိုင် ဖိုးခွား၏ရင်ဝ၌ တစ်ဆို့နေသည့် အလုံးကြီးလည်း ကျသွားတော့သည်။

(၃)

ဖွင့်ထားသည့်ခြံဝင်းလေးထဲ ဝင်ရောက်ပုန်းခိုနေခဲ့ရင်းက ပြန်ထွက်ဖို့ဟန်ပြင်လိုက်ချိန် တိုက်အိမ်ကလေးအတွင်းထဲမှ မဆလာနံ့သင်းနေသည့် ဝက်သားဟင်း၏ ရနံ့က နှာခေါင်းဝကို လာပြီး တိုးဝှေ့လာတော့သည်။ ဖိုးခွား၏မျက်လုံးအစုံက အိမ်ကလေး၏အခြေအနေကို တစ်ချက်ဝှေ့ကြည့်လိုက်သည်။ အိမ်ကလေးထဲရောက်မှ လူပ်မရဖြစ်နေသည်။ တံခါးကြား၌ ပုန်းအောင်းနေဖြစ်သည်မှာ အချိန်အတန်ကြာပေရော့မည်။ ချွေးစေးများ ကျလာပြန်၏။

"အင်း တင်မောင်ကလဲ ဒီနေ့မှ ခရီးထွက်သွားတယ်။ လေး၊ ငါးရက်တောင်ကြာမှာဆိုတော့ အကြောင်းကိစ္စတစ်စုံတစ်ခုဖြစ်လာရင်တောင် အားကိုးစရာယောကျ်ားသားကမရှိ။ သူသွားတဲ့နေရာက ရှမ်းပြည်နယ်အစပ်ဆိုတော့ ဖုန်းလိုင်းတွေလဲ မိမယ်မထင်ပါဘူး"

မီးဖိုခန်းအတွင်း၌ ချက်ပြုတ်နေသည့်အဒေါ်ကြီးက တစ်ယောက်တည်းစကားတွေပြောနေ၏။ ကြားနေရသည့်စကားသံမှာ တီးတိုးမဟုတ် ကျယ်လောင်စွာပင်။ ပုန်းအောင်းနေသည့်နေရာမှ အသံလာရာဆီသို့ ခေါင်းထောင်ကြည့်လိုက်သည်။ အသက်အရွယ်ကြီးသူတစ်ယောက်တည်းရှိနေသည့်အချိန်ပဲဟု ဖိုးခွားစိတ်ထဲကောက်ချက်ချမိသည်။ အိမ်အတွင်းလှုပ်ရှားသွားလာမှုအခြေအနေကို အကဲခတ်ပြီးနောက် တိတ်တဆိတ် အိမ်အပြင်သို့ ပြန်ထွက်လာခဲ့သည်။ အိမ်အပြင်ဘက်သို့ရောက်သည်နှင့် အသက်ကိုဝအောင်ရှူကာ စိတ်အေးအေးထားပြီး အသံပေးလိုက်သည်။

(၄)

"အိမ်ရှင်တို့ အိမ်ရှင်တို့"

ဖိုးခွား၏ခေါ်သံကိုကြား၍ အိမ်ထဲမှ အဒေါ်ကြီးတစ်ဦးထွက်လာ၏။ သူက နဖူးပြင်မှ ချွေးစလေးများကို လက်ဖြင့်ပွတ်သပ်နေ၏။ ကျန်လက်တစ်ဖက်ကလည်း ဟင်းမွှေသည့်ယောက်မကို ကိုင်ဆောင်ထားသေး၏။

"ဘာကိစ္စများ ရှိလို့လဲကွဲ့"

"ဘာရယ်မဟုတ်ပါဘူး အဒေါ်။ လမ်းကြုံတာနဲ့ပါ။ ဒါနဲ့ ဟိုကောင်ကြီး ဘယ်သွားလဲ"

"အဒေါ့်သား တင်မောင်ကို ပြောနေတာလား။ သူက မနက်ကပဲ ရှမ်းပြည်ကို အလုပ်ကိစ္စတစ်ခုနဲ့ ထွက်သွားတယ်။ ကဲ လာလေ အိမ်ထဲဝင်ပါအုံး"

ရှေ့မှဦးဆောင်ကာ အိမ်ထဲသို့ဝင်သွားသည့် အဒေါ်ကြီးနောက်မှလိုက်ပါလာရင်း ဖိုးခွားတစ်ယောက် ကျိတ်ပြုံး ပြုံးလိုက်သေးသည်။ အသင့်နေရာချထားပေးသည့် ဆိုဖာခုံ၌ထိုင်ပြီး ချိုသာသောအပြုံးများဖြင့် အဒေါ်ကြီးကို တရင်းတနှီး မိတ်ဆက်လိုက်သည်။ ချိုးတူးနံ့သင်းသင်းလေးက ဧည့်ခန်းလေးအတွင်းသို့ တစ်ဟုန်ထိုးတိုးဝင်လာတော့၏။ ချက်ချင်းဆိုသလို အဒေါ်ကြီးခမျာ-

"ခဏလေးနော်"ဟုပြောပြီး မီးဖိုခန်းအတွင်းသို့ ပျာပျာသလဲဝင်ပြေးသွား၏။

"အွဲ့ အွဲ့"

ရုတ်တရက်ဆိုသလို ကလေးငိုသည့်အသံကို ကြားလိုက်ရသည်မို့ ဖိုးခွားတစ်ယောက် ခေါင်းနားပန်းကြီးသွားရသည်။ ဆက်ပြီးပဲ ထိုင်နေရတော့မလိုလို ထပြီး ပြန်ပြေးရတော့မလိုလိုနှင့် ချီတုံချတုံဖြစ်နေသည်။

"အို ဒီအခြေအနေရောက်မှတော့ မထူးတော့ပါဘူး။ မီးစင်ကြည့်ကဖို့ပေါ့"

စိတ်ထဲမှ တီးတိုးရေရွတ်လိုက်ပြီး အဒေါ်ကြီးပြန်ထွက်အလာကို ထိုင်စောင့်ပေးနေသည်။

"အားနာစရာတွေဖြစ်ကုန်ပြီထင်ပါတယ်။ ဒီနေ့မှ သားဖြစ်သူကခရီးသွား။ ချွေးမကလဲ ကလေးနေမကောင်းတာနဲ့ဆိုတော့ အဒေါ်တစ်ယောက်တည်း ချက်ရပြုတ်ရနဲ့ အလုပ်ရှုပ်နေတာ။ ဒါနဲ့ နေပါအုံး။ အဒေါ့်သားဆီကို အလည်သက်သက်ပဲလား"

အဒေါ်ကြီးက အအေးနှင့်မုန့်တချို့ကို ယူဆောင်လာရင်း ပြောဆိုနေ၏။ ဆာလောင်မှုက ဒီဂရီလွန်ကဲလာနေသည့်ဗိုက်ကိစ္စကြောင့် ရှုံ့မဲ့လာသည့်မျက်နှာကို အဒေါ်ကြီးမရိပ်မိခင် အလိုက်အထိုက်ပြန်ပြင်လိုက်ရသည်။

"ထွေထွေထူးထူးတော့ မရှိပါဘူး။ သူနဲ့လဲမတွေ့တာကြာပြီလေ။ နောက်ပြီး စပ်တူလုပ်ထားတဲ့ အလုပ်ကိစ္စလေးလဲ တိုင်ပင်ချင်လို့ပါ"

"ဟင် ဘာအလုပ်ကိစ္စလဲကွဲ့။ တင်မောင်က အလုပ်က ခပ်များများဆိုတော့"

စာမျက်နှာ ၂၇သို့ ➤

# နတ်မောက်မြို့နယ် မယ်ဇလီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**နတ်မောက် အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မယ်ဇလီပင်ကျေးရွာအုပ်စု မယ်ဇလီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက် ၉ နာရီက အဆိုပါ ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများက မယ်ဇလီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆဋ္ဌမ စက်ဝန်းအတွက် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၆ဦး စုစုပေါင်းဦးရေ ၁၂၀ အတွက် ငွေကျပ် ၃၆ ဒသမ ၂ သန်းကို အသင်းသားများ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သော်သော်**

---

➤ စာမျက်နှာ ၂၆မှအဆက်

ဖိုးခွားလည်း မိမိ၏အစီအစဉ်အတိုင်း အကောင်အထည်ဖော်ရမည်မို့ အလျဉ်းသင့်သလို စကားလုံးများကို ဖြီးဖြန်းပြောလိုက်ရသည်။ အဒေါ်ကြီးက ဖိုးခွား၏ ပြောစကားများကို ခေါင်းတဆတ်ဆတ်ညိတ်ပြီး နားထောင်နေ၏။

(၅)

မိမိဆင်ထားသည့်အကွက်ထဲသို့ ဝင်လာသည့်သားကောင်ကို ဖိုးခွားအလွတ်မပေးနိုင်တော့။ အခြေအနေတစ်ခုထိရောက်ရှိလာခဲ့ပြီမို့ ဗိုက်ထဲမှ ဆာလောင်နေမှုကိုလည်း တစ်ဖက်လူမြင်သာအောင် အရိပ်အမြွက်ပြလိုက်သည်။ လက်တစ်ဖက်ဖြင့် ဝမ်းဗိုက်ကိုနှိပ်ထားရမှု၏အခြေအနေကို သိသာမြင်သာစေရန် စကားလုံးတချို့နှင့် တန်ဆာဆင်သည်။

"အဒေါ်ရေ ဒီအနီးအနားမှာ ထမင်းဆိုင်ကောင်းကောင်းလေး ရှိလား။ ကျွန်တော်က အစာအိမ်သမားဆိုတော့"

"ဟုတ်ပါရဲ့တော်။ ထမင်းစားချိန်လဲရောက်နေပြီဆိုတော့။ အပြင်ထွက်စားနေစရာမလိုပါဘူး ငါ့တူရယ်။ အဒေါ်တို့အိမ်ကပဲ စားပါ။ အင်း အစာအိမ်သမားတွေဆိုတာကလဲ အစာမှား၊ အချိန်မှား မခံကြဘူးကိုး"

"အဒေါ်တို့ကို အားနာနေတာနဲ့။ ဟုတ်ကဲ့ပါ အဒေါ်။ ကျွန်တော်လဲ ရောက်တုန်းတစ်လက်စတည်း ရှယ်ယာလုပ်ထားတဲ့လုပ်ငန်းက အမြတ်ငွေကို အဒေါ့်ဆီမှာပဲ အပ်ထားခဲ့လိုက်မယ်"

အဒေါ်ကြီး၏မျက်နှာက ပြုံးယောင်သန်းလာ၏။ အမြတ်ငွေဆိုသည့် စကားသံကို ကြားလိုက်ရ၍ ဖြစ်ပေမည်။ ငွေဆိုသည်မှာ လူသားများ၏ သည်းခြေကြိုက်ဖြစ်၍ ဖိုးခွားက ပိုက်ဆံအိတ်ကို အဒေါ်ကြီးမြင်အောင် စားပွဲပေါ် တင်ပြထားလိုက်သည်။ ထို့နောက် ပါးစပ်မှလည်း ပွစိပွစိဖြင့် သောင်းဂဏန်း၊ သိန်းဂဏန်းများထိ ရေရွတ်ပြနေသည်။

(၆)

"အင်း ငါ့သားတင်မောင်က မိန်းမခိုင်းတဲ့လုပ်ငန်းတွေနဲ့ပဲ လုံးပန်းနေရတယ်ထင်နေတာ။ အခုလိုကျတော့လဲ ဘယ်ဆိုးလို့လဲ"

"ဟုတ်လား။ သူက တော်တော်စီးပွားရေးအမြင်ရှိတဲ့ကောင်ပါ"

လိမ်ညာမှုများကို ရံဖန်ရံခါပြုလုပ်နေရင်းက အတွေ့အကြုံများနေပြီဖြစ်သည့် ဖိုးခွား၏ ထိုးစစ်ဆင်မှုပြုလုပ်နေသည့်အချိန်။ အခန်းထဲမှ အမျိုးသမီးတစ်ဦးထွက်လာ၏။ ထိုအမျိုးသမီးကား စောစောက အဒေါ်ကြီး ပြောခဲ့သည့် ချွေးမဆိုသူပင်ဖြစ်ရမည်ဟု စိတ်ထဲကနေ ခန့်မှန်းလိုက်သည်။ ဖိုးခွားက လူကင်းပါးသူပီပီ အခြေအနေကို မြန်မြန်လက်စသတ်နိုင်ရန် ကြိုးစားရတော့သည်။

"ဩော် ဧည့်သည်ရောက်နေတာပဲ။ ကိုမောင်ရဲ့ သူငယ်ချင်းထင်တယ်"

"ဟုတ်တယ်ဗျ။ ကျွန်တော်လဲ ဒီဘက်က လမ်းကြုံတာနဲ့။ ဒီကောင်ကြီးကတော့ သူ့အိမ်ကို အလည်လိုက်ခဲ့ဖို့ လူတွေ့တိုင်းကို ခေါ်နေခဲ့တာ။ ဒီကောင်ကြီး ဘာကြောင့် ဒီလောက်ခေါ်ချင်နေတယ်ဆိုတာ အခုမှ သဘောပေါက်တော့တယ်ဗျို့"

"ရှင် ဘာတွေများ သဘောပေါက်ရတာလဲ"

"လက်စသတ်တော့ သူ့မိန်းမ ဘယ်လောက်ချောကြောင်း၊ လှကြောင်းကို ပြချင်နေတာပဲ ကိုး"

ပီတိရောင်သန်းနေသည့် အမျိုးသမီး၏မျက်နှာမှ ရှက်ရွံ့မှုတချို့ကို မြင်တွေ့နေရသည်။ သို့သော် ချက်ချင်းဆိုသလို အမျိုးသမီး၏မျက်နှာက တည်သွားပြန်၏။ ဒါနဲ့ ကိုမောင်နဲ့ အလုပ်ကိစ္စဆိုတာက-

"ဩော် ဒီကောင်ကြီးကလဲ အလုပ်များတဲ့သူဆိုတော့။ မတွေ့ဖြစ်တာလဲ ကြာပြီလေ။ နောက်ပြီး သူနဲ့အတူ စပ်တူလုပ်ထားတဲ့ ငါးကန်က ရတဲ့အမြတ်ငွေလေးကိုလဲပေးရင်း တိုင်ပင်စရာလဲရှိလို့ဆိုပါတော့"

ဖိုးခွားသည် အဒေါ်ကြီးတစ်ဦးတည်းပြောဆိုနေခဲ့သည့် စကားများထဲမှ ကိုတင်မောင်ဆိုသူ၏နာမည်ကိုအသုံးချပြီး ထမင်းလည်းစားရ၊ ငွေလည်း ရမည့်အလုပ်ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ စူးစိုက်ပြီးကြည့်နေသည့် အမျိုးသမီး၏မျက်လုံးအစုံကို မြင်တွေ့လိုက်ရ၍ ဖိုးခွားစိတ်ထဲ တစ်ခုခုကို စိုးရိမ်လာမိပြန်သည်။ ရှေ့ဆက်ပြီးပြောရန် စကားလုံးများအတွက်လည်း စဉ်းစားရပြန်သည်။ ထောင်မြင်ရင်တော့ ရာစွန့်ရမှာပဲဟု တွေးပြီး လုယက်လာခဲ့သည့် ပိုက်ဆံအိတ်အတွင်းမှပါလာသည့် ငွေစက္ကူတချို့ကို စားပွဲပေါ် တင်ပေးလိုက်သည်။ ဤငွေစက္ကူများဖြင့် တစ်ဖက်မှ အမျိုးသမီး၏ယုံကြည်မှုကို အပီအပြင်ရရှိနိုင်ရန်အတွက်ပင်။

ဖိုးခွား မှင်သေသေဖြင့် စကားဆိုလိုက်သည် "ဟိုတစ်ခါက စီးပွားရေးခွင်ကောင်းတစ်ခုရထားလို့ ဒီကောင်ကြီးနဲ့ တိုင်ပင်ဖြစ်ခဲ့သေးတယ်။ ဒီကောင်ကြီးကလဲ သဘောတူတာနဲ့ မြေကွက်ကို စပ်တူဝယ်ဖြစ်ခဲ့ကြတာပေါ့။ အဲဒီတုန်းက စရံငွေအဖြစ်နဲ့ ငွေကျပ် သိန်း ၂၀ ပဲ ပေးခဲ့ရသေးတာလေ။ ကျန်တဲ့ငွေကို တစ်လချင်း အရစ်ကျပေးသွင်းပါမယ်လို့ ကတိပြုထားခဲ့တာ။ အဲဒါ ချိန်းထားတဲ့ရက်ကလဲစေ့ပြီဆိုတော့ ငါးကန်က အမြတ်ငွေလေးကို လာပေးရင်းနဲ့ရောက်လာခဲ့လိုက်တာ"

"မြေကွက်က ဘယ်နေရာမှာ ဝယ်လိုက်တာလဲ။ ဒီအကြောင်းတွေ ကျွန်မတို့ကိုလဲ ကိုမောင်က ပြောပြမထားတော့"

အမျိုးသမီး၏မေးမြန်းလာမှုအတွက် ဖိုးခွားသည် လေသံအေးအေးလေးဖြင့် သေချာရှင်းပြပေးသည့်အနေအထားဖြစ်အောင် ဟန်ပါပါပြုမူပြလိုက်သည်။

"မြေကွက်ကို ဘောက်ထော်ဘက်မှာ ဝယ်ခဲ့တာပါ။ မြေကွက်အကျယ်က ပေ(၆၀×၈၀)ကို ငွေကျပ် သိန်း ၁၅၀ နဲ့ တန်ဖိုးဖြတ်ခဲ့တာ။ အဲဒါ ကျွန်တော်တို့က အခုလအတွက် ငွေကျပ် ၁၀ သိန်းစီ ထပ်ပေးကြရမှာပါ"

ဖိုးခွား၏ စကားဆုံးသည်နှင့် အမျိုးသမီးက ငွေစက္ကူများကို ကောက်ယူပြီး အခန်းတွင်းသို့ ဝင်သွား၏။ ဝမ်းသာအားရနှင့် ဖိုးခွား၏ မျက်လုံးထဲ၌ ငွေကျပ် ၁၀ သိန်းထုပ်ကြီးကို ပြေးမြင်နေမိသည်။

(၇)

အခန်းတွင်းမှ မပီမသနှင့် ထွက်ပေါ်လာသည့် စကားသံတချို့ကို ကြားနေရသည်။ အမျိုးသမီးတစ်ဦး၏ဖုန်းကို တီးတိုးပြောနေသည့် စကားသံများမှ ဖိုးခွား၏ နားထဲသို့ သဲ့သဲ့လေး ဝင်ရောက်လာသည်ကား။

"အင်းပါ။ ချင်းတက်ကလေးကို ပါးပါးလေးလှီးကြတာပေါ့"

အခန်းအပြင်သို့ပြန်ထွက်လာသည့်အမျိုးသမီးကား အဒေါ်ကြီးနှင့် စကားများကို တီးတိုးပြောဆိုနေကြသေး၏။ တစ်ဆက်တည်းမှာပဲ အိမ်အပြင်ဘက်မှ ကားတစ်စီး၏အသံကို ကြားလိုက်ရသည်။ ဖိုးခွားအတွက် မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွားစေသည်ကား အိမ်ထဲသို့ဝင်လာကြသည့် ယူနီဖောင်းကိုယ်စီဖြင့် လူငါးဦး။ အားလုံးထဲမှ ဝဝဖိုင့်ဖိုင့်နှင့်ရဲကြီး၏ ခါး၌ ပစ္စတိုသေနတ်တစ်လက်ချိတ်ဆွဲထားသည်ကိုလည်း အထင်းသား မြင်တွေ့နေရသည်။

"ဟိုတစ်ခါ ကျွန်မဆီက ငွေကြေးတချို့ကို လိမ်ညာသွားတယ်ဆိုတာ ဒီလူပါပဲ"

မဆိုင်းမတွဆိုသလို ရဲအရာရှိများကို အမျိုးသမီးကတိုင်ချက်ဖွင့်နေ၏။

"ကျွန်တော်တို့လဲ ဒီလူနောက်ကို နောက်ယောင်ခံလိုက်နေတာကြာပြီ။ လက်ပူးလက်ကြပ်မမိသေးတာနဲ့။ နောက်ဆုံးတော့လဲ ရာဇဝတ်ဘေး ဘယ်ပြေးလွတ်လို့တုန်း"

"ဟား ဟား"

ရဲမှူးကြီးဖြစ်ဟန်တူသည့်ရဲကြီး၏စကားဆုံးသည်နှင့် နားထဲသို့ ရယ်သံများလည်း ဆင့်ကဲဝင်ရောက်လာသည်။ တစ်ချိန်က ဖုန်းလေးတစ်လုံးကို အကြောင်းပြုပြီး လိမ်လည်ခဲ့သူမှာ ယခုမိမိရှေ့၌ မတ်တတ်ရပ်နေသည့် အမျိုးသမီးဖြစ်မှန်း အမှတ်ရမိသွားချိန်။

"အခုလို တရားခံကို လက်ရဖမ်းဆီးပေးနိုင်တာ ချီးကျူးပါတယ်ဗျာ"

လက်ထိတ်ခတ်ပြီး ဖိုးခွားကို ချုပ်ကိုင်ထားသည့် ရဲသားတစ်ဦး၏ အပြောကြောင့် အမျိုးသမီးဖြစ်သူက ပြုံးပြနေသေး၏။

"ချင်းတက်ကလေးကို ပါးပါးလေးပဲ ပြန်လှီးလိုက်တာပါဗျာ။ ဟဲ ဟဲ" စကားသံနှင့်အတူ ကိုတင်မောင်ဆိုသူကလည်း လက်ခုပ်ဩဘာတီးပြီး အခန်းပြင်သို့ ထွက်လာသည်ကို မြင်လိုက်ရတော့၏။

---

## ငြိမ်းချမ်းမှုတိုး

\- အပူရယ် ဘယ်မရှိ
ဉာဏ်သတိနှင့် ပျော့ပျောင်းစေ၊
ခြေလက်ပါ ပေါင်းအားနဲ့
ခေါင်းခါးရယ်ခြေ၊
စည်းချက်ဝါးချက် အညီပေ
ကိုယ်စီလေ ပြုံးစေ၊
နူးညံ့ကြည်သာ ထိန်းကျောင်းလို့
ကိန်းအောင်းစိတ္တ။

\- ချိုကြည်လွင် သုခမနှင့်
ပီယပြု အေးချမ်းအောင်၊
နာကြားသူ မြတ်နှလုံး
အပြုံးတို့ဆောင်၊
လိုက်ပါစီးမျော တွယ်နှောင်
ဖယ်ရှောင်စေ အတ္တမှု၊
ရသစုံ ဂုဏ်အင်များနှင့်
စိတ်ထားကောင်းပြု။

\- အနုပညာ များလူထုအတွက်
အားယူစု ကောင်းကျိုးစုံ၊
အသင်းဖွဲ့တွေ ညီညွတ်ခြင်း
ဆောင်ကြဉ်းဖုံဖုံ၊
ငြိမ်းချမ်းရေး ဂီတချုံ
ကြိုးစားကုန် များအကျိုး၊
တိုင်းနိုင်ငံ ပြည်တစ်ဝန်း
ငြိမ်းချမ်းမှုတိုး။ ။

**ထက်မြတ်(သနပ်ခါးမြေ)**

---

## ဆင်ပေါင်ဝဲမြို့နယ် ကန်လှကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းမှု စစ်ဆေး

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆင်ပေါင်ဝဲမြို့နယ် ကန်လှကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကန်လှကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကန်လှကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းအရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၂၅ ဒသမ ၇၅ သိန်း စုစုပေါင်းငွေကျပ် ၁၂၅ ဒသမ ၇၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဦး**

---

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းက တစ်သျှူးငှက်ပျော ၁၅၁၃၈ တန် တင်ပို့ရောင်းချခဲ့



**နေပြည်တော် အောက်တိုဘာ ၂၇**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းက အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၆၈ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၁၅၁၃၈ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းက ပြည်ပသို့ တစ်သျှူးငှက်ပျော၊ ပိုးလုံးအိမ်၊ ငရုတ်သီး (အခြောက်)၊ ရော်ဘာ၊ ဆန်နှင့် ဆန်ကွဲများကို အဓိကတင်ပို့ရောင်းချပေးနေပြီး အဆိုပါတင်ပို့ရောင်းချပေးနေသည့် ပို့ကုန်ပစ္စည်းများအနက် တစ်သျှူးငှက်ပျောများကို နှစ်စဉ် အဆက်မပြတ် တင်ပို့ရောင်းချပေးနေရကြောင်း၊ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၆၈ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၁၅၁၃၈ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ ပို့ကုန်အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၄၇၈ သန်းနှင့် သွင်းကုန်အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၂၄၄ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၆၈ ဒသမ ၇၂၂ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့သောကြောင့် ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၃၄ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ SKL

# ဇီးကုန်းမြို့နယ် ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**ဇီးကုန်း အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာသုံးရွာ၌ ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းနှင့် ဝန်ထမ်းများက ကံကလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု၊ တောင်ပို့သာယာကျေးရွာနှင့် သပြေစိန်ကျေးရွာတို့၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါရကုမ္ပဏီများမှတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် ကံကလေးကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေကျပ် ၃၁ ဒသမ ၂ သန်းဖြင့် အရှည်ပေ ၁၆၇၀၊ အကျယ် ၁၂ပေ၊ အမြင့် နှစ်ပေ မြေသားတင်လုပ်ငန်းနှင့် အကျယ် ၁၀ ပေ၊ အမြင့် ကိုးလက်မ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို Mingalar Shwe Thoon ကုမ္ပဏီက တာဝန်ယူ၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တောင်ပို့သာယာကျေးရွာနှင့် သပြေစိန်ကျေးရွာတို့၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၆၄ ဒသမ ၅၈၇၈ သန်းကျော်ဖြင့် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၃၀၀ တွင်းနက်တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ဆိုလာပန့် ရေတင်စနစ်တပ်ဆင်ခြင်း၊ ကျေးရွာတွင်း ရေပိုက်လိုင်း ပေ ၅၆၀၀ သွယ်တန်းခြင်းလုပ်ငန်းများကို ပျူတိုင်းရင်းသားကုမ္ပဏီက တာဝန်ယူ၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုညို**

# ပလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက အိမ်ကွင်းခြေစွမ်းထက်မြက်ပြီး နိုင်ပွဲရှာရမဲ့ ပဲလေ့စ်၊ ဝုဖ်ဘတ်၊ ဆီဗီလာအသင်းတို့ကို ရွေးချယ်ရမှာပါ

ML



လက်ရှိ ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ပွဲဆက်တွေများနေတာကြောင့် အသင်းကြီးတချို့လဲ မထင်မှတ်ဘဲ ရလဒ်တွေကျဆင်းနေတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ရက်သတ္တပတ်မှာတော့ အိမ်ကွင်းအားသာချက်ရှိတဲ့ အသင်းကြီးတွေကို အားပေးခဲ့ပေမဲ့ မျှော်မှန်းထားသလောက်မဖြစ်ခဲ့ပါဘူး။ ဒီတစ်ပတ်မှာလဲ ကြားရက်မှာ ဥရောပပွဲစဉ်တွေရှိနေသေးတာကြောင့် အသင်းကြီးအများစုဟာ ပွဲပန်းမှုဒဏ်နဲ့ ဒဏ်ရာရကစားသမားတွေရှိနေတာကို သတိပြုရမှာပါ။ ဒါကြောင့် လာမဲ့စနေနေ့ညမှာကစားမဲ့ပွဲစဉ်တွေထဲက ဒဏ်ရာရပွဲပယ်တွေရှိနေမဲ့ အသင်းကြီးတွေကိုရှောင်ပြီး အိမ်ကွင်းခြေစွမ်းပိုင်း ထက်မြက်နေတဲ့အသင်းတွေကိုပဲ ရွေးချယ်သွားမှာဖြစ်ပါတယ်။

## ပဲလေ့စ်အသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ပဲလေ့စ်အသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ပဲလေ့စ်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာအဲဗာတန်ကို အဝေးကွင်းမှာ ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ မဖြစ်မနေနိုင်ပွဲပြန်ရှာရမှာဖြစ်ပါတယ်။ လက်ရှိ သူတို့အသင်းရဲ့အိမ်ကွင်းကစားပုံဟာ တည်ငြိမ်နေတာကြောင့် ပြီးခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ ဝုဝ်အသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ပါတယ်။ သူတို့အသင်းဟာ အခုရာသီ အိမ်ကွင်းခြောက်ပွဲမှာ ချဲလ်ဆီးနဲ့ အာဆင်နယ်ကိုပဲ ရှုံးနိမ့်ခဲ့ပြီး ကျန်အသင်းကိုတော့ အနိမ့်ဆုံးသရေကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ နည်းပြ ဗီအဲရာအသုံးပြုနေတဲ့ ၄-၃-၃ ကစားကွက်ဟာဆိုရင် ခံစစ်၊ တိုက်စစ်မျှတနေတာကြောင့် တိုက်စစ်ပိုင်းအားနည်းတဲ့အသင်းတွေဆို နိုင်ပွဲရယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာ ကစားသမား ငါးယောက်ထိ ဒဏ်ရာကြောင့် မပါနိုင်ပေမဲ့ အဓိက ကစားသမားအားလုံး ဒဏ်ရာကင်းစင်နေတာကြောင့် ကစားအားကျဆင်းသွားမှာမဟုတ်ပါဘူး။

ဆောက်သမ်တန်အသင်းကတော့ ရာသီအစရလဒ်တွေ ဆက်တိုက်ဆိုးရွားခဲ့တာကြောင့် နည်းပြဟတ်ဆန်ဟတ်ကို ထုတ်ပယ်ဖို့ နီးစပ်ခဲ့ပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်မှာ ရမှတ်တွေစုဆောင်းနိုင်ခဲ့တာကြောင့် ဟတ်ဆန်ဟတ်အတွက် သက်သာရာရခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် သူတို့အသင်းဟာ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာလဲ ပုံစံကောင်းရရှိနေတဲ့ အာဆင်နယ်လိုအသင်းကို သရေရလဒ်ကစားနိုင်ခဲ့တာကြောင့် ကစားပုံပြန်လည်တိုးတက်လာတာကိုတော့ သတိပြုရမှာပါ။ ဒါပေမဲ့ သူတို့အသင်းရဲ့ ခံစစ်ပိုင်းက ပွဲတိုင်းလိုလိုပေးဂိုးရှိခဲ့တာကြောင့် ပရီးမီးယားလိဂ်မှာ တတိယမြောက်ပေးဂိုးအများဆုံးအသင်းအဖြစ် ရပ်တည်နေတာကို တွေ့ရမှာပါ။ လက်ရှိ အမှတ်ပေးပွဲ ၁၂ ပွဲကစားအပြီးမှာလဲ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံးနဲ့ အမှတ်ပေးဇယားအဆင့် (၁၆)မှာ ရပ်တည်နေပြီး တန်းဆင်းဇုန်က လိဒ်အသင်းနဲ့ ရမှတ်နှစ်မှတ်ပဲ ကွာဟမှုရှိနေတာဖြစ်ပါတယ်။ နည်းပြဟတ်ဆန်ဟတ်ရဲ့ ၄-၄-၂ ကစားကွက်မှာတော့ အာရီဘို၊ ချီအဒမ်တို့ ခြေစွမ်းပြသနေပြီး ချီအဒမ်က သွင်းဂိုးသုံးဂိုးထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ငါးပွဲဆက်မှာလဲ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုး ရှစ်ဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံမှုလေးကြိမ်မှာ ပဲလေ့စ်က နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားပေမဲ့ အခုရာသီမှာ ကစားပုံတိုးတက်လာတဲ့ ပဲလေ့စ်အသင်းရဲ့ အိမ်ကွင်းကစားအားကြောင့် ပေးဂိုးများနေတဲ့ ဆောက်သမ်တန်အသင်း ရှုံးပွဲကြုံဖို့ သေချာပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာ နိုင်ပွဲရယူမဲ့ ပဲလေ့စ်အသင်းနဲ့ လက်တွဲရမှာပါ။

**ပဲလေ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၁ | - | ၂ | ချဲလ်ဆီး |
| ပဲလေ့စ် | ၂ | - | ၁ | လိဒ် |
| လက်စတာ | ၀ | - | ၀ | ပဲလေ့စ် |
| ပဲလေ့စ် | ၂ | - | ၁ | ဝုဝ် |
| အဲဗာတန် | ၃ | - | ၀ | ပဲလေ့စ် |

**ဆောက်သမ်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆောက်သမ်တန် | ၁ | - | ၂ | အဲဗာတန် |
| မန်စီးတီး | ၄ | - | ၀ | ဆောက်သမ်တန် |
| ဆောက်သမ်တန် | ၁ | - | ၁ | ဝက်စ်ဟမ်း |
| ဘုန်းမောက် | ၀ | - | ၁ | ဆောက်သမ်တန် |
| ဆောက်သမ်တန် | ၁ | - | ၁ | အာဆင်နယ် |

## ဝုဖ်ဘတ်အသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဝုဖ်ဘတ်နဲ့ ဘိုချမ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲဆက်မှာ ရှုံးပွဲမရှိသေးတဲ့ ဝုဖ်ဘတ်အသင်းဟာ တိုက်စစ်ပိုင်းထက်မြက်လာပေမဲ့ ခံစစ်ပိုင်းအားနည်းချက်တွေကြောင့် သရေရလဒ်တွေများနေတာကို တွေ့ရမှာပါ။ သူတို့အသင်းနည်းပြရဲ့ ၄-၅-၁ ကစားကွက်ဟာ ကွင်းလယ်ကစားသမားတွေ အတက်အဆင်းကစားရတာကြောင့် ကစားသမားတွေရဲ့ စွမ်းဆောင်ရည်အားနည်းချက်ကြောင့် ခံစစ်ပိုင်းမှာ နေရာလွတ်တွေဖြစ်နေပြီး ပေးဂိုးတွေ ခွင့်ပြုနေရတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ နည်းပြကိုဗက်ဟာ ပြီးခဲ့တဲ့ပွဲစဉ်က အမှားတွေကို ပြင်ဆင်နိုင်ခဲ့မယ်ဆိုရင်တော့ ဂိုးပြတ်နိုင်ပွဲရမှာသေချာပါတယ်။ သူတို့ အသင်းအနေနဲ့ ဘွန်ဒက်စ်လီဂါ ၁၁ ပွဲအပြီးမှာ အဆင့်(၁၄) ရောက်ရှိနေပေမဲ့ အိမ်ကွင်းငါးပွဲကစားခဲ့ရာမှာ တစ်ပွဲပဲရှုံးခဲ့ပါတယ်။ လက်ရှိမှာတော့ ကွင်းလယ်ကစားသမား ဂါဟက်ဒ်က သွင်းဂိုး သုံးဂိုးထိ သွင်းယူပြီး ခြေစွမ်းပြကစားနေတာကို တွေ့ရမှာပါ။

ဘိုချမ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံ ငါးပွဲဆက်မှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုးခုနစ်ဂိုးနဲ့ ခံစစ်ပိုင်းက ပေးဂိုး ကိုးဂိုးထိရှိနေတာကိုတွေ့ရမှာပါ။ လက်ရှိနည်းပြ သောမတ်လက်ချ်ကတော့ အဝေးကွင်းမှာ ကစားကွက်ပိုင်းအမျိုးမျိုးပြောင်းကစားနေပေမဲ့ သာမန်အဆင့်ပဲရှိတဲ့ ကစားသမားတွေကြောင့် ရလဒ်ပိုင်းတိုးတက်လာခြင်းမရှိသေးပါဘူး။ ဒ့ါပြင် ကစားသမားတွေအနေနဲ့ ပြိုင်ပွဲစုံမှာ ကစားပုံကြမ်းတမ်းမှုတွေကြောင့် ပင်နယ်တီ မကြာခဏခွင့်ပြုနေရပြီး အခုရာသီမှာ ပင်နယ်တီရှစ်ကြိမ်ထိ ပေးခဲ့ရတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ အဓိက ကစားသမားတွေအပါအဝင် ကစားသမားခုနစ်ယောက်ထိ ဒဏ်ရာရနေတာကလဲ သူတို့အသင်းအတွက် ထိုးနှက်ချက်ဖြစ်နေပါတယ်။ ဒါကြောင့် အခုပွဲစဉ်ဟာ အိမ်ကွင်းတိုက်စစ်ပိုင်းထက်မြက်နေတဲ့ ဝုဖ်ဘတ်အသင်းရဲ့ဖိအားပေးမှုကို ခံစစ်ပိုင်းကျဆင်းနေတဲ့ ဘိုချမ်အသင်းပွဲချိန်ပြည့်ထိန်းချုပ်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အိမ်ကွင်းတိုက်စစ်ပိုင်း ထက်မြက်နေတဲ့ ဝုဖ်ဘတ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

**ဝုဖ်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | ၃ | - | ၂ | စတုဂတ် |
| အော့စ်ဘတ် | ၁ | - | ၁ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၂ | - | ၂ | ဂလာဘတ် |
| ဘရန်ရှဗစ် | ၁ | - | ၂ | ဝုဖ်ဘတ် |
| လေဗာကူဆင် | ၂ | - | ၂ | ဝုဖ်ဘတ် |

**ဘိုချမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၄ | - | ၀ | ဘိုချမ် |
| ဘိုချမ် | ၃ | - | ၀ | ဖရန့်ဖတ် |
| စတုဂတ် | ၄ | - | ၁ | ဘိုချမ် |
| အယ်ဗာဘက် | ၀ | - | ၁ | ဘိုချမ် |
| ဘိုချမ် | ၂ | - | ၁ | ယူနီယံဘာလင် |

## ဆီဗီလာအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဆီဗီလာနဲ့ ဗယ်လ်ကာနိုတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ နည်းပြ ဆမ်ပါအိုလီ တာဝန်ယူပြီးနောက်ပိုင်း ခြေစွမ်းပိုင်းတိုးတက်လာခဲ့တာကြောင့် ငါးပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်း ရှုံးနိမ့်ခဲ့တာကလဲ ခြေစွမ်းပိုင်းကောင်းမွန်တဲ့ ရီးရဲလ်မက်ဒရစ်အသင်းကို အဝေးကွင်းမှာ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ ရာသီအစမှာ ပုံစံကောင်းရဖို့ ရုန်းကန်ခဲ့ရတာကြောင့် အမှတ်ပေးပွဲ ၁၁ ပွဲအပြီးမှာ နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံးရလဒ်နဲ့ အဆင့်(၁၆) မှာ ရောက်ရှိနေပြီး တန်းဆင်းဇုန်က အသင်းနဲ့ ရမှတ်တစ်မှတ်ပဲကွာဟနေလို့ ဖိအားအောက်ကျရောက်နေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ကြားရက်မှာ ချန်ပီယံလိဂ်ပြိုင်ပွဲကြောင့် ဒဏ်ရာရ ပွဲပယ်တွေရှိနေပေမဲ့ ဒေါလ်ဘတ်၊ အစ္စကို၊ ဆက်ဆို၊ ရာဖာမီယာ၊ လာမီလာ၊ ဂျာနူဇက်၊ ရာကီတစ်၊ ဖာနန်ဒို၊ နာဗက်၊ တဲလ် လက်စ်တို့လို ခြေစွမ်းပြကစားသမားတွေကို ပိုင်ဆိုင်ထားတာကြောင့် စိုးရိမ်စရာမရှိပါဘူး။

ဗယ်လ်ကာနိုအသင်းဟာ လာလီဂါ ၁၁ ပွဲအပြီးမှာ လေးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးရလဒ်ကြောင့် ရမှတ် ၁၅ မှတ်နဲ့ အဆင့် (၁၀) ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အနိုင်ရခဲ့တာကတော့ အိမ်ကွင်းမှာ အယ်ချီနဲ့ ကာဒီဇက်တို့ကို ဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ကျန်အသင်းတွေကိုတော့ နိုင်ပွဲမရခဲ့ပါဘူး။ သူတို့အသင်းဟာ အခုရာသီ အဝေးကွင်းခြောက်ပွဲအပြီးမှာ တစ်ပွဲပဲ အနိုင်ရထားပြီး နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ရရှိခဲ့တာဖြစ်ပါတယ်။သူတို့အသင်းနည်းပြကတော့ အဝေးကွင်းပွဲစဉ်တွေမှာ ၄-၂-၃-၁ ကစားကွက်နဲ့ ခံစစ်အသားပေးကစားနေပေမဲ့ တောင်ပံခံစစ်ကစားသမားတွေဟာ တိုက်စစ်အလွန်အကျွံလိုက်ပါနေတာကြောင့် မြန်နှုန်းမြင့်ကစားသမားတွေနဲ့တွေ့ရင် ပေးဂိုးတွေ အလွယ်တကူခွင့်ပြုခဲ့ရတာကို တွေ့ရမှာပါ။ သူတို့နှစ်သင်းသမိုင်းတစ်လျှောက် ၁၄ ကြိမ်မှာလဲ ဆီဗီလာက တစ်ပွဲပဲရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ ဒ့ါပြင် နည်းပြနှစ်ယောက်ရဲ့ နည်းစနစ်ပိုင်းနဲ့ အတွေ့အကြုံပိုင်းမှာလဲ ဆီဗီလာအသင်းက အသာရနေတာကြောင့် မဖြစ်မနေနိုင်ပွဲရယူမဲ့ ဆီဗီလာအသင်းကိုပဲရွေးချယ်ရမှာပါ။

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | ၁ | - | ၁ | ဆီဗီလာ |
| မာယော့ကာ | ၀ | - | ၁ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၁ | ဗလင်စီယာ |
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၁ | ဆီဗီလာ |
| ဆီဗီလာ | ၃ | - | ၀ | ကိုပင်ဟေဂင် |

**ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗယ်လ်ကာနို | ၂ | - | ၁ | အယ်ချီ |
| အယ်မာရီယာ | ၃ | - | ၁ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၀ | - | ၀ | ဂီတာဖေး |
| အေတီကို | ၁ | - | ၂ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၅ | - | ၁ | ကာဒီဇက် |

# အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်ထိ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇၀၉ သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းတန်ချိန် ၁၄၈၀ တင်သွင်းဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် အောက်တိုဘာ ၂၇**

ယခုနှစ် အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်ထိ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇၀၉ သန်းကျော်တန်ဖိုးရှိ ဆေးဝါးပစ္စည်းတန်ချိန် ၁၄၈၀ တင်သွင်းဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

အဆိုပါ ဆေးဝါးပစ္စည်းများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇၀၆ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းတန်ချိန် ၉၈၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၀၃ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းတန်ချိန် ၅၀၀ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇၀၉ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းတန်ချိန် ၁၄၈၀ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ တင်သွင်းခဲ့သည့်ဆေးဝါးပစ္စည်းများကို တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဆလိုဗက်ကီးယားနိုင်ငံ၊ စပိန်နိုင်ငံတို့မှ တင်သွင်းခဲ့ခြင်းဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်သွင်းခဲ့သည့် ဆေးဝါးပစ္စည်းများကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းများမှ ဆေးဝါးပစ္စည်းများ တင်သွင်းရာတွင် တရုတ်နိုင်ငံမှ ဆေးဝါးပစ္စည်းတန်ချိန် ၅၀၀၊ အိန္ဒိယနိုင်ငံမှ ဆေးဝါးပစ္စည်းတန်ချိန် ၂၅၀၊ ပါကစ္စတန်နိုင်ငံမှ ဆေးဝါးပစ္စည်းတန်ချိန် ၅၀၊ အင်ဒိုနီးရှားနိုင်ငံမှ ဆေးဝါးပစ္စည်းတန်ချိန် ၅၀၊ တောင်ကိုရီးယားနိုင်ငံမှ ဆေးဝါးပစ္စည်းတန်ချိန် ၃၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆေးဝါးပစ္စည်းတန်ချိန် ၂၀၊ ဂျာမနီနိုင်ငံမှဆေးဝါးပစ္စည်းတန်ချိန် ၂၀၊ စင်ကာပူနိုင်ငံမှ ဆေးဝါးပစ္စည်းတန်ချိန် ၂၀၊ ဆလိုဗက်ကီးယားနိုင်ငံမှ ဆေးဝါးပစ္စည်းတန်ချိန် ၂၀၊ စပိန်နိုင်ငံမှ ဆေးဝါးပစ္စည်းတန်ချိန် ၂၀ စုစုပေါင်း ဆေးဝါးပစ္စည်းတန်ချိန် ၉၈၀ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်သွင်းရာတွင်လည်း တရုတ်နိုင်ငံမှ ဆေးဝါးပစ္စည်းတန်ချိန် ၄၀၀ နှင့် ထိုင်းနိုင်ငံမှ ဆေးဝါးပစ္စည်းတန်ချိန် ၁၀၀ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SKL

# မြောက်ဦးမြို့နယ် မောင်ရှိကန်ကျေးရွာ၌ ရေနုတ်မြောင်းတူးဖော်မှု ကွင်းဆင်းစစ်ဆေး

**မြောက်ဦး အောက်တိုဘာ ၂၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For work (CFW)စီမံကိန်းဖြင့် မောင်ရှိကန်ကျေးရွာ၌ ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်၊ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှ၊ မောင်ရှိကန်ကျေးရွာမှ Cash For work (CFW) စီမံကိန်းကော်မတီဝင်များနှင့်အတူ မောင်ရှိကန်ကျေးရွာ၌ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြောက်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်ရှိကန်ကျေးရွာ၌ Cash For work (CFW) စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် အရှည်ပေ ၁၅၀၀၀၊ အကျယ် နှစ်ပေ၊ အမြင့် တစ်ပေ ခြောက်လက်မရှိ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာများပံ့ပိုးကာ အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၆ ရက်ထိ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြောက်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က ပြောပြ၍ သိရသည်။

**ကိုသန်း**












**စားသောက်ဆိုင်ဝန်ထမ်းအလိုရှိသည်**

(၁) စိတ်တာ (ကျား/မ)
(၂) ပန်းကန်ဆေး (မ)
(၃) မီးဖိုချောင်အကူ (ကျား)

အမှတ်စဉ်အားလုံးအတွက် နယ်မှလူများ ဦးစားပေးပြီး နေ/စားအငြိမ်း စီစဉ်ပေးသည်။ ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

စုံစမ်းရန် - လမ်း ၃၀ နှင့် ၆၄ လမ်းထောင့်
- Han River Restaurant
- 09-777961955



**ပျောက်ဆုံးကြောင်း**

ငါးသိုင်းချောင်းမြို့နေ အောင်သုရ ဖြိုး (ဘ) ဦးခင်မောင်ရင် (၁၄/ငသခ (နိုင်)၀၃၀၀၅၅)၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၇၉၆၀၁၇၃၉



**ပျောက်ဆုံးကြောင်း**

မြောင်းမြမြို့နေ နှင်းအိဖြူ (ဘ) ဦးရွှေရိုး (၁၄/မမန(နိုင်)၂၇၃၂၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၅၇၆၄၈၈



**ပျောက်ဆုံးကြောင်း**

မိတ္ထီလာမြို့နေ ဦးကျော်စိုးလင်း (ဘ) ဦးညို (၉/မထလ(နိုင်)၁၇၀၀၃၁) ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၈၈၈၁၀၂၉


**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

“အဂတိပယ်ခွာ ပြည်သာယာ”
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသိဒ္ဓိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ အခြေခံဟာ "လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ" ပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲကမှတစ်ဆင့် ရရှိလာတဲ့ရလဒ်တွေအရ လွှတ်တော်အသီးသီးနဲ့ အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းတည်ဆောက်ပြီး နိုင်ငံတော်ယန္တရားကို လည်ပတ်ကြရပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေ၊ ဒေသတွေနဲ့ နိုင်ငံအနှံ့လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုတဲ့သူတွေ ဝင်ရောက်အရွေးချယ်ခံနိုင်ဖို့နဲ့ နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ လိုအပ်ကြောင်းတင်ပြလိုပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဇူလိုင် ၃၁ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂)တွင် ပြောကြားချက်များမှ ကောက်နုတ်ချက်)**

၃၁-၇-၂၀၂၂

# မွေးရာပါ နှလုံးရောဂါဝေဒနာရှင်ကလေးလူနာ ၁၃ ဦးကို ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(ရန်ကုန်)တွင် အောင်မြင်စွာကုသမှုဆောင်ရွက်ပေးခဲ့



**နေပြည်တော် အောက်တိုဘာ ၂၇**

ကျန်းမာရေးဝန်ကြီးဌာန ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(ရန်ကုန်) နှလုံးကုသဆောင်တွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ **Children Hospital(1)**မှ ကလေးနှလုံးအထူးကုဆရာဝန် **Dr. Do Nguyen Tin** သည် ပါမောက္ခဒေါက်တာခင်မောင်ဦး၊ ပါမောက္ခ (ကလေးနှလုံး) ဦးဆောင်သော ကလေးနှလုံးရောဂါအထူးကုဆရာဝန်များနှင့်အတူ ပူးပေါင်း၍ မွေးရာပါ နှလုံးရောဂါကလေးလူနာများကို ခွဲစိတ်ရန်မလိုဘဲ နှလုံးပိုက်သွင်းစမ်းသပ်ကုသစက် **(Cardiac Catheterization Laboratory)**ကို အသုံးပြု၍ ဘောလုံးဖြင့်ချဲ့ကာ ကုသခြင်း၊ အဆို့ဖြင့်ပိတ်၍ ကုသခြင်းများ ပြုလုပ်ခဲ့ရာ မွေးရာပါနှလုံးရောဂါရှင် ကလေးလူနာစုစုပေါင်း ၁၃ ဦးကို စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်အတွင်း အောင်မြင်စွာ ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကလေးနှလုံးရောဂါ ကုသခြင်းများကို ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(ရန်ကုန်)တွင် နှလုံးဆေးကုသဆောင်မှ ကလေးနှလုံးအထူးကု ဆရာဝန်များကိုယ်တိုင်လုပ်ဆောင်၍လည်းကောင်း၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ-၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း ၁၄-၉-၂၀၂၂ ရက်မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏အပိုဒ်(၁) (င)နှင့် (၂) (ဃ)တွင် အောက်ဖော်ပြပါအတိုင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁) (င)

နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်ထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများကို ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ဃ) ပုံစံ၆၆/၆ (အထစ)

တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစထပ်မံပြုလုပ်ထားရှိခြင်း)၊၁-၁၁-၂၀၂၂ ရက်အထိ ပုံစံ၆၆/၆ (အထစ) အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ၆၆/၆ (အထစ)ကိုသာအတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များကို ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ **e-ID Biographic Registration Software** နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ □**

**KNU/KNLA တပ်မဟာ(၆) လက်အောက်ခံတပ်ရင်းများ၊ KKO (ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်၊ လူနေအိမ် နှစ်လုံး၊ ဘာသာရေးအဆောက်အအုံတစ်ခုတို့ ထိခိုက်ပျက်စီးခဲ့ပြီး အပြစ်မဲ့ဒေသခံ ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် ပြည်သူနှစ်ဦး သေဆုံး၊ သုံးဦး ထိခိုက်ဒဏ်ရာရရှိ**

စာမျက်နှာ - ၂၂

